တက္ကသိုလ်

# သိဟအောင်

## စိကျောစိလှုလင်

ထိ ဖို့ ။ ဏ် ကျ န် ။ ရှု လ န့် ကျ

ဒုတိယပိုင်း
အတွင်းသိမ်းပိုင်း



တက္ကသိုလ်

# သီဟအောင်

# ဝိရောစိလုလင်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

## ပျောက်ဆုံးခြင်း

ရာသီဥတုသည် အပြောင်းအလဲ မြန်ဆန်လှသည်။

နေလုံးကြီးသည် ရုတ်တရက် ပျောက်ကွယ်သွားပြီး တိမ်တိုက်တိမ်လိပ်များသည် ကောင်းကင်တစ်ခွင်လုံး ထူထပ်ပိန်းပိတ်အောင် လွှမ်းမိုးလာလေတော့သည်။

လေများကလည်း တဟူးဟူး တိုက်ခတ်လာလေတော့သည်။

ဟုန်စွက်သည် ကောင်းကင်ပေါ်သို့ မော့ကြည့်ပြီး မျက်မှောင်ကြုတ်သွားလေသည်။

"ဒုက္ခပါပဲ၊ မိုးရွာတော့မယ်၊ မိုးခိုဖို့နေရာ ရှာဦးမှပဲ"

သူတို့နှစ်ယောက်သည် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်ကြရင်း မိုးခိုစရာနေရာ ရှာကြသည်။

မကြာမီ ဘုံကျောင်းပျက်တစ်ခုအား တွေ့မြင်ရလေသည်။

ဟုန်စွက်က ဝမ်းသာသွားသည်။

"ဟိုမှာ ဘုံကျောင်းပျက်တစ်ခု ရှိတယ်၊ အဲသည်မှာ သွားပြီး မိုးခိုရအောင်"

ဝူမီးကျွေ့က ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ယောက်သည် ဘုံကျောင်းပျက် ရှိရာသို့ ပြေးလွှား သွားကြလေတော့သည်။

ဘုံကျောင်း အနီးသို့ ရောက်လာကြသည်။

ထိုအခါ...

မိုးသီးမိုးပေါက်များ စတင်ကြွေကျလာလေတော့သည်။

* * *

မိုးသည် ရပ်တန့်ခြင်း မရှိသည့်အပြင် ပို၍ပို၍ သည်းသည်း မဲမဲ ရွာချလျက် ရှိသည်။

ဝူမီးကျွေ့နှင့် ဟုန်စွက်တို့သည် ဘုံကျောင်းပျက်တဲ၌ မိုးခို နေကြသည်။

နှစ်ယောက်စလုံး မိုးအမြန် တိတ်စေချင်လှသည်။

သို့မှသာ ခရီးဆက်နိုင်ကြမည် မဟုတ်လား။

သို့သော်...

မိုးကား ရွာမစဲ တသဲသဲ ရှိနေသည်။



ညနေပိုင်း မှောင်ရိပ်ပျိုးလာသည်အထိ မိုးက ရွာ၍ ကောင်း နေတုန်းပင်။

ဟုန်စွက်နှင့် ဝူမီးကျွေ့တို့ စိတ်ပျက်လက်ပျက် ဖြစ်သွားကြ သည်။

ဘယ်လိုမှ ခရီးဆက်၍ မရနိုင်တော့ပေ။

ဟုန်စွက်က သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး...

"မိုးကတော့ ရပ်မှာမဟုတ်ဘူး၊ သည်မှာပဲ တစ်ညအိပ် ရလိမ့်မယ် ထင်တယ်"

ဝူမီးကျွေ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ မိုးကလဲ ချုပ်လာပြီ၊ သည်မှာ တစ်ည တော့ အိပ်ရမှာပဲ"

ဟုန်စွက်သည် ဘုံကျောင်းပျက်တစ်ခုလုံးကို တစ်ချက်ဝေ့ ကြည့်လိုက်သည်။

"အင်း သည်နေရာကို ကြည့်ရတာ အေးအေးချမ်းချမ်း ရှိ မယ့်ပုံပဲ"

"သတိဆိုတာ ပိုတယ်မရှိပါဘူး၊ ကျွန်မတို့ တစ်ယောက် တစ်လှည့်စီအိပ်ရင် ကောင်းမယ်ထင်တယ်"

ဝူမီးကျွေ့ အကြံပြုလိုက်သည်။

"ကောင်းပါတယ်လေ၊ အိပ်တဲ့လူလဲ စိတ်ချလက်ချ အိပ်ရ တာပေါ့"

ဝူမီးကျွေ့က ပြုံးလိုက်သည်။

"ဒါဖြင့် အစ်မပဲ အရင်အိပ်ပါ၊ ကျွန်မစောင့်နေပါ့မယ်"

ဟုန်စွက်က...

"ညီမ မအိပ်ချင်သေးဘူးလား"

ဟု လှမ်းမေးလိုက်သည်။

ဝူမီးကျွေ့က ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့၊ ကျွန်မ ညဦးပိုင်း ခပ်စောစော အိပ်လေ့အိပ်ထ မရှိဘူး"

ဟုန်စွက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ဒါဖြင့် မမ အရင်အိပ်လိုက်မယ်"

သူတို့သည် သစ်ကိုင်းခြောက်များကို စုပြီး မီးမွှေးလိုက်လေသည်။

ဟုန်စွက်သည် မီးပုံအနီးတွင် လှဲကျင်းသန့်ရှင်းလိုက်ပြီး အိပ်ချလိုက်လေသည်။

သူမသည် ခရီးပန်းလာသဖြင့် အပျင်းတစ်ချက် ဆန့်လိုက်ပြီး အိပ်လိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားလေသည်။

ဝူမီးကျွေ့မှာမူ ဓားကို ကိုင်လျက် မီးပုံနံဘေး၌ စောင့်ကြပ်၍ နေလေသည်။

* * *



တဖြောက်ဖြောက် ရွာသွန်းကျဆင်းနေသော မိုးသံများ တိတ်ဆိတ်သွားသည်။

ပုရစ်အော်သံများ တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်။

တစ်ခါတစ်ရံ မိုးခြိမ်းသံများလည်း ကြားရသည်။

ပျင်းရိငြီးငွေ့စရာ ကောင်းလှသည်။

ထိုင်၍ စောင့်နေသော ဝူမီးကျွေ့လည်း အိပ်ငိုက်လာသည်။

ထိုစဉ်မှာပင် ဘုံကျောင်းအပြင်ဘက်မှ ခြေသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ဝူမီးကျွေ့က ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်လေသည်။

လူရိပ်တစ်ရိပ် လှစ်ခနဲ ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်သည်။

ဝူမီးကျွေ့သည် ထိုင်ရာမှ ရုတ်ချည်းထကာ ဓားဆွဲလျက် လူရိပ်ရှိရာသို့ ပြေးလိုက်သွားတော့သည်။

ဘုံကျောင်းအပြင်ဘက်သို့ ရောက်လာသောအခါ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

မျက်နှာဖုံးပေါ် ဖောက်ထားသော မျက်လုံးနှစ်ခုတွင် စူးရှသော မျက်လုံးအစုံက မိမိအား စိုက်ကြည့်နေသည်ကို တွေ့မြင်ရလေသည်။

"ရှင် ဘယ်သူလဲ"

ဝူမီးကျွေ့က လေသံခပ်မာမာဖြင့် လှမ်းမေးလိုက်သည်။

အနက်ရောင်ဝတ်စုံနှင့်လူသည် ဘာမှပြန်မပြောဘဲ သူမအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

သူမက ဓားဖြင့် ခံပေးလိုက်သည်။

"ခြွမ်း"

ဓားချင်း ယှဉ်လိုက်သည်နှင့် ထိုသူ၏သိုင်းပညာမှာ မိမိထက် များစွာသာလွန်နေသည်ကို ဂူမီးကျွေ့ ကောင်းစွာနားလည်လိုက်လေသည်။

သူမသည် အံကို တင်းကင်းကြိတ်လိုက်ပြီး တိုက်ခိုက်လိုက်သည်။

သို့သော်...

ပညာချင်း မယှဉ်သာအောင် ကွာခြားနေသဖြင့် မျက်နှာဖုံးနှင့်လူသည် သူမ၏သွေးကြောကို ပိတ်ပြီး ခေါ်ဆောင်သွားလေတော့သည်။

* * *



## ပျောက်ဆုံးခြင်း

နံနက်မိုးစင်စင်လင်းမှပင် ဟုန်ရွက် အိပ်ရာမှ နိုးလာလေသည်။

သူမသည် ခရီးပန်းလာသဖြင့် အိပ်မောကျသွားရာ တစ်ရေးမှုမနိုးတော့ဘဲ မိုးလင်းသည်အထိ အိပ်ပျော်သွားခြင်း ဖြစ် သည်။

အိပ်ရာမှ နိုးလာသောအခါ ဂူမီးကျွေ့အား မတွေ့ရသဖြင့် အံ့ဩသွား၏။

သူမသည် ဘုံကျောင်း အနီးတစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်သည်။

နှုတ်မှလည်း တကြော်ကြော် အော်ခေါ်လေ၏။

"ဂူမီးကျွေ့...ဂူမီးကျွေ့"

မည်မျှပင် အော်ခေါ်စေကာမူ ဂူမီးကျွေ့ထံမှ တုံ့ပြန်သောအသံကို မကြားရချေ။

ထို့အတူ...

ငှမ်းကျွေ့၏အရိပ်အရောင်မျှကိုလည်း ရှာဖွေမတွေ့ရပေ။

ဟုန်ရွက်အဖို့ အမျိုးမျိုး တွေးတောစဉ်းစားစရာ ဖြစ်လာရတော့သည်။

ငှမ်းကျွေ့သည် မိမိနှင့်အတူတကွ မသွားလို၍ တစ်ယောက်တည်း တိတ်တဆိတ် ထွက်ခွာသွားခြင်းပေလော။

သို့တည်းမဟုတ် ရန်သူနှင့် ရင်ဆိုင်တွေ့ပြီး ရန်သူ၏ဖမ်းဆီးခြင်းကို ခံခဲ့ရသည်လော။

အမှန်တော့ ရန်သူနှင့်တွေ့ခြင်းမှာ မဖြစ်နိုင်ချေ။

ရန်သူ ရောက်ရှိလာလျှင် ငှမ်းကျွေ့တစ်ယောက်တည်းကိုသာ ရန်ရှာမည် မဟုတ်ချေ။

မိမိကိုပါ ရန်ရှာမည် မုချဖြစ်သည်။

ထို့ကြောင့်...

ငှမ်းကျွေ့သည် ရန်သူနှင့်တွေ့ခြင်း မဖြစ်နိုင်ချေ။

မိမိနှင့်အတူ ခရီးမဆက်လို၍ တမင် လမ်းခွဲထွက်သွားခြင်းသာ ဖြစ်မည်ဟု ဟုန်ရွက် ယူဆလိုက်လေသည်။

ထိုသို့ ယူဆမိသည်နှင့် ဟုန်ရွက်သည် ငှမ်းကျွေ့ကို ထပ်မံရှာဖွေခြင်း မပြုတော့ဘဲ ဘုံကျောင်းပျက်မှ ထွက်ခွာခဲ့လေသည်။

တစ်နေ့လုံး ခရီးဆက်လာခဲ့ရာ ညနေပိုင်း အချိန်သို့ ရောက်သည့်အခါ မြို့ကလေးတစ်မြို့သို့ ရောက်ရှိသွားသည်။

ထိုမြို့ကလေး၌ တစ်ညတာ အိပ်စက်ရလျှင် ကောင်းမည်လားဟု ဟုန်ရွက် စဉ်းစားမိသည်။



ထိုစဉ်...

ငြိမ်းချမ်းဂေဟာမှ ဂေဟာထိန်းကျားလောက်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလေသည်။

ဟုန်ရွက်သည် လွန်စွာ အံ့ဩဝမ်းသာသွားပြီး ဂေဟာထိန်းကျားလောက်အား နှုတ်ဆက်ရန် ရှေ့သို့ လှမ်းလိုက်၏။

သို့သော်...

ခြေတစ်လှမ်းမျှသာ လှမ်းပြီးနောက် ဟုန်ရွက်၏ခြေလှမ်းသည် အလိုအလျောက် ရပ်တန့်သွား၏။

အကြောင်းမှာ ဂေဟာထိန်းကျားလောက်သည် မိမိတို့ငြိမ်းချမ်းဂေဟာ၏ မဟာရန်သူ ဖြစ်သူ ရေမြေ့ရှင်ဂိုဏ်းသားများနှင့် ရင်းရင်းနှီးနှီး ဆက်ဆံလျက် ရှိသည်ကို မြင်တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"ဟင် သူက ရေမြေ့ရှင်ဂိုဏ်းသားတွေနဲ့ တရင်းတနှီး ရှိနေပါလား"

ဟုန်ရွက်၏စိတ်ထဲ၌ ဂေဟာထိန်းကျားလောက်၏ အပြုအမူကို သံသယဝင်လာသည်။

ထို့ကြောင့်...

အကျိုးအကြောင်း အသေအချာ သိအောင် ခြေရာခံ စုံစမ်းမည်ဟု ဟုန်ရွက် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် ဟုန်ရွက်သည် ဂေဟာထိန်းကျားလောက်၏နောက်သို့ ခြေရာခံလိုက်သွားတော့၏။

သို့သော်...

တာရှည် ခြေရာခံနိုင်ခြင်း မရှိခဲ့ပေ။

ဂေဟာထိန်းကျားလောက်သည် သူ၏နောက်မှ ဟုန်စွက် ခြေရာခံ လိုက်လာသည်ကို သိရှိသည့်အလား ကျွမ်းကျင်စွာ ခြေရာ ဖျောက်သွားရာ ဟုန်စွက်မှာ ယောင်ချာချာ ဖြစ်ကျန်ရစ်ကာ သက် ပြင်းရှည်ကြီးချလိုက်မိလေသည်။

* * *

ကဝေမယ်သည် လေလွင့်ဂိုဏ်း၏ ဌာနချုပ်သို့ ရောက်ရှိ လာလေသည်။

"သည်မှာ ရှင်တို့ ဂိုဏ်းချုပ် ရှိသလား"

ကဝေမယ်သည် ဌာနချုပ်ရှေ့တွင် ထိုင်နေသော ဂိုဏ်း သားတစ်ယောက်ကို လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

ထိုဂိုဏ်းသားသည် ကဝေမယ်အား မှတ်မိသွားပုံ ရလေ၏။

မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားကာ...

"ဟာ ရန်သူ လာနေပြီ"

ထိုဂိုဏ်းသားက ထိတ်လန့်တကြားဖြင့် ထအော်လိုက်ရာ ကျန်ဂိုဏ်းသားများသည် လက်နက်ကိုယ်စီဖြင့် ကဝေမယ်အား တိုက် ခိုက်ရန် ပြေးထွက်လာကြလေတော့သည်။

ကဝေမယ် စိတ်ရှုပ်သွားသည်။



ပြေးလာသော ဂိုဏ်းသားများကို လ်ကာပြလိုက်ပြီး...

"ကျွန်မ အခုလာတာ ရန်မူဖို့ လာတာ မဟုတ်ဘူး၊ ရှင်တို့ ဂိုဏ်းချုပ်နဲ့ တွေ့ချင်လို့ပါ"

ထိုစဉ်...

ရီချွန်း ပြေးထွက်လာသည်။

"ဘာကိစ္စ ရှိလို့လဲ ပြောပါ"

ကဝေမယ် ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်မေရှောင်ထင်းနဲ့ တွေ့မှ ပြောရမယ့် စကား ရှိလို့ ပါ"

ရီချွန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ဂိုဏ်းချုပ်က ရေမြေ့ရှင်ဂိုဏ်းက လူတွေနဲ့ စကား ပြောစရာ မရှိဘူး"

ထိုသို့ ပြောပြီး ရီချွန်းသည် အဖွဲ့သားများ လက်တစ်ချက် ဝှေ့ယမ်းပြလိုက်ပြီး...

"သုတ်သင်ပစ်"

ဂိုဏ်းသား ဆယ့်လေးငါးယောက်ခန့်တို့သည် ကဝေမယ် အား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ကဝေမယ်က မဲ့ပြုံးပြုံးလိုက်ပြီး...

"မင်းတို့ကို ကြောက်နေမယ်များ မှတ်သလား"

ကဝေမယ်သည် ရန်ပြုလာခြင်း မဟုတ်သော်လည်း ရန်မူ ခံနေရပြီ ဖြစ်သဖြင့် မကတ်သာသည့်အဆုံး ပြန်လည်ခုခံတိုက်ခိုက်

လိုက်လေတော့၏။

"ခြွမ်း…ခြွမ်း…ခြွမ်း"

ခေါးခေါးချင်း ထိတွေ့၍ ထွက်ပေါ်လာသော အသံများ ကြားလိုက်ရသည်။

"ယား"

ဂိုဏ်းသားများက ငြာသံပေးသော အသံများ စသည်တို့သည် ဝန်းကျင်တစ်ခုလုံးသို့ လွှင့်ပျံသွားလေသည်။

"ဝုန်း"

ဂိုဏ်းသားအချို့ မြေပေါ်သို့ လဲကျသွားသော အသံများ ကြားလိုက်ရသည်။

"အား"

ဂိုဏ်းသားအချို့ ထိခိုက်မိ၍ အော်ဟစ်လိုက်သော အသံများ စသည်တို့သည် ဆူးရှဲစွာ ထွက်ပေါ်လာလေ၏။

ဂိုဏ်းသားများ ရှုံးနိမ့်သွားသဖြင့် ရှီချန်းနှင့် စီးဝူကျိုတို့ သည် မခံမရပ်နိုင်ဖြစ်ကာ ကဝေမယ်ကို ဝင်ရောက်တိုက်ခိုက်ကြသည်။

ထိုစဉ်မှာပင် ဟုန်ရွက် ရောက်ရှိလာ၏။

သူမသည် ကဝေမယ်နှင့် လေလွင့်ဂိုဏ်းသားများ တိုက်ခိုက်နေသည်ကို တွေ့မြင်ရသောအခါ ကမန်းကတန်း ဝင်ရောက်တားဆီးလိုက်လေသည်။

"အားလုံး အထင်လွဲကုန်ကြပြီ၊ ရပ်ကြပါရှင်"

ကဝေမယ်က စတင်ရပ်တန့်လိုက်၏။



လေလွင့်ဂိုဏ်းမှ အကြီးအကဲများ ဖြစ်ကြသော ရှီချန်းနှင့် စီးဝူကျိုတို့ကလည်း ရပ်တန့်လိုက်ကြလေသည်။

ဂိုဏ်းသားများသည် အလူးအလိမ့်ခံနေရရာမှ အကြီးအကဲများ ရပ်တန့်သွားကြသည်ကို တွေ့ရသောအခါ ကမန်းကတန်း ဝင်ရောက်ဖျန်ဖြေလိုက်သည်။

"အားလုံး အထင်လွဲကုန်ကြပြီ၊ ရပ်ကြပါရှင်"

သို့သော်…

သူတို့သည် ကဝေမယ်အား ဝိုင်းရံထားကြဆဲပင် ဖြစ်ပေသည်။

ဟုန်ရွက်က ကဝေမယ်အား ခေါင်းညိတ်၍ နှုတ်ဆက်ရင်း

"မမက ဘာဖြစ်လို့ သူတို့နဲ့ ရန်ဖြစ်ရတာလဲ"

ကဝေမယ်က နှုတ်ခမ်းစူလိုက်ပြီး…

"မမက သူတို့ဂိုဏ်းချုပ်နဲ့ တွေ့ချင်လို့လာတာ၊ သူတို့က ဂိုဏ်းချုပ်နဲ့ အတွေ့မခံဘဲ မမကိုတိုက်တယ်၊ သူတို့ကို မမက ကြောက်နေတယ် မှတ်လို့"

ဟုန်ရွက်က ရှီချန်းဘက် လှည့်၍ မေးလိုက်လေသည်။

"ဦးတို့က ဘာဖြစ်လို့ တိုက်ကြရတာလဲ"

ရှီချန်း မျက်နှာမဲ့ပြလိုက်သည်။

"သူတို့က ရေမြေ့ရှင်ဂိုဏ်းကလေ၊ ဒါကြောင့် သူ့ကို သုတ်သင်ရမှာပေါ့"

ဟုန်ရွက်က ပြုံးပြလိုက်သည်။

ထို့နောက်...

ဦးခေါင်းကို အသာခါယမ်း၍...

"ဒါဆို ဦးတို့ မှားသွားပါပြီရှင်"

ရီချွန်းက နှုတ်ခမ်းမဲ့လိုက်သည်။

"ကျုပ်တို့က မှားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"ပြောစမ်း၊ သူတို့ကို တိုက်ခိုက်တာ မှားသလား"

"အခု ကဝေမယ်ဟာ ရေမြေ့ရှင်ဂိုဏ်းက ထွက်လိုက်ပါပြီ၊ ဒါကို ဦးတို့ ဂိုဏ်းချုပ် သိထားပါတယ်၊ အခု သူလာတဲ့ ကိစ္စက ဦးတို့ ဂိုဏ်းချုပ်နဲ့ တွေ့ဖို့ မဟုတ်လား၊ အဲသည်တော့ ဦးတို့ဂိုဏ်းချုပ်နဲ့ တွေ့ခွင့်ပေးလိုက်ရင် အားလုံး ရှင်းသွားမှာပေါ့"

ရီချွန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ဂိုဏ်းကတော့ ရေမြေ့ရှင်ဂိုဏ်းကဆိုရင် အစိမ်းလိုက်ဝါးစားချင်နေတာ ဂိုဏ်းချုပ်နဲ့တွေ့ဖို့ မလိုဘူး"

ကဝေမယ် ဒေါသထွက်လာလေသည်။

ရီချွန်းအား ဒေါသတကြီး လှမ်းကြည့်ပြီး...

"ကျွန်မက ရှင်တို့ကို ကြောက်မယ်များ မှတ်နေသလား၊ ကျွန်မ အချိန်မရွေး စိန်ခေါ်တယ်ရှင့်"

ဟုန်ရွှက်မှာ တင်းမာသော အခြေအနေကို ကပျာကယာ ပင် ဝင်ရောက်ဖြန်ဖြေ ထိန်းသိမ်းရပြန်သည်။

"ကျွန်မ စကားကို နားထောင်ကြပါဦး၊ ဆက်ပြီး ရန်မဖြစ်



ကြပါနဲ့တော့၊ ဦးတို့ ဂိုဏ်းချုပ် ပြန်လာတဲ့အထိ စောင့်ကြပါအုံး"

စီးဝူကျိကု အနည်းငယ် စဉ်းစားလိုက်ပြီး...

"ဒါလဲ မဆိုးဘူး"

ထိုသို့ ပြောပြီးနောက် စီးဝူကျိက အဖွဲ့သားများဘက်သို့ လက်ဇော့ယမ်းပြလိုက်သည်။

"ကဲ အားလုံး ကိုယ့်နေရာကိုယ် ပြန်ကြပါ"

ဂိုဏ်းသားများ လူစုခွဲကာ ကိုယ့်နေရာကိုယ် ပြန်ကြသည်။

ဟုန်ရွှက်က ကဝေမယ်၏လက်ကို ဆွဲလိုက်ပြီး...

"ကဲ မမ တစ်ခုခု သွားစားရင်း ပြောစရာ ရှိတာကို ကျွန်မ ကို ပြောပြပါလား"

ကဝေမယ်က ခေါင်းညိတ်လိုက်လေသည်။

ထို့နောက်...

နှစ်ယောက်သား ထွက်ခွာသွားကြလေသည်။

* * *

စားသောက်ဆိုင်...။

အချိန်စောနေသေးသဖြင့် ဆိုင်ထဲ၌ လူရှင်းနေ၏။

ဟုန်စွက်သည် စားသောက်ဖွယ်ရာများကို ဆိုင်လုလင်အား မှာကြားပြီးနောက်...

"မမ ဘာပြောမလဲ ပြောပါ"

ကဝေမယ်က သက်ပြင်းချလိုက်သည်။

"မမက ဖုံးရွှင် ဘယ်မှာ ရှိသလဲဆိုတာ ဂိုဏ်းချုပ်မေရှောင် ထင်းဆီလာပြီး စုံစမ်းတာပါ၊ သူ့အဖွဲ့သားတွေက မမအပေါ် အထင်လွဲပြီး တိုက်ခိုက်ကြတာပါ"

ဟုန်စွက်က ပြုံးလိုက်သည်။

"ဖုံးရွှင်အကြောင်း သက်သက်ဆိုရင် ကျွန်မကို မေးပါ၊ သူ ဘယ်မှာ ရှိတယ်ဆိုတာ ကျွန်မလဲ သိပါတယ်"

ဟုန်စွက်၏စကားကို ကြားသည့်အခါ ကဝေမယ်၊ ဝမ်းသာသွားသည်။

အားတက်သရော ဖြစ်လာကာ...

"ဟုတ်လား၊ ဒါဖြင့် မမကို ပြောပြပါလား"

ဟုန်စွက်က ကဝေမယ်ကို အဓိပ္ပါယ်ရှိစွာဖြင့် စိုက်ကြည့်လိုက်သည်။

"အခုဆိုရင် ဆရာဖုံးရွှင်ဟာ သူတော်ကောင်းတောင်မှာ ရောက်နေပါတယ်"

"ဟင်"



ကဝေမယ် အံ့အားသင့်သွားသည်။

"သူ ဟိုမှာ ဘာသွားလုပ်နေတာလဲ"

ဟုန်စွက်က ပြုံးပြလိုက်ပြီး...

"သူက သူတော်ကောင်း ဂိုဏ်းချုပ် ဖြစ်နေတယ်လို့ ကျွန်မ ကြားမိတယ်"

ကဝေမယ်၏မျက်နှာပေါ်တွင် ကျေနပ်သဘောကျသွားသည့် အရိပ်အရောင်များ ယှက်သမ်းပေါ်လွင်လာသည်။

"အခုလို ပြောပြတာ ညီမကို သိပ်ပြီး ကျေးဇူးတင်ပါတယ်"

ဟုန်စွက်က ခေါင်းခါယမ်းလိုက်သည်။

"မလိုပါဘူးရှင်"

ထိုစဉ်...

ဆိုင်လုလင်က မှာထားသည့် စားသောက်ဖွယ်ရာများ လာရောက်ချပေးသည်။

ဟုန်စွက်က ဟင်းလျာများကို ညွှန်ပြပြီး...

"ကဲ မမ စားလိုက်ဦးလေ"

ကဝေမယ်က ကျေးဇူးတင်သော အကြည့်ဖြင့် ဟုန်စွက်ကို လှမ်းကြည့်ပြီးနောက် စားသောက်ဖွယ်ရာများကို စားသောက်လေတော့သည်။

* * *

သူတော်ကောင်းတောင်...။

လင်းကြိုင်သည် လေလွင့်ဂိုဏ်းချုပ် မေရှောင်ထင်း နောက်သို့ လိုက်သွားသဖြင့် ဖုံးရှင်က လင်းကြိုင်ကိုယ်စား ဂိုဏ်းချုပ်အဖြစ် ခေတ္တဆောင်ရွက်လျက် ရှိသည်။

ဖုံးရှင်သည် အစားအသောက် အလွန်ခုံမင်သဖြင့် အဖွဲ့သားများက မကျေမနပ် ဖြစ်ကုန်ကြလေသည်။

မကျေနပ်သူများတွင် ပင်းကျက်လည်း အပါအဝင် ဖြစ်သည်။

ထို့ကြောင့်...

ဖုံးရှင်က သားငါးဟင်းချက်ရန် ညွှန်ကြားသည့်အခါ ပင်းကျက်က ခံပြင်းစွာဖြင့် ပြန်ပြောလေတော့သည်။

"ကျုပ်တို့ သူတော်ကောင်းဂိုဏ်းမှာ အားလုံးက ညီတူညီမျှ ဟင်းရွက်ပဲ စားသောက်ကြရပါတယ်၊ သားငါးဟင်းရယ်လို့ ဘယ်သူ့ကိုမှ ချက်မကျွေးပါဘူး"

ဖုံးရှင် မကျေမနပ် ဖြစ်သွားသည်။

"ကျုပ်က ဂိုဏ်းချုပ်ဗျ၊ အဖွဲ့သားတွေနဲ့ တစ်ညီတည်း ကျွေးလို့ ဘယ်ရမလဲ"

"ဒါတော့ ဘယ်တရားမလဲ"

"ဂိုဏ်းချုပ်ဆိုတာ အားလုံးထက် တာဝန်ပိုကြီးတယ်၊ ဒါကြောင့် ကောင်းကောင်းကို ကျွေးရမယ်"

ဖုံးရှင်က မရမက တောင်းဆိုသည်။



ပင်းကျက်ကလည်း အကြောက်အကန်ပင် ငြင်းဆန်လိုက်လေသည်။

"ဂိုဏ်းချုပ်အနေနဲ့ တာဝန်ကြီးတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ဟာ တခြားလူတွေလို အလုပ်သိပ်မလုပ်ရပါဘူး။ ဒါကြောင့် အခွင့်ထူးခံခွင့် မရှိပါဘူး"

ဖုံးရှင်မှာ ပို၍ ဒေါသထွက်လာလေသည်။

ပင်းကျက်ကို မကျေမနပ်ဖြင့် စိုက်ကြည့်ပြီး...

"သည်လိုဆိုရင် မင်းတို့ ဂိုဏ်းချုပ်နေရာကို ငါ မလိုချင်ဘူး"

"ဂိုဏ်းချုပ်နေရာ မလိုချင်လဲ ရပါတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ပြန်လာမှ ခင်ဗျား မလုပ်ချင် မလုပ်နဲ့ပေါ့"

ယင်းသို့ ဖုံးရှင်နှင့် ပင်းကျက်တို့နှစ်ယောက် အငြင်းအခုန် ပြောဆိုနေစဉ်မှာပင် ဂိုဏ်းသားတစ်ယောက် ပြေးဝင်လာလေသည်။

ပင်းကျက် မျက်မှောင်ကြုတ်သွားသည်။

"ဟေ့ ဘာဖြစ်လာတာလဲ ပျာပျာသလဲနဲ့"

ဂိုဏ်းသားက ဦးညွတ်လိုက်သည်။

"အပြင်ဘက်မှာ အမျိုးသမီးတစ်ယောက် ဆရာဖုံးရှင်နဲ့ တွေ့ချင်တယ်လို့ ပြောနေပါတယ်"

ပင်းကျက်သည် ဖုံးရှင်ဘက်သို့ လှည့်ကြည့်လိုက်၏။

"ခင်ဗျားရဲ့ မိတ်ဆွေလား"

ဖုံးရှင် တွေဝေသွားလေသည်။

မေးစေ့ကို လက်နှင့်ပွတ်ရင်း အနည်းငယ် စဉ်းစားလိုက်

သည်။ ထို့နောက် အသာအယာ ခေါင်းခါရင်း...

"ကျုပ် မရှိဘူးလို့ သွားပြောလိုက်ပါ"

သူ၏စကား မဆုံးမီမှာပင် အလွန်ကြည်လင်သော အသံတစ်သံသည် သူတို့ထံသို့ တိုးဝင်လာလေသည်။

"သည်မှာ ဖုံးရွှင်၊ ရှင် အထဲမှာရှိတယ်ဆိုတာ ကျွန်မသိတယ်"

ဖုံးရွှင်သည် ထိုအသံကို ကြားရသောအခါ မျက်နှာကွက်ခနဲ ပျက်သွားသည်။

ထိုအသံကို သူက ကောင်းစွာ မှတ်မိလိုက်သောကြောင့် ဖြစ်သည်။

အသံရှင်ကား ကဝေမယ်ပင် ဖြစ်ပေသည်။

ပင်းကျက်အား ကမန်းကတန်း လက်ကာပြလိုက်ပြီး...

"ကျုပ် မရှိဘူးလို့ သွားပြောစမ်းပါ"

ဟု ပြောလိုက်သည်။

သို့သော်...

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ကဝေမယ်၏အသံ ထပ်မံထွက်ပေါ်လာလေသည်။

"သည်မှာ ဖုံးရွှင်၊ ကျွန်မကို လိမ်ဖို့ စိတ်မကူးပါနဲ့၊ ရှင်ထွက်လာမလား ကျွန်မ ဝင်ခဲ့ရမလား"

ဖုံးရွှင်၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။



ထိုစဉ်မှာပင် ကဝေမယ်သည် အဖွဲ့သားများ ဟန့်တားနေသည့်ကြားမှ ဝင်ရောက်လာလေတော့သည်။

* * *

ကဝေမယ်သည် ဖုံးရွှင်အား ခါးထောက်၍ ကြည့်လိုက်၏။ ဖုံးရွှင်ကို မကျေမနပ် ဖြစ်နေကြောင်း သိသာထင်ရှားသည်။

"ရှင် ကျွန်မကို အတွေ့မခံတာ ဘာကြောင့်လဲ"

ဟု မေးလိုက်၏။

"ဟဲ..ဟဲ..ဟဲ"

ပြောစရာစကား ရှာမရသဖြင့် ဖုံးရွှင်သည် ရယ်ကျဲကျဲသာ လုပ်နေသည်။

အတန်ကြာမှ လေပြည်ထိုးသည့် အနေဖြင့်...

"မင်း ဖြစ်နေမှန်း မသိလို့ပါကွာ"

ပြောပြောဆိုဆို ဖုံးရွှင်က ထိုင်ရာမှထလိုက်၏။

"ဒါနဲ့ ခင်ဗျား ဘာကိစ္စနဲ့ လာတာလဲ၊ လင်းကြိုင်ကို တွေ့ချင်လို့လား"

ဟု မေးလိုက်သည်။

ကဝေမယ် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဘယ်သူ့ဆီ လာတယ်ဆိုတာ ရှင်သိပါတယ်"

ဟု ပြော၏။

ဖိုးရွှင် မျက်နှာရှုံ့မဲ့သွား၏။

"ဟဲ..ဟဲ၊ ဒါဖြင့် လာတဲ့ကိစ္စ ပြောပါ"

ကဝေမယ်က မဲ့ပြုံးပြုံးလိုက်ပြီး...

"ပြောစရာ စကားတွေ အများကြီး ရှိပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြီး မေးထားချင်ပါတယ်၊ ကျွန်မဟာ အဝေးကြီးက လာတာမို့ သည်မှာ တည်းခိုခွင့် မရဘူးလား"

ဖိုးရွှင် မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဟဲ..ဟဲ၊ ဒါတော့ ဝမ်းနည်းပါတယ်၊ သည်မှာ အမျိုးသမီး ဧည့်သည် လက်ခံလို့ မဖြစ်လို့ပါ"

ဟု ပြောလိုက်၏။

ဤတွင်...

ပင်းကျက်က ကြားဖြတ်လိုက်သည်။

"ဟာ ဂိုဏ်းချုပ်ကြီးကလဲ အားမနာပါနဲ့၊ အမျိုးသမီး ဖြစ်ပေမယ့် သိက္ခာမဲ့တယ်ဆိုရင်တော့ တည်းခိုနိုင်ပါတယ် ခင်ဗျာ"

ဖိုးရွှင်သည် မကျေနပ်စွာဖြင့် ပင်းကျက်ကို စိုက်ကြည့်လိုက်လေသည်။

ထို့နောက်...

ကဝေမယ်ကို ပြုံးပြလိုက်ပြီး...

"ဒါပေမယ့် သည်မှာ အမျိုးသမီးတစ်ယောက်မှ အဖော်မရှိတာမို့ ဖြစ်နိုင်မယ် မထင်ပါဘူး"

ကဝေမယ်က ပြုံးရင်း...



"ဖြစ်ပါတယ်၊ အဖော် မရှိပေမယ့် ကျွန်မနေတတ်ပါတယ်"

ဖိုးရွှင်သည် မတတ်နိုင်တော့ဘဲ ကဝေမယ်အား ဧည့်သည်အဖြစ် တည်းခိုရန် လက်ခံလိုက်ရလေတော့သည်။

* * *

ည...။

ဖိုးရွှင်သည် စောစောစီးစီး မိမိ အခန်းထဲသို့ ဝင်သွားသည်။

အမှန်တော့ ဖိုးရွှင်သည် စောစောစီးစီး အိပ်ရာဝင်လေ့ ရှိသူမဟုတ်ပါ။

သူသည် ကဝေမယ်နှင့် မတွေ့လိုသဖြင့် ယခုကဲ့သို့ စောစောအိပ်ရာဝင်ခြင်း ဖြစ်သည်။

အခန်းထဲ၌ တစ်ယောက်တည်း စိတ်အေးလက်အေးဖြင့် လဲလျောင်းအိပ်စက်ရသည်မှာ ဖိုးရွှင်အဖို့ စည်းစိမ်တစ်မျိုးပင် ဖြစ်နေပေသည်။

ထိုစဉ်မှာပင် တံခါးခေါက်သံ ကြားလိုက်ရလေသည်။

ဖိုးရွှင်သည် ဂိုဏ်းသားတစ်ယောက်ယောက်က လာရောက်ခြင်း ဖြစ်သည်ဟု ထင်မှတ်ကာ တံခါးဖွင့်ပေးလိုက်သည်။

တံခါးပွင့်သွားသောအခါ အခန်းဝ၌ ကဝေမယ်ကို တွေ့ရသည်။

ဖိုးရွှင်မှာ ဘာပြောရမှန်းမသိ ဖြစ်ကာ ပါးစပ်အဟောင်း

သား ဖြစ်သွား၏။

"ရှင် မအိပ်သေးဘူးလား"

ကဝေမယ်က ပြုံးစိစိဖြင့် လှမ်းမေးလိုက်လေသည်။

သည်တော့မှ ဖုံးရှင် သတိဝင်လာပြီး...

"ဟို အဲ အခုပဲ အိပ်တော့မလို့"

ကဝေမယ်က ကောင်းကင်သို့ မော့ကြည့်လိုက်၏။

ကောင်းကင်ထက်တွင် လဝန်း ထိန်ထိန်သာနေလေသည်။

လဝင်း၏လင်းရောင်ခြည်သည် ခံအေးမြစွာ ယှက်ဖြာကျရောက်နေပေသည်။

"လမင်းကြီးက သာနေလိုက်တာ၊ အပြင်လမ်းလျှောက်ရင်း စကားပြောကြရအောင်လား"

ကဝေမယ်က အဓိပ္ပါယ်ရှိသော အကြည့်ဖြင့် ဖုံးရှင်ကို လှမ်းကြည့်ရင်း ပြောသည်။

ဖုံးရှင် အနေဖြင့် ငြင်းဆန်ရန် ဟန်ပြင်မိသော်လည်း မကောင်းတတ်သဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။

သို့ဖြင့် သူတို့နှစ်ယောက်သည် ချမ်းမြေ့သော ညကမ္ဘာအောက်တွင် လမ်းလျှောက်ထွက်ခဲ့ကြသည်။

ကဝေမယ်က မသိမသာဖြင့် ဖုံးရှင်၏ပခုံးကို မှီတားလိုက်သည်။

ထို့နောက်...

မှုန့်သော လေသံဖြင့် ပြောသည်။



"သည်နေရာက သိပ်သာယာတာပဲနော်၊ အေးလဲ အေးချမ်းပါရဲ့"

ဖုံးရှင်က ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ ဒါနဲ့ ငါ့ညီမက ဘယ်တော့ ပြန်မလဲ"

ကဝေမယ်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မပြန်တော့ဘူးလေ"

ထိုစကား ကြားလိုက်ရသောအခါ ဖုံးရှင်၏တစ်ကိုယ်လုံး တောင့်တင်းသွားလေတော့သည်။

ကဝေမယ်က စကားဆက်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မ ရှင်နဲ့ သည်မှာ အတူတူနေဖို့ ဆုံးဖြတ်လိုက်ပြီ"

ဟု ပြောလိုက်သည်။

ဖုံးရှင်မှာ ခေါင်းနားပန်းကြီးသွားရသည်။

ကဝေမယ်အား မည်သို့ ငြင်းပယ်ရမည်ကို အကြံထုတ်မိသည်။

ဖုံးရှင်သည် ဉာဏ်များသော လူတစ်ယောက် ဖြစ်လေသည်။

အနည်းငယ် စဉ်းစားလိုက်သည်နှင့် အကြံရလာတော့၏။

သူသည် လက်တစ်ဘက်ဖြင့် ကဝေမယ်၏ပခုံးကို သိုင်းဖက်ထားလိုက်လေသည်။

"မင်း တကယ် ပြောနေတာလား"

ကဝေမယ်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

ထိုစဉ်မှာပင် ဖုံးရွှင်က လှုပ်ရှားလိုက်သည်။

သူ၏လက်ညှိုးတစ်ချောင်းသည် ကဝေမယ်၏သွေးကြောကို ဝိတ်ထားလိုက်ပြီး ဖြစ်နေပေသည်။

ကဝေမယ်မှာ တစ်ကိုယ်လုံး မလှုပ်ရှားနိုင်ဘဲ ဖြစ်သွားလေသည်။

ဖုံးရွှင်က ပြုံးပြလိုက်သည်။

"အခုလို လုပ်ရတာ စိတ်မဆိုးပါနဲ့ဗျာ"

သူသည် ကဝေမယ်၏ အိတ်ကလေးကိုယူ၍ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

* * *



ဖုံးရွှင်သည် သူတော်ကောင်းတောင်ပေါ်မှ ပြေးဆင်းလာသည်ကို တွေ့ရ၏။

သူသည် ခြေလှမ်း ခပ်သုတ်သုတ်ဖြင့် ပြေးလွှားနေသည်။

သူသည် ကဝေမယ်၏သွေးကြောကို ဝိတ်ထားသော်လည်း အများဆုံး နှစ်နာရီမျှသာ ဝိတ်ထားနိုင်မည် ဖြစ်ကြောင်းကို သိရှိထားလေသည်။

မည်သို့ဆိုစေ နှစ်နာရီ အချိန်အတွင်းမှာ လွတ်အောင် ပြေးနိုင်သည်။

သူသည် ပြေးရင်းလွှားရင်း မြို့ကလေးတစ်မြို့သို့ ရောက်လျှင် ခြေရာဖျောက်ရလွယ်ကူသွားချေပြီ။

ထို့ကြောင့်...

ဖုံးရွှင်သည် လေပူတစ်ချက် မှုတ်ထုတ်လိုက်မိလေသည်။

"ဟူး"

ဖုံးရွှင်သည် စိတ်အေးလက်အေးဖြင့် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ အားရပါးရ စားသောက်ရန် စိတ်ကူးလိုက်၏။

သူသည် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်မိသည်နှင့် ဟုန်စွက်နှင့် သွားဆုံမိလေသည်။

ဟုန်စွက် ဖုံးရွှင်ကို တွေ့မြင်လိုက်သည်နှင့် ဝမ်းသာသွားလေသည်။

"ဟင် ဆရာဖုံးရွှင်ပါလား"

ဖုံးရွှင် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ မင်း သည့်ကို ရောက်နေတာ ကြာပြီလား"

ဟု မေးလိုက်၏။

ဟုန်ရွက် ခေါင်းခါယမ်းလိုက်၏။

"ကျွန်မ မနေ့ကမှ ရောက်တာပါ"

သူမသည် တစ်စုံတစ်ခုကို သတိရလိုက်လေသည်။

"ဒါနဲ့ မမကဝေမယ်နဲ့ မတွေ့ဘူးလား"

ဟု မေးလေ၏။

ဖိုးရှင်သည် ကြောင်အမ်း၍ ခေါင်းညိတ်လိုက်မိမလို ဖြစ်သွားသည်။

ချက်ချင်းပင် သတိရကာ ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း မတွေ့ပါဘူး"

ဟုန်ရွက် မျက်မှောင်ကြုတ်လိုက်သည်။

"သူက ဆရာဖိုးရှင်နဲ့ တွေ့ချင်လို့တဲ့၊ ကျွန်မကတောင် လမ်းညွှန်လိုက်ရသေးတယ်၊ အခု ဆရာ ဘယ်ကလာတာလဲ"

ဖိုးရှင်က...

"ကျုပ် သူတော်ကောင်းတောင်က ဆင်းလာတာ"

"ဒါဖြင့် လမ်းမှာ လွဲသွားပြီနဲ့ တူတယ်"

ဖိုးရှင်က ခေါင်းညိတ်လိုက်သည်။

"ဒါ ဖြစ်နိုင်တယ်"

"ဒါဖြင့် လင်းကြိုင် ဟိုမှာ ကျန်ခဲ့မှာပေါ့ ဟုတ်လား"

ဟုန်ရွက်က မေးလိုက်သည်။



ဖိုးရှင်က ခေါင်းခါယမ်းလိုက်၏။

"မရှိဘူး"

ဟုန်ရွက် အံ့သြသွားသည်။

"ဟင် ဒါဖြင့် သူက ဘယ်ကိုသွားသလဲ"

ဖိုးရှင်သည် အကြံတစ်ခု ရုတ်တရက်ရလိုက်လေသည်။

သူသည် သူတော်ကောင်းတောင်ပေါ်မှ ကမန်းကတန်း ဆင်းလာရသဖြင့် ငွေစကလေးတစ်တုံးမှလွဲ၍ ငွေပါမလာသည်ကို သတိရလိုက်မိခြင်း ဖြစ်သည်။

ဆက်လက်သုံးစွဲရန် ငွေမရှိမည်ကို စိုးရိမ်သွားမိသည်။

ဟုတ်ရွက်က သူ့အား မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

"ကျွန်မပြောနေတာ မကြားဘူးလား"

ဟုန်ရွက်က ထပ်မံပြောလိုက်တော့မှ ဖိုးရှင် သတိပြန်ဝင်လာပြီး...

"ဟဲ..ဟဲ၊ သူ ဘယ်မှာ ရှိလဲဆိုတာ စဉ်းစားနေလို့ပါ"

"စဉ်းစားလို့ ရပြီလားဟင်"

"ရပါပြီ"

ဟုန်ရွက် ဝမ်းသာသွားလေသည်။

"ဒါဖြင့် ပြောစမ်းပါဦး၊ သူ ဘယ်မှာ ရှိလဲ"

"သူ အရှေ့မြို့တံခါး အနီးမှာရှိတဲ့ ဘုံကျောင်းတစ်ခုထဲမှာ ရှိပါတယ်"

ဟုန်ရွက် ဝမ်းသာသွားလေသည်။

ကဗျာကယာ ပြန်မေးလိုက်၏။

"ဘယ်ဘုံကျောင်းမှာလဲ"

"အရှေ့မြို့တံခါးအနီးမှာ ဘုံကျောင်းတစ်ကျောင်းပဲ ရှိပါတယ်၊ မှတ်မိလွယ်ပါတယ်"

သူသည် မြို့ကလေး အဝင်မှာ ဘုံကျောင်းပျက်တစ်ခုကို တွေ့မြင်ရ၍ ယင်းကဲ့သို့ ပြောလိုက်ခြင်း ဖြစ်သည်။

ဟုန်စွက် ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာဖုံးရွှင်"

သူမသည် ပြောပြီး ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *



## ဟန်ဆောင်ခြင်း

ဟုန်စွက်သည် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားသည်။

သူမသည် ဖုံးရွှင် ပြောသည့်အတိုင်း မြို့ရိုးတံခါးရှိရာသို့ လျှောက်သွားသည်။

မြို့တံခါးအနီးတွင် ဘုံကျောင်းပျက်တစ်ခုအား တွေ့မြင်လိုက်ရလေသည်။

ထိုဘုံကျောင်းမှာ အိုမင်းဆွေးမြည့်နေသည်ကို တွေ့ရသဖြင့် လူသူရှိမည် မဟုတ်ဟု သူမ ခန့်မှန်း၍ရသည်။

ထို့ကြောင့်...

လင်းကြိုင်သည် ဤနေရာ၌ ရှိလိမ့်မည်ဟု ယုံကြည်သွားသည်။

သို့သော်...

ဘုံကျောင်းပျက်ထဲသို့ လှမ်းဝင်လိုက်သောအခါ ဘုံကျောင်းထဲ၌ လူသူတစ်စုံတစ်ယောက်မျှ မရှိသည်ကို တွေ့မြင်ရလေသည်။

ဟုန်ရွက် စိတ်ပျက်သွားသည်။

ဖိုးရှင်က မိမိအား လိမ်လည်ပြောဆိုလိုက်သည်လော။

သူမ ခေါင်းခါယမ်းလိုက်သည်။

မဖြစ်နိုင်ပါချေ။

ဖိုးရှင်က သူမအား လိမ်လည်ပြောဆိုရန် အကြောင်း မရှိဟု ဟုန်ရွက် တွေးမိသည်။

ဤသို့ဆိုလျှင် လင်းကြိုင်သည် အပြင်သို့ ခေတ္တထွက်ပြေးနေခြင်းလော။

ဟုန်ရွက်သည် အလိုအလျောက် ခေါင်းညိတ်လိုက်သည်။

ထို့ကြောင့်...

သူမသည် ဘုံကျောင်းပျက်ထဲ၌ပင် စောင့်ရန် ဆုံးဖြတ်လိုက်သည်။

သူမ ကြာကြာ မစောင့်လိုက်ရပါ။

လင်းကြိုင် ဘုံကျောင်းပျက်ထဲသို့ လှမ်းဝင်လာလေသည်။

ဟုန်ရွက် ဝမ်းသာသွားလေသည်။

"အစ်ကို ဘယ်ထွက်သွားတာလဲဟင်"

လင်းကြိုင်က...

"အစ်ကို အပြင်ခဏ သွားတာပါ"

ဟုန်ရွက်က သူ့အား ကြည့်လိုက်သည်။



"အစ်ကို ဘာဖြစ်လို့ တစ်ယောက်ထဲ သည်မှာ လာနေတာလဲ"

လင်းကြိုင် သက်ပြင်း တစ်ချက်ချလိုက်သည်။

"ကျုပ်က ဂိုဏ်းချုပ် မလုပ်ချင်ဘဲနဲ့ သူတို့က အတင်းလုပ်ခိုင်းလို့ သည်မှာ လာပုန်းနေတာပါ"

ဟုန်ရွက်သည် လင်းကြိုင်အား အကဲခတ်ကြည့်လိုက်သည်။

လင်းကြိုင်သည် ခါတိုင်းနှင့် မတူဘဲ တမူထူးခြားနေသည်ဟု စိတ်ထဲတွင် ခံစားရသည်။

ခါတိုင်းဆိုလျှင် လင်းကြိုင်သည် မိမိအား တွေ့မြင်လိုက်သည်နှင့် ဝမ်းသာအူမြူးဖြစ်ကာ ရွှင်ရွှင်လန်းလန်း ရှိစမြဲ မဟုတ်ပါလော။

ယခုအခါတွင်မူ လင်းကြိုင်သည် ပြုံးပြုံးရွှင်ရွှင် မရှိဘဲ မျက်နှာပေါ်တွင်လည်း ခံစားမှု ကင်းမဲ့ကာ မျက်နှာသေနှင့် ဖြစ်နေ၏။

လင်းကြိုင်သည် ဟုန်ရွက်အား တစ်ချက်ကြည့်လိုက်ပြီး...

"ဒါနဲ့ ညီမမှာ ငွေများပါသလားဟင်"

ဟုန်ရွက်မှာ ဝို၍ သံသယဝင်လာ၏။

"ဘာလုပ်မလို့လဲ"

"ကျုပ်မှာ ငွေနည်းနည်း အသုံးလိုနေလို့ပါ"

ဟုန်ရွက်က သူ့အား စိုက်ကြည့်လိုက်သည်။

အကြောင်းမှာ လင်းကြိုင်၏အသံသည် လုံးဝပြောင်းလဲနေခြင်း ဖြစ်၏။

ထို့အပြင်...

လင်းကြိုင်သည် သူ၏မျက်နှာကို အတတ်နိုင်ဆုံး ရှောင်လွှဲနေပေသည်။

သူမသည် စိတ်ထဲ၌ ပို၍ သင်္ကာမကင်း ဖြစ်လာလေသည်။

ထို့ကြောင့်...

လင်းကြိုင်၏မျက်နှာကို လက်ငါးချောင်းဖြင့် ကုတ်ဆွဲလိုက်သည်။

ထိုအခါ မျက်နှာဖုံးအတုတစ်ခုသည် သူမလက်ထဲသို့ ပါလာသည်။

ထိုလူမှာ လင်းကြိုင် မဟုတ်ဘဲ ဖုံးရှင်ဖြစ်နေ၏။

ဟုန်ရွက် မဲ့ပြုံးပြုံးလိုက်သည်။

"ရှင့်ပညာ ဒါအကုန်ပဲလား"

ဖုံးရှင် တောင်းပန်လိုက်ရလေသည်။

"ကျုပ်မှာလဲ လမ်းစရိတ် လိုနေလို့ပါဗျာ"

ဟုန်ရွက်က တုံ့ဆိုင်းမနေဘဲ ငွေတုံးတစ်တုံးကို ထုတ်ပေးလိုက်သည်။

"နေပါအုံး၊ အခု လင်းကြိုင် ဘယ်မှာလဲ"

"ကျုပ်လဲ သူ့ကို လိုက်ရှာနေတာပါ"

ဟုန်ရွက် မျက်မှောင်ကြုတ်သွားသည်။

"သူ့အကြောင်းကို ရှင်အသိဆုံးပါ၊ အဲသည်တော့ ရှင်နဲ့ကျွန်မ သူ့ကို ရှာကြမယ်"



ဖုံးရှင် ခေါင်းညိတ်လိုက်လေသည်။

"ဒါအကောင်းဆုံးပါပဲ"

သို့ဖြင့် ဖုံးရှင်နှင့် ဟုန်ရွက်တို့သည် လင်းကြိုင်ကို ရှာဖွေရန် ဘုံကျောင်းမှ ထွက်လာခဲ့ကြလေတော့သည်။

* * *

ဖုံးရှင်နှင့် ဟုန်ရွက်တို့သည် ဘုံကျောင်းပျက်မှ ထွက်လာကြလေသည်။

သူတို့သည် လင်းကြိုင်ကို လိုက်လံရှာဖွေရန် ထွက်လာကြခြင်း ဖြစ်၏။

"အခု ဘယ်ကို သွားကြမလဲ"

ဖုံးရှင်က စဉ်းစားလိုက်ပြီး...

"လေလွင့်ဂိုဏ်းကိုသွားရင် တွေ့နိုင်မယ် ထင်တယ်"

သူတို့နှစ်ယောက်သည် ပြောပြောဆိုဆိုဖြင့် ထွက်ခွာလာကြရာ လေလွင့်ဂိုဏ်းနှင့် တစ်မိုင်ကျော်ခန့် အကွာသို့ ရောက်လာကြသည်။

ထိုအခါ...

အနက်ရောင်ဝတ်ဆင်ထားသော ရေမြေ့ရှင်ဂိုဏ်းမှ လူသုံးယောက်သည် သူတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

သူတို့သုံးယောက်သည် ရုတ်တရက် ဟုန်ရွက်တို့အား ဝင်

ရောက်တိုက်ခိုက်လိုက်ကြသည်။

သူတို့၏တိုက်ခိုက်ပုံမှာ သူ့အသက် ကိုယ့်အသက် လဲလှယ်တိုက်ခိုက်နေသလို ဖြစ်နေ၏။

ထူးဆန်းနေသည်ကား သူတို့၏ဓားချက်များသည် ရန်သူများ၏ ကိုယ်ခန္ဓာပေါ်သို့ တစ်ချက်တစ်ချက် ကျရောက်သွားသည့်တိုင် ရန်သူများမှာ လုံးဝအရေးမစိုက်ဘဲ သဲသဲမဲမဲ ပြန်လည်တိုက်ခိုက်နေကြခြင်းပင် ဖြစ်သည်။

ဖုံးရှင်က အခြေအနေ မဟန်မှန်းသိလျှင်...

"ဟုန်ရွက်၊ ကျုပ် လေလွင့်ဂိုဏ်းသားတွေကို အကူအညီသွားတောင်းမှ ဖြစ်မယ်"

ဟုန်ရွက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မ သူ့ကို တောင့်ခံထားမယ်"

ဖုံးရှင်သည် ကိုယ်ဖော့ပညာကို အသုံးပြုကာ ထိုနေရာမှ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားလေသည်။

* * *



ဖုံးရှင်သည် လေလွင့်ဂိုဏ်း ဌာနချုပ်သို့ ရောက်လျှင် မေကျင်းက လင်းကြိုင်အား ပြုစုနေသည်ကို တွေ့ရလေသည်။

ဖုံးရှင် မျက်မှောင်ကြုတ်သွားသည်။

မေကျင်းအား ကြည့်၍...

"သူ ဘာဖြစ်နေတာလဲ"

မေကျင်းက...

"အစ်ကို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ဆန့်ကျင်ဘက် ဖြစ်နေတဲ့ အတွင်းအားနှစ်ခုက ပေါင်းစပ်မရလို့ အခုလို ဝေဒနာခံစားနေရတာလို့ ဖေဖေက ပြောတယ်"

ဖုံးရှင်က...

"အခု ဟုန်ရွက်ကို ရေမြေ့ရှင်ဂိုဏ်းက လူတွေ ဝိုင်းပြီး တိုက်ခိုက်နေလို့ အကူအညီလာတောင်းတာ"

လင်းကြိုင် ထိုစကားကြားလျှင်...

"ဒါဆို သွားကြမယ်"

ဟု ပြောကာ အခန်းထဲမှ ပြေးလွှားထွက်ခွာသွားလေ၏။

* * *

ဟုန်ရွက်သည် ရေမြေ့ရှင်ဂိုဏ်းသား သုံးယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေရာမှ အချိန်ကြာလာသောအခါ သူမသည် မောဟိုက်လာလေသည်။

ထိုအခါ အဝေးမှ အသံတစ်ချက် လွင့်ပျံလာ၏။

"ညီမလေး ဘာမှ မစိုးရိမ်နဲ့ အစ်ကိုလာပြီ"

လှမ်းကြည့်လိုက်သောအခါ ပြေးလွှားလာသော လင်းကြိုင်ကို တွေ့လိုက်ရ၏။

ဟုန်ရွက် ဝမ်းသာအားတက်သွား၏။

လင်းကြိုင်သည် အနီးသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ရေမြေ့ရှင်ဂိုဏ်းသားများအား တိုက်ခိုက်လိုက်လေသည်။

လင်းကြိုင်၏လက်ဝါးရိုက်ချက်များကို ခံလိုက်ရသည့်တိုင် ရေမြေ့ရှင်ဂိုဏ်းသားသုံးယောက်စလုံး လဲကျသွားခြင်း မရှိပေ။

ထို့အတူ...

သူတို့၏တိုက်ခိုက်မှု အရှိန်ကလည်း ပျက်ပြယ်အားလျော့သွားခြင်း မရှိပါ။

လင်းကြိုင် အံ့ဩသွားလေသည်။

အံ့ဩလွန်းသဖြင့် တွေဝေကာ တိုက်ခိုက်မှု အရှိန်ကလည်း အနည်းငယ် တုံ့ဆိုင်းသွားသည်။

ထိုတဒင်္ဂအချိန်တွင်းမှာပင် ရေမြေ့ရှင်ဂိုဏ်းသား၏လက်ဝါးရိုက်ချက်က လင်းကြိုင်အား ထိသွား၏။

"ဝုန်း"



ပြင်းထန်သော ထိရိုက်သံနှင့်အတူ လင်းကြိုင် လွင့်စဉ်သွားလေသည်။

ဟုန်ရွက် ထိတ်လန့်သွား၏။

ထိုအချိန်မှာပင် ဖုံးရွှင် ရောက်ရှိလာခဲ့၏။

မေကျင်းနှင့် သူမ၏အဖွဲ့သားများလည်း ရောက်ရှိလာလေသည်။

သူတို့အားလုံး စုပြုံဝင်ရောက် တိုက်ခိုက်လိုက်သည့်အခါမှ ရေမြေ့ရှင်ဂိုဏ်းသားသုံးယောက်သည် လက်လျှော့ကာ ထွက်ခွာသွားကြတော့သည်။

* * *

လင်းကြိုင်သည် အိပ်ရာထဲ၌ လဲလျောင်းနေရသည်။

သူ၏ခန္ဓာကိုယ်အတွင်းမှ ဆန့်ကျင်ဘက် အတွင်းအားနှစ်ခုသည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်နိုင်ခြင်း မရှိသည့်အတွက် သူ၏ခန္ဓာကိုယ်တစ်ခုလုံး မအီမသာ ဖြစ်နေသည်။

ယခုအခါ ရေမြေ့ရှင်ဂိုဏ်းသားတစ်ဦး၏ လက်ဝါးချက် ထိမှန်ခံရသဖြင့် ဒဏ်ရာတစ်ခု ထပ်မံတိုးပွားလာလေသည်။

ထို့ကြောင့်...

အိပ်ရာထဲတွင် လဲလျောင်းနေရခြင်း ဖြစ်လေသည်။

မေကျင်းက သူ့အား ပြုစုနေ၏။

"အစ်ကို ဆေးသောက်လိုက်အုံးလေ"

လင်းကြိုင်က မေကျင်း လှမ်းပေးသော ဆေးပန်းကန်ကို ယူ၍ သောက်လိုက်လေသည်။

ဆေးသောက်ပြီးနောက် အခန်းထဲ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

"ဒါနဲ့ ဟုန်ရွက်ကော"

"အပြင်မှာ ရှိပါတယ် အစ်ကို"

"သူ့ကို ခေါ်ပေးပါ"

"အစ်ကို ဘာပြောချင်လို့လဲ"

"သူနဲ့ စကားပြောချင်လို့ပါ"

ထိုစဉ်မှာပင် ဟုန်ရွက်သည် အခန်းထဲသို့ ဝင်လာ၏။

မေကျင်းက ထိုင်ရာမှ ဆတ်ခနဲ ထပြီး အခန်းထဲမှ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေတော့သည်။

* * *



ဂိုဏ်းချုပ်မေရှောင်ထင်းသည် ဌာနချုပ်သို့ ပြန်လည်ရောက်ရှိလာသည်။

သူသည် ဟုန်ရွက်နှင့် ဖုံးရွှင်အား တွေ့မြင်ရသောအခါ ဝမ်းသာသွားသည်။

"ဟာ ဆရာဖုံးရွှင်နဲ့ ဟုန်ရွက်တို့ပါလား၊ ဘယ်တုန်းက ရောက်လာတာလဲ"

မေကျင်းက မေရှောင်ထင်း လက်ထဲမှ အထုပ်များကို လှမ်းယူရင်း...

"သူတို့ မနေ့ကမှ ရောက်လာတာပါ ဖေဖေ"

မေရှောင်ထင်းက ဖုံးရွှင်တို့နှင့်အတူ ဧည့်ခန်းထဲတွင် ထိုင်ချလိုက်သည်။

"ဒါနဲ့ ဆရာဖုံးရွှင်တို့က ကျုပ်ဆီ ရောက်လာတာ ကိစ္စထူးရှိလို့လား"

ဖုံးရွှင်က...

"ကျုပ်လာစဉ်တုန်းကတော့ အကြောင်းထူး မရှိဘူး၊ ဟုန်ရွက်ကတော့ လင်းကြိုင်ကို တွေ့ချင်လို့ လိုက်ပို့တာပါ"

မေရှောင်ထင်းက...

"ဆရာဖုံးရွှင်ရဲ့ စကားထဲမှာ လာတုန်းက ကိစ္စထူး မရှိဘူးဆိုတော့ အခု ကိစ္စထူးရှိနေတဲ့ သဘောလား"

ဖုံးရွှင်က သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်ဗျ၊ ကျုပ်တို့ သည်ကို အလာမှာ ထူးဆန်းတဲ့

ရေမြေ့ရှင့်ဂိုဏ်းက လူသတ်သမားနဲ့ တွေ့ခဲ့ရတယ်"

ဖုံးရွှင်သည် လူသတ်သမားများ၏ ထူးဆန်းပုံများကို အသေးစိတ် ပြောပြလိုက်လေသည်။

မေရှောင်ထင်းသည် ဖုံးရွှင် ပြောပြသည့်ကို နားထောင်ရင်း မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်သွားလေသည်။

ဖုံးရွှင် စကားဆုံးသွားသည်နှင့် မေရှောင်ထင်း သက်ပြင်း ရှည်တစ်ချက် ချလိုက်သည်။

"ခင်ဗျား ပြောတဲ့အတိုင်းဆိုရင် သူတို့ကို ကျူပ်သိပါပြီ"

ဟုန်ရွှက်က မျက်မှောင်ကြုတ်သွားသည်။

"ဦးက သိတယ် ဟုတ်လား၊ ဘယ်သူတွေလဲ"

မေရှောင်ထင်းက...

"သူတို့ဟာ လူသေလူသတ်ကောင်လို့ ခေါ်တယ်"

"ဟုတ်တယ်၊ သူတို့ဟာ အဆိပ်တစ်မျိုးမိနေတဲ့ သနားစရာ လက်ပါးစေတွေပဲ"

"ဘယ်လို ဆေးတစ်မျိုးမိထားတာလဲဟင်"

"တစ်စုံတစ်ယောက်က သူတို့ကို ဆေးတစ်မျိုး တိုက်ကျွေးထားတယ်၊ ဆေးမပျံ့အောင် တစ်နေ့တစ်ကြိမ် ဖြေဆေးသောက်ရတယ်၊ သည်တော့ သူတို့ဟာ ဖြေဆေးရဖို့အတွက် ဆေးကျွေးထားတဲ့ လူရဲ့ အမိန့်ကို နာခံနေကြရတယ်လေ၊ ဆေးကျွေးထားတဲ့လူက ပလွေသံနဲ့ အချက်ပေးပြီး သူတို့လိုသလို စေခိုင်းနေတာပဲ၊ ဒါကြောင့် သူတို့ဟာ ဆေးကလွှဲပြီး ဘာမှမသိနိုင်ကြတော့ဘူး၊ ဖြေဆေးရဖို့



တစ်ခုပဲ နားလည်ကြတော့တယ်လေ"

ဟုန်ရွှက်က ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ဒါကြောင့် ကျွန်မ သူတို့ရဲ့ ကိုယ်ပေါ်ကို ဓားနဲ့ ခုတ်မိတာတောင် လုံးဝဂရုမစိုက်ဘူး"

မေရှောင်ထင်းက ခေါင်းညိတ်လိုက်သည်။

"သည်လို အဖြစ်မျိုးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ် လောက်တုန်းက တစ်ခါ ပေါ်ခဲ့ဖူးတယ်၊ သိုင်းလောကတစ်ခုလုံး အတော့်ကို ဒုက္ခရောက်ခဲ့ကြရတယ်၊ နောက်တော့ အလိုလို ပျောက် ကွယ်သွားတယ်"

မေရှောင်ထင်း စိတ်မသက်သာစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်၏။

ပြီးမှ...

"သည်လိုအဖြစ်မျိုး ခုလို တစ်ခါပြန်ဖြစ်လာရင်တော့ သိုင်း လောကတစ်ခုလုံး သွေးထွက်သံယိုမှုတွေ ဖြစ်လာဦးမှာပဲ"

ဖုံးရွှင်နှင့် ဟုန်ရွှက်တို့သည် ထိုစကား ကြားရသောအခါ ရင်ထဲ၌ လေးလံနောက်ကျိသွားကြ၏။

မေရှောင်ထင်းက အံကို တင်းတင်းကြိတ်လိုက်ပြီး...

"သည်ကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားလို့ မဖြစ် တော့ဘူး"

မေရှောင်ထင်းသည် မကျောင်းဘက်သို့ လှည့်လိုက်လေ သည်။

"ကဲ သမီး အရေးပေါ် အစည်းအဝေးတစ်ခုကို ချက်ချင်း ခေါ်လိုက်ပါ၊ နောက်ပြီး သည့်အကြောင်းကိုလဲ ရှောင်လင်ကျောင်းကို သတင်းပို့ရမယ်"

မေကျောင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဖေဖေ"

ထို့နောက်...

မေကျောင်းသည် အဖွဲ့သားများကို စုစည်းရန် ထွက်ခွာသွားလေသည်။

* * *

မေရှောင်ထင်းနှင့် မေကျောင်းတို့သည် အရေးပေါ် အစည်းအဝေးကို ချက်ချင်းပြုလုပ်လိုက်၏။

အစည်းအဝေးသို့ မေကျောင်းလည်း သွားရောက်နေသောကြောင့် ဟုန်ရွက်တစ်ယောက်တည်းသာ လင်းကြိုင်အား ပြုစုနေရလေသည်။

လင်းကြိုင်သည် အခွင့်ကောင်းရသဖြင့် ဟုန်ရွက်အား ချစ်ရေးဆိုလေတော့သည်။

"ညီမလေး အစ်ကို့ကို မချစ်နိုင်ဘူးလားဟင်"

ဟုန်ရွက်က ခေါင်းငုံ့ထား၏။

လင်းကြိုင်က...



"အမှန်ပြောရမယ်ဆိုရင် အစ်ကိုဟာ လောကမှာ ဘာရာထူး ဘာဂုဏ်ကိုမှ မမက်ပါဘူး၊ ရွှေငွေလဲ မမက်ဘူး၊ ညီမလေး တစ်ယောက်ကိုသာ ခင်မင်မက်မောပါတယ်"

ဟုန်ရွက်က ပြုံးလိုက်လေသည်။

"အစ်ကို တကယ် ပြောနေတာလား"

လင်းကြိုင်က ဟုန်ရွက်ကို စေ့စေ့ကြည့်လိုက်ပြီး...

"တကယ် ပြောတာပါ၊ အစ်ကိုဟာ ညီမလေးအပေါ် ဘယ်လောက်ထိအောင် သံယောဇဉ်ကြီးတယ်ဆိုတာ ညီမလေး သိပါတယ်"

ဟုန်ရွက်က ပြုံးလိုက်သည်။

"ကျွန်မသိတယ်ဆိုတာ ရှင့်ကို ဘယ်သူက ပြောသလဲ"

လင်းကြိုင်က သူ၏ရင်ဘတ်ကို လက်ဝါးဖြင့် ပုတ်ပြလိုက်သည်။

"ကျုပ်အလိုလို သိနေတယ်ဗျ"

ရင်ထဲက သိသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဟုန်ရွက်က ခစ်ခနဲ ရယ်မောလိုက်သည်။

"ရှင် တော်တော့်ကို တတ်နိုင်တယ်"

သူမသည် ပြောရင်း ရှက်စနိုးဟန်ဖြင့် ခေါင်းငုံ့ထားလိုက်လေသည်။ လင်းကြိုင်သည် ဟုန်ရွက်၏ပန်းနုရောင် ပါးပြင်ကို ကြည့်ကာ ရင်ထဲ၌ ပီတိဖြာဝေသွားလေတော့သည်။

* * *

## အစည်းအဝေး

လေလွင့်ဂိုဏ်း၏ တစ်နှစ်တစ်ကြိမ် ပြုလုပ်နေကြ နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပလျက် ရှိသည်။

အနယ်နယ် အရပ်ရပ်မှ လေလွင့်ဂိုဏ်း ဌာနခွဲမှူးများ စုံညီစွာ တက်ရောက်လာကြသည်။

အစည်းအဝေး ထုံးစံအတိုင်း ဂိုဏ်းချုပ်က အစည်းအဝေး ဖွင့်လှစ်ပေးပြီးနောက် ဌာနခွဲအသီးသီးမှ ဌာနခွဲမှူးများ တစ်ယောက်ပြီးတစ်ယောက် မိမိဌာနခွဲ၏ တစ်နှစ်တာ လုပ်ရပ်များ၊ ဌာနခွဲ၏ တိုးတက်မှု အခြေအနေများကို သူ့အပိုင်းနှင့်သူ တင်ပြပြောဆို ဆွေးနွေးကြသည်။

ဌာနခွဲမှူး အသီးသီးတို့သည် မိမိဌာနခွဲ၏ တိုးတက်မှု အခြေအနေများ တင်ပြဆွေးနွေးရာ၌ တိုးတက်မှု အများအပြား ရှိနေသဖြင့် ဂိုဏ်းချုပ်ဖြစ်သူ မေရှောင်ထင်းသည် နှစ်ထောင်းအားရ ဖြစ်လျက် ရှိသည်။



သူသည် ကျေနပ်စွာဖြင့် ခေါင်းတညိတ်ညိတ်လုပ်ကာ...

"မိတ်ဆွေတို့ရဲ့ တင်ပြချက်တွေကို ကြားရတဲ့အတွက် အများကြီး ဝမ်းသာမိပါတယ်၊ မိတ်ဆွေတို့ရဲ့ ကြိုးစားမှုကို မှတ်တမ်းတင်ထားပါ့မယ်"

သူသည် ယင်းသို့ ဂုဏ်ပြုစကား ပြောကြားပြီးနောက် ဟိုနယ်နယ်မှ ဌာနခွဲမှူးဘက်သို့ လှည့်လိုက်သည်။

"ဒါနဲ့ မိတ်ဆွေတို့ ဌာနခွဲရဲ့ အခြေအနေက သိပ်မကောင်းပါလားဗျ"

"ဟုတ်ကဲ့၊ ဂိုဏ်းချုပ်ကြီး၊ ကျုပ်တို့ ဌာနခွဲမှူး ကြူချမ်းလောက် ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ လုပ်ငန်းတွေလဲ မဆက်မိဘဲ ဖရိုဖရဲ ဖြစ်နေပါတယ် ခင်ဗျာ"

"အခုကော တိုးတက်မယ့် အစီအစဉ်များ ရှိသလား"

"ဟုတ်ကဲ့၊ လာမယ့် နှစ်ပတ်လည် အစည်းအဝေးမှာ တိုးတက်တဲ့သတင်း ကြားရလိမ့်မယ်လို့ ပြောဝံ့ပါတယ် ဂိုဏ်းချုပ်ကြီး"

မေရှောင်ထင်းသည် စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်သည်။

"ကြူးချမ်းလောက် ပျောက်ဆုံးသွားတာ လပေါင်းအတော်ကြာပြီ၊ အခုထိ သတင်းအစအန ဘာမှမရတာ ကျုပ်စိတ်မကောင်းဘူး"

ဌာနခွဲမှူးများ စိတ်မကောင်းစွာဖြင့် ငြိမ်သက်နေကြလေသည်။

ဗိုလ်ချုပ်မရှောင်ထင်းက ခေါင်းညိတ်ကာ စကားဆက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် 'ကြူးချမ်းလောက်'ရဲ့ အခြေအနေကို အားလုံးက မရမနေ စုံစမ်းပါလို့ ကျုပ်တိုက်တွန်းလိုပါတယ်"

ယင်းသို့ဖြင့် နှစ်ပတ်လည် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြလေသည်။

* * *



## ပလွေသံ

ညဦးနက်သန်းခေါင်ယံအချိန်...

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

လင်းကြိူင်နှင့် ဖုံးရွှင်တို့သည် အိပ်မပျော်နိုင်သေးဘဲ ဖြစ်နေကြသည်။

ထို့ကြောင့်...

သူတို့နှစ်ယောက်သည် ဟုန်ရွက်နှင့် စကားစမြည် ပြောဆိုကာ အချိန်ဖြုန်းလျက် ရှိသည်။

ထိုစဉ်မှာပင် ပလွေသံတစ်သံကို ကြားလိုက်ရလေသည်။

"တူး..တူး..ပူး..ပူး"

ယင်းပလွေသံသည် ထူးခြားနေ၏။

သံစဉ် အနိမ့်အမြင့်မရှိဘဲ တစ်သံတည်း ဖြစ်နေသည်။

အဘယ်ကြောင့်မှန်း မသိချေ။

ထိုပလွေသံအား ကြားလိုက်ရသည်နှင့် လင်းကြိုင်တို့လူစုအားလုံး ရင်ထဲ၌ တစ်မျိုးတစ်မည် ခံစားလိုက်ကြရသည်။

လင်းကြိုင်က ဖုံးရွှင်ဘက် လှည့်ကြည့်လိုက်လေသည်။

“ပလွေသံက တစ်မျိုးကြီးပါလား”

ဟုန်ရွက်သည်လည်း ထိုပလွေသံကို သံသယ ဖြစ်နေသည်။

“တော်တော်ထူးဆန်းတဲ့ ပလွေသံပါလား”

ဟု ပြောလိုက်သည်။

လင်းကြိုင်က ထိုင်ရာမှ ထလိုက်ပြီး...

“တို့သွားကြည့်ကြရအောင်”

ယင်းသို့ဖြင့် သူတို့သုံးယောက်သည် အပြင်ဘက်သို့ ထွက်လာကြလေတော့သည်။

* * *



လင်းကြိုင်တို့သည် အပြင်သို့ ရောက်လာပြီး ပလွေသံ လာရာသို့ နားစွင့်လိုက်သည်။

ထိုပလွေသံသည် လေလွင့်ဂိုဏ်းသားး၏ ဌာနချုပ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်ဟု ခန့်မှန်းရလေသည်။

ထို့ကြောင့်...

လင်းကြိုင်တို့သည် ဌာနချုပ် အဆောက်အအုံ ရှိရာဘက်သို့ လျှောက်ခဲ့ကြသည်။

ဌာနချုပ်အနီးသို့ ရောက်ရှိလာသောအခါ တိုက်ခိုက်သံများကို ကြားလိုက်ရလေသည်။

ဖုံးရွှင် မျက်မှောင်ကြုတ်သွားသည်။

“ဟေ့ အချိန်မတော် ဘယ်က ရန်သူတွေက လေလွင့်ဂိုဏ်းဌာနချုပ်ကို ရန်မူနေမှန်း မသိဘူး”

လင်းကြိုင် ပြုံးလိုက်သည်။

“မြန်မြန်သွားကြည့်ရင် သိမှာပေါ့ဗျာ”

ပြောပြောဆိုဆိုဖြင့် လင်းကြိုင်သည် ရှေ့မှ ခြေလှမ်းသုတ်သုတ်ဖြင့် ဌာနချုပ် ရှိရာသို့ လျှောက်သွားလေသည်။

သူတို့သည် လေလွင့်ဂိုဏ်းဌာနချုပ် အနီးသို့ ရောက်ရှိသွားသောအခါ တစ်ကိုယ်လုံး အမည်းရောင်ဝတ်ဆင်ထားသော လူငါးယောက်ခန့်နှင့် လေလွင့်ဂိုဏ်းသားများ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဂိုဏ်းချုပ်မေဒရှာင်သင်းသည် လူသတ်ကောင်တစ်ယောက်

နှင့် သဲသဲမဲမဲ တိုက်ခိုက်နေ၏။

ထိုမြင်ကွင်းကို မြင်တွေ့ရသောအခါ ဟုန်စွက်သည် လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ဂိုဏ်းချုပ်ကြီး ကျွန်မလာပြီ"

ဟုန်စွက် အော်ဟစ်အားပေးစကားပြောရင်း မေရှောင်ထင်းအား တိုက်ခိုက်နေသော လူသတ်ကောင်တစ်ယောက်ကို ဝင်ရောက်တိုက်ခိုက်လိုက်သည်။

လင်းကြိုင်နှင့် ဖုံးရွှင်တို့ကလည်း လေလွင့်ဂိုဏ်းသားများဘက်မှ ဝင်ရောက်ကူညီ တိုက်ခိုက်ပေးသည်။

ထိုစဉ်…

ပလွေသံသည် ရုတ်တရက် သံစဉ်ပြောင်းသွားပြန်သည်။

ပလွေသံစဉ် ပြောင်းသွားသည်နှင့် လူသတ်ကောင်များသည် တိုက်ခိုက်နေရာမှ ချက်ချင်းပင် ပြန်လည်ဆုတ်ခွာသွားကြသည်။

ထိုစဉ်မှာပင် မေရှောင်ထင်းသည် လက်နှစ်ဘက်ဖြင့် အတွင်းအားများကို စုစည်းပြီး သူနှင့် ရင်ဆိုင်တိုက်ခိုက်နေသော လူသတ်ကောင်၏ရင်ဝသို့ တွန်းထုတ်လိုက်လေသည်။

"ဝုန်း"

မေရှောင်ထင်း၏လက်ချက်ဖြင့် လူသတ်ကောင်သည် လွင့်စဉ်လဲကျသွားသည်။

မေရှောင်ထင်း မျက်မှောင်ကြုတ်သွား၏။



လူသတ်ကောင်ကို စူးစိုက်ကြည့်ပြီး…

"သည်လူသတ်ကောင်ရဲ့ မျက်နှာဖုံးကို ဖွင့်ကြည့်စမ်း"

ဂိုဏ်းသားတစ်ယောက်က ထိုလူသတ်ကောင်၏ မျက်နှာပေါ်၌ စည်းထားသော အဝတ်ကို ချွတ်ကြည့်လိုက်သည်။

"ဟင်"

"ဟာ"

အံ့ဩသော အသံများသည် မေရှောင်ထင်းနှင့် ဂိုဏ်းသားများ၏ နှုတ်ဖျားမှ ရုတ်တရက် ထွက်ပေါ်လာကြလေသည်။

လင်းကြိုင်က မျက်မှောင်ကြုတ်လိုက်ပြီး…

"သူက ဘယ်သူလဲဆိုတာ သိကြလို့လားဗျ"

မေရှောင်ထင်း၏ မျက်နှာတစ်ခုလုံး ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များ ရုတ်ခြည်းပေါ်လွင်လာလေသည်။

"သိပါတယ်ဗျာ၊ သူဟာ ကျုပ်ရဲ့ အရိုက်အရာကို လက်ခံဖို့ လျာထားတဲ့ ကျုပ်ရဲ့ လူယုံတစ်ယောက်ပါ"

လင်းကြိုင် စိတ်မကောင်း ဖြစ်သွားသည်။

"သူက ရေမြေ့ရှင်ဂိုဏ်းရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်နေတာကိုး"

လူသတ်ကောင်မှာ ရေမြေ့ရှင်ဂိုဏ်းမှ ဖြစ်ပေသည်။

မေရှောင်ထင်းက သက်ပြင်းချလိုက်ပြီး…

"သူဟာ ကျုပ်ရဲ့ အားထားရတဲ့ ဌာနခွဲမှူးတစ်ယောက်ပါ၊ နာမည်က ကြူးချမ်းလောက်တဲ့၊ သူထူးထူးဆန်းဆန်း ပျောက်ဆုံး

သွားတာ တော်တော်ကြာပါပြီ၊ တွေ့မယ်တွေ့တော့လည်း"

မေရှောင်ထင်းသည် ပြောရင်း ဝမ်းနည်းလာ၍လား မသိချေ။

စကားမဆက်နိုင်တော့ပေ။

ဟုန်ရွက်နှင့် ဖုံးရှင်တို့မှာလည်း စိတ်မကောင်း ဖြစ်သွားကြသည်။

မေရှောင်ထင်းက စကားဆက်လိုက်သည်။

"တကယ်လို့များ အခုလို မတွေ့ခဲ့ရင် တစ်နေ့ သူဟာ ကျုပ်ရဲ့ အရိုက်အရာကို ဆက်ခံသွားရမှာ သေချာတယ်၊ အဲသည်အခါမှာ ကျုပ်တို့အဖွဲ့ဟာ ရေမြေ့ရှင်ဂိုဏ်းလက်အောက် အလိုလို ရောက်သွားတော့မှာ"

ဖုံးရှင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တကယ့်ကို ကြောက်စရာကောင်းပါလား"

မေရှောင်ထင်းက မေကျင်းဘက်သို့ လှည့်လိုက်လေသည်။

"ကျုပ်ကတော့ တခြားလူကို မယုံဝံ့တော့ဘူး၊ ဒါကြောင့် သမီးကိုပဲ ကျုပ်ရဲ့ အရိုက်အရာပေးရမှာပဲ"

မေကျင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဖြစ်ပါ့မလား ဖေဖေရယ်"

မေရှောင်ထင်းက ပြုံးလိုက်သည်။

"ဖြစ်ပါတယ် သမီးရယ်၊ သမီးက ဖေဖေရဲ့ ဝါးစိမ်းတုတ်သိုင်းကို ကောင်းကောင်းတတ်မြောက်ထားပြီပဲ မဟုတ်လား"



မေကျင်းမှာ မငြင်းသာတော့ဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

မေရှောင်ထင်းက လင်းကြိုင်တို့ဘက်သို့ လှည့်လိုက်ပြီး...

"ကဲ တစ်ခုခု စားရအောင် လိုက်ခဲ့ကြပါ"

ဖုံးရှင်က ရယ်မောလိုက်သည်။

"စားဖို့ဆိုရင် ဘယ်ကို ခေါ်ခေါ် လိုက်မှာပဲ"

ဖုံးရှင်၏အရွှန်းဖောက် စကားကြောင့် အားလုံး ရယ်မောလိုက်ကြလေသည်။

* * *

မေရှောင်ထင်း တည်ခင်းသော အစားအသောက်များ စားသောက်ပြီးနောက် သူတို့လူစုသည် ဧည့်ခန်းထဲသို့ ပြန်လည်စုဝေးကာ စကားစမြည် ပြောဆိုကြသည်။

စကားပြောရင်း မေရှောင်ထင်းသည် တစ်စုံတစ်ခုကို သတိရလာသည်။

"ဒါနဲ့ လင်းကြိုင် ဖြစ်ပေါ်နေတဲ့ အတွင်းဒဏ်ရာ ဘယ်လို အခြေအနေ ရှိသလဲ"

လင်းကြိုင်က မချိပြုံးပြုံးလိုက်သည်။

"သည်အတိုင်းပါပဲ ဘာမှ မထူးခြားပါဘူး"

"မင်း အခု ဘယ်လိုခံစားနေရသလဲ"

"ကိုယ်ခန္ဓာထဲမှာ အပူငွေ့တစ်ခုနဲ့ အအေးငွေ့တစ်ခု လှည့်ပတ်စီးဆင်းနေတယ်လို့ ခံစားနေရတယ်"

မေရှောင်ထင်းသည် မျက်မှောင်ကြုတ်၍ အတန်ကြာ စဉ်းစားနေသည်။

"မင်းဖြစ်တဲ့ ဝေဒနာကတော့ အတွင်းအားနှစ်ခုဟာ ကိုယ်ခန္ဓာထဲမှာ ပဋိပက္ခ ဖြစ်နေတဲ့ သဘောပဲ၊ သည်အတွင်းအားနှစ်ခုကို ပေါင်းစပ်မိအောင် လုပ်ပေးနိုင်ရင် မင်းရဲ့ဝေဒနာ ပျောက်ကင်းသွားလိမ့်မယ်၊ ဒါ့အပြင် မင်းရဲ့အတွင်းအားဟာလဲ ကြောက်စရာကောင်းလောက်အောင် ထက်မြက်လာလိမ့်မယ်"

မေရှောင်ထင်း၏စကားကြောင့် ဖိုးရှင် မျက်မှောင်ကြုတ်သွားသည်။

"သည်လိုဆိုရင် ခင်ဗျားက အတွင်းအားနဲ့ သူ့ရဲ့ ပိတ်ဆို့နေတဲ့ သွေးကြောတွေကို ဖွင့်ပေးလိုက်ပါလား၊ ဒါဆို ကောင်းလာလိမ့်မယ် ထင်တယ်"

မေရှောင်ထင်းက ခေါင်းညိတ်လိုက်သည်။

"သည်နည်းလမ်းတစ်ခုပဲ ရှိတော့တယ်၊ ဒါပေမယ့် ကျုပ်ရဲ့အတွင်းအားအဆင့်က သူ့ရဲ့ သွေးကြောကို ဖွင့်နိုင်ဖို့ မလွယ်ဘူးထင်တယ်"

မေရှောင်ထင်းက ချင့်ချင့်ချိန်ချိန် ပြောသည်။

ဖိုးရှင်က...

"ဒါကတော့ လက်တွေ့ စမ်းသပ်ကြည့်မှ အဖြေပေါ်မှာပဲ"



မေရှောင်ထင်းသည် ယတိပြတ် ဆုံးဖြတ်လိုက်ပြီး...

"ကောင်းပြီလေ၊ ကျုပ်စမ်းပြီး ကြိုးစားကြည့်မယ်"

မေရှောင်ထင်းသည် ယင်းသို့ ပြောပြီးသည်နှင့် လင်းကြိုင်ကို တင်ပျဉ်ခွေထိုင်စေလေသည်။

ထို့နောက်...

သူသည် လင်းကြိုင် နောက်တွင် ထိုင်ချလိုက်သည်။

ပြီးလျှင် လက်ဝါးနှစ်ဘက်ဖြင့် လင်းကြိုင်၏ကျောပြင်ကို ကပ်ထားလိုက်လေသည်။

သူ၏ခန္ဓာကိုယ်တွင် ရှိသော အတွင်းအားများသည် လျှပ်စစ်ပမာ လက်ဝါးမှတစ်ဆင့် လင်းကြိုင်၏ကျောပြင်သို့ ပို့ဆောင်ပေးလေသည်။

ရေနွေးတစ်အိုးကျက်ခန့် အချိန်ကြာသွားသောအခါ မေရှောင်ထင်း၏နဖူးပေါ်မှ ချွေးများသည် တဒီးဒီး စီးကျလာလေသည်။

ငယ်ထိပ်ပေါ်မှပင် အငွေ့များ တထောင်းထောင်း ထွက်လာသည့်အလား ထင်မှတ်ရလေသည်။

သို့ရာတွင် မေရှောင်ထင်း အနေဖြင့် ဤမျှ အားစိုက်သည့်တိုင် မည်သို့မျှ ထူးခြားလာခြင်း မရှိပေ။

နောက်ဆုံး မေရှောင်ထင်း လက်လျှော့လိုက်ရလေသည်။

သူသည် နဖူးပေါ်မှ ချွေးများကို သပ်ချလိုက်ပြီးလျှင်...

"ကျုပ် သည်ထက် မစွမ်းဆောင်နိုင်တော့ဘူး"

ဟုန်စွက်က သူမ၏မွေးစားဖခင်ကို သတိရလာလေသည်။

စန္ဒကွမ်းရှောင်ထင်းသည် သူမ၏ဆရာလည်း ဖြစ်သည်။ မွေးစားဖခင်လည်း ဖြစ်၏။

"ကျွန်မ ဖေဖေ့ဆီကို အကူအညီတောင်းကြည့်မယ်"

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"သူက ကူပေးပါ့မလား"

ဟုန်ရွက်က...

"ကျွန်မ အကူအညီတောင်းရင်တော့ သူကူပေးလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်"

သူမက ခိုင်မာသော လေသံဖြင့် ပြန်ပြောလိုက်လေသည်။

မေရှောင်ထင်းက...

"သည်လိုဆိုရင် သိပ်ကောင်းတာပေါ့။ လက်ရှိ သိုင်းလောကမှာ အတွင်းအား အထက်မြက်ဆုံးကတော့ စန္ဒကွမ်းရှောင်ထင်းပါပဲလေ"

ဟုန်ရွက်က လင်းကြိုင်ကို ကြည့်လိုက်ပြီး...

"ဒါဖြင့် ကျွန် ငြိမ်းချမ်းကျေးရွာကို ခဏပြန်လိုက်ဦးမယ်"

လင်းကြိုင်သည် ဟုန်ရွက်နှင့် မခွဲနိုင် မခွာရက်အောင် ဖြစ်နေသော်လည်း မိမိ ဖြစ်ပေါ်နေသော ဝေဒနာကို ကုသနိုင်ရန်အတွက် ဟုန်ရွက် ထွက်ခွာသွားမည်ကို သဘောတူလိုက်ရလေတော့သည်။

* * *



စန္ဒကွမ်းရှောင်ထင်းသည် ဟုန်ရွက် ပြန်ရောက်လာသည်ကို တွေ့ရ၍ ဝမ်းသာသွားလေသည်။

"သမီးပြန်လာပြီလား"

"ဟုတ်ကဲ့ ဖေဖေ"

"အင်း ဆိုစမ်းပါဦး၊ အခြေအနေ ဘယ်လိုနေသလဲ"

"အခြေအနေတော့ သိပ်မထူးခြားပါဘူး၊ သမီး ပြန်လာတဲ့ ကိစ္စက အကူအညီတစ်ခု တောင်းချင်လို့ပါ"

ဟုန်ရွက်ထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် စန္ဒကွမ်းရှောင်ထင်း မျက်မှောင်ကြုတ်သွားသည်။

"သမီးက ဘာအကူအညီများ လိုချင်လို့လဲ"

"လင်းကြိုင်ကို ဖေဖေ သိတယ် မဟုတ်လား"

"သိသားပဲ၊ သူ ဘာဖြစ်နေလို့လဲ"

"သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ အပူဓာတ်နဲ့ အအေးဓာတ်နှစ်ခုက ပဋိပက္ခ ဖြစ်ပြီး ဝေဒနာခံစားနေရတယ်လို့ ဂိုဏ်းချုပ်ကြီး မေရှောင်ထင်းက ပြောလိုက်တယ်"

စန္ဒကွမ်းရှောင်ထင်း မျက်မှောင်ကြုတ်သွားလေ၏။

"သည်သူငယ် တော်တော်ကံထူးတဲ့ သူငယ်ပဲ"

သူသည် အနည်းငယ် စဉ်းစားလိုက်ပြီး...

"သူ့ရဲ့ခန္ဓာကိုယ်မှာ ရှိနေတဲ့ အပူအအေး အတွင်းအားကို သဟဇာတ ဖြစ်အောင် ပေါင်းစပ်ပေးနိုင်မယ်ဆိုရင် တစ်နေ့ သူဟာ သိုင်းလောကမှာ ပြိုင်စံရှားတဲ့ သိုင်းပညာရှင်တစ်ယောက် ဖြစ်လာ

နိုင်တယ်"

"ဟုတ်ကဲ့၊ ဂိုဏ်းချုပ်မေရှောင်ထင်းလဲ သည်အတိုင်း ပြောပါတယ်"

စန့်ကွမ်းရှောင်ထင်းက ခေါင်းညိတ်လိုက်သည်။

"အခု သူလိုအပ်နေတာက သူ့ရဲ့ ပိတ်နေတဲ့ သွေးကြောတွေကို အတွင်းအားနဲ့ ထိုးဖောက်ဖွင့်ပေးဖို့ပဲ"

"ဟုတ်ကဲ့၊ ဂိုဏ်းချုပ်ကြီးမေရှောင်ထင်းက လုပ်ပေးပါတယ်"

"အခြေအနေကော ဘယ်လို ရှိသလဲ"

"ဘာမှ အကြောင်းမထူးလို့ သမီးက ဖေဖေ့ဆီကို လာပြီး အကူအညီတောင်းတာပါ"

စန့်ကွမ်းရှောင်ထင်းက ရယ်မောလိုက်သည်။

"လေလွင့်ဂိုဏ်းချုပ်တစ်ယောက်လုံးတောင် သွေးကြောပွင့်အောင် မလုပ်ပေးနိုင်ရင် ဖေဖေရော ဘာထူးမှာလဲ"

ဟုန်ရွက်က ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

"မဟုတ်သေးဘူး ဖေဖေ၊ လေလွင့်ဂိုဏ်းချုပ်က ဖေဖေသာ ကူညီမယ်ဆိုရင် လင်းကြိုင်ရဲ့ သွေးကြောတွေ ပွင့်သွားနိုင်မယ်လို့ ပြောပါတယ်"

ဟုန်ရွက်၏အဖြေကို စန့်ကွမ်းရှောင်ထင်း သဘောကျသွားသည်။

"သူက ငါ့ကို တော်တော်အထင်ကြီးတာပဲကိုး"



"ဖေဖေ ကူညီမယ် မဟုတ်လား"

ဟုန်ရွက်က တိုက်တိုက်တွန်းတွန်း လေသံဖြင့် မေးလေသည်။

စန့်ကွမ်းရှောင်ထင်းက ရယ်မောရင်း ခေါင်းညိတ်လိုက်၏။

"သမီးက ကူညီစေချင်လို့ လာပြောတာပဲ၊ ကူညီရမှာပေါ့"

ဟုန်ရွက် ဝမ်းသာသွားသည်။

သို့ရာတွင် စန့်ကွမ်းရှောင်ထင်းက သူမအား အဓိပ္ပါယ်ပါပါ စူးစိုက်ကြည့်လိုက်သဖြင့် ရှက်သွေးဖြာကာ ခေါင်းငုံ့ထားလိုက်လေသည်။

* * *

ဟုန်ရွက်သည် ငြိမ်းချမ်းကျေးရွာသို့ ပြန်သွားပြီ ဖြစ်သည်။

ဖုံးရှင်မှာ မခံချင်စိတ်များ ဝင်ရောက်လာ၏။

လင်းကြိုင်ကို စန့်ကွမ်းရှောင်ထင်းတစ်ယောက်တည်းသာ ကုသနိုင်သည်ဆိုခြင်းကို မခံမရပ်နိုင်အောင် ဖြစ်နေခြင်း ဖြစ်၏။

ထို့ကြောင့်...

"သည်မှာ ငါ့တပည့်၊ မင်းရဲ့သွေးကြော ပွင့်လာအောင် ငါ ကုသနိုင်ပါတယ်ကွာ"

လင်းကြိုင် ပြုံးလိုက်သည်။

"ဆရာ့ရဲ့အတွင်းအားက ဂိုဏ်းချုပ်ကြီးမေရှောင်ထင်းနဲ့

ယှဉ်ရင် အခြေအနေ ဘယ်လို ရှိလို့လဲ”

“သူက သာတာပေါ့ကွာ”

“သူတောင်မှ ကျွန်တော့်ရဲ့ သွေးကြောကို မဖွင့်နိုင်ခဲ့ရင် ဆရာ ဘယ်လိုလုပ် ဖွင့်နိုင်မှာလဲ”

လင်းကြိုင်၏စကားကြောင့် ဖိုးရွှင်မှာ ပို၍ပင် မကျေမနပ် ဖြစ်သွားလေသည်။

“မင်းက မယုံဘူးပေါ့ ဟုတ်လား”

လင်းကြိုင်က ခေါင်းခါယမ်းလိုက်သည်။

“မယုံဘူး”

ဖိုးရွှင်သည် သူ၏အထုပ်ကလေးထဲမှ ဘူးကလေးတစ်ဘူးကို ထုတ်လိုက်သည်။

ထို့နောက်...

အခန်းတံခါးကို ပိတ်လိုက်သည်။

“ကဲ မင်း ခုတင်ပေါ်မှာ အိပ်နေစမ်း”

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

“ဆရာက ဘာလုပ်မလို့လဲ”

လင်းကြိုင်က နားမလည်နိုင်ဟန်ဖြင့် ဖိုးရွှင်ကို လှမ်းမေးသည်။

ဖိုးရွှင် လက်ကာပြလိုက်ပြီး...

“မေးမနေနဲ့၊ ခုတင်ပေါ်မှာသာ အိပ်ချလိုက်”

လင်းကြိုင်က ခုတင်ပေါ်သို့ လဲလျောင်းလိုက်လေ၏။



ဖိုးရွှင်က ကုလားထိုင်တစ်လုံး ဆွဲ၍ လင်းကြိုင် နံဘေးတွင် ထိုင်ချလိုက်သည်။

ထို့နောက်...

ဘူးပြားကလေးကို အဖုံးဖွင့်လိုက်လေသည်။

ဘူးပြားကလေးထဲတွင် ငွေရောင်တောက်ပနေသော အပ်ကလေးများ အရွယ်အစား အမျိုးမျိုး ရှိနေသည်ကို တွေ့ရလေသည်။

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

“ခင်ဗျားက ကျုပ်ကို အပ်စိုက်ပညာနဲ့ ကုသပေးမလို့လား”

ဖိုးရွှင် ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

သူသည် အပ်ကလေးတစ်ချောင်းကို နှိုက်ယူလိုက်လေသည်။

လင်းကြိုင် ထထိုင်လိုက်သည်။

“အရမ်း မလုပ်ပါနဲ့ဗျာ၊ ကျုပ်သေသွားပါဦးမယ်”

လင်းကြိုင်က ထိတ်ထိတ်ပျာပျာဖြင့် ပြောသည်။

ဖိုးရွှင်က သူ့အား တွန်းလှဲလိုက်လေသည်။

“အသာနေစမ်းပါ၊ မင်းက သေရမယ့် အတူတူ ငါလက်တည့် စမ်းချင်လို့ပါ”

ဖိုးရွှင်၏စကားကြောင့် လင်းကြိုင်မှာ ပို၍ ကျောချမ်းသွားလေသည်။

သို့သော်...

ဘာမှပြန်မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ဖုံးရှင်သည် လင်းကြိုင်၏သွေးကြောများကို ငွေအပ်အရွယ် အစား အမျိုးမျိုးဖြင့် စိုက်ပေးလိုက်လေသည်။

ယင်းကဲ့သို့ စိုက်ပေးလိုက်သောအခါ လင်းကြိုင်၏ခန္ဓာကိုယ်တစ်ခုလုံးသည် ရုတ်တရက် နွေးထွေးလာပြီး နေရထိုင်ရ လွန်စွာသက်တောင့်သက်သာ ရှိသွားလေသည်။

ဖုံးရှင်က သူ့အား တစ်ချက်ကြည့်လိုက်သည်။

"မင်း ဘယ့်နှယ်နေသေးလဲ"

လင်းကြိုင်က ခေါင်းညိတ်လိုက်သည်။

"အတော် သက်သာသွားသလိုပဲ"

ဖုံးရှင် ကျေနပ်စွာ ပြုံးလိုက်သည်။

"တကယ်လို့ မင်းရဲ့ ဝေဒနာ ပျောက်ကင်းသွားရင် ငါက အပ်စိုက်ကုသပေးတယ်လို့ ဘယ်သူ့ကိုမှ မပြောရဘူး"

လင်းကြိုင်က စဉ်းစားခြင်းမပြုဘဲ ခေါင်းညိတ်ကတိပြုလိုက်လေသည်။

"စိတ်ချပါ ဆရာရယ်"

ထိုစဉ်…

မေကျင်းသည် အခန်းထဲသို့ လှမ်းဝင်လာလေသည်။

ဖုံးရှင်က လှည့်ကြည့်လိုက်၏။

"ကိစ္စ ရှိလို့လား"

ဖုံးရှင်၏စကားက မေကျင်း ဝင်ရောက်လာသည်ကို မကျေ



နပ်ကြောင်း သိသာထင်ရှားစေသည်။

မေကျင်းက ပြုံးပြလိုက်ပြီး…

"အပြင်ဘက်မှာ ကဝေမယ် ရောက်နေပါတယ်၊ ရှင့်ကို တွေ့ချင်တယ် ပြောပြီး ထိုင်စောင့်နေတယ်"

ဖုံးရှင်၏မျက်နှာတစ်ခုလုံးသည် ရှုံ့မဲ့သွားလေတော့သည်။

သို့သော်…

သူသည် ကဝေမယ်အား မတွေ့လျှင် ကဝေမယ်က အတင်းဝင်တွေ့မည်ကို သိသဖြင့် စိတ်ထဲက မကျေနပ်သော်လည်း အောင့်သက်သက်ဖြင့် ထွက်တွေ့လိုက်ရလေသည်။

* * *

လင်းကြိုင်သည် ခန္ဓာကိုယ်ထဲ၌ ဖြစ်ပေါ်နေသော အပူဓာတ်နှင့် အအေးဓာတ် ပဋိပက္ခ ဖြစ်ပေါ်နေမှု ဝေဒနာကို ဖုံးရှင်က အပ်စိုက်ကုသပေးလိုက်သောကြောင့် သက်သာပျောက်ကင်းသွားပြီ ဖြစ်လေသည်။

ဝေဒနာပျောက်ကင်းချိန်တန်၍ ပျောက်ကင်းသွားသည်လော။

သို့တည်းမဟုတ် ဖုံးရှင်၏အပ်စိုက်ပညာ ကျွမ်းကျင်မှုကြောင့် ပျောက်ကင်းသွားသည်လော ဆိုသည်ကို လင်းကြိုင် ဝေခွဲမရနိုင်ဘဲ ဖြစ်နေ၏။

မည်သို့ဆိုစေ...

သူသည် ငြိမ်းချမ်းကျေးရွာသို့ ထွက်ခွာသွားနိုင်ပြီ ဖြစ်သည်။

သူသည် မဆိုင်းမတွပင် ငြိမ်းချမ်းကျေးရွာသို့ ထွက်ခွာသွားသည်။

ငြိမ်းချမ်းကျေးရွာတွင် စန္ဒကွမ်းရောင်ထင်းနှင့် တွေ့ခွင့်တောင်းပြီး သွယ်ဝိုက်မနေတော့ဘဲ သူ၏လိုအင်ဆန္ဒကို ပွင့်ပွင့်လင်းလင်းပင် တဲ့တိုးထုတ်ဖော်ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ကျွန်တော် စကားတစ်ခွန်းလောက် ပြောချင်ပါတယ်"

စန္ဒကွမ်းရောင်ထင်းက သူ့အား အကဲခတ်ကြည့်ရင်း...

"နေပါဦး၊ မင်းရဲ့ဝေဒနာ ပျောက်ကင်းသွားပြီလား"

လင်းကြိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ပျောက်ကင်းသွားပါပြီ"

စန္ဒကွမ်းရောင်ထင်း မျက်မှောင်ကြုတ်သွားသည်။

"မင်းကို ဘယ်သူ ကုပေးလိုက်တာလဲ"

လင်းကြိုင်က...

"ကျွန်တော့်ဆရာ ဖုံးရှင်ပါ"

"ဖုံးရှင်"

စန္ဒကွမ်းရောင်ထင်းက ထိုနာမည်ကို တီးတိုးရေရွတ်လိုက်မိလေသည်။



ထို့နောက်...

ဆတ်ခနဲ ခေါင်းညိတ်ကာ...

"ဒါဆို သူက ဘယ်ဆိုးလို့တုန်း"

အမှန်မှာ စန္ဒကွမ်းရောင်ထင်းသည် လင်းကြိုင်၏ ဝေဒနာ ပျောက်ကင်းသွားသည်ကို အလွန်ပင် အံ့သြလျက် ရှိနေ၏။

လင်းကြိုင်ဆိုသူကို စိတ်ဝင်စားလာလေသည်။

လင်းကြိုင်မှာမူ ဟုန်ရွက်ကိုသာ စိတ်ဝင်စားလျက် ရှိနေ၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော်ပြောမယ့် စကားတစ်ခွန်းကို ပြောခွင့်ပြုပါ"

စန္ဒကွမ်းရောင်ထင်းက ခေါင်းညိတ်လိုက်သည်။

"ပြောပါ"

လင်းကြိုင်က...

"ဂိုဏ်းချုပ်ကြီးရဲ့ မွေးစားသမီး ဟုန်ရွက်နဲ့ ကျွန်တော်ဟာ လူငယ်ချင်း မေတ္တာရှိနေကြပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ကို လက်ထပ်ခွင့်ပြုပါလို့ ခွင့်တောင်းပါတယ်"

လင်းကြိုင်က ပွင့်ပွင့်လင်းလင်းပင် ပြောချလိုက်ပြီး တံခါးဝသို့ လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

ထိုအခါ...

လူနှစ်ယောက်သည် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ဒယ်အိုးကို ထမ်း၍ ဝင်ရောက်လာလေသည်။

သူတို့သည် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ဒယ်အိုးကို

စန္ဒကွမ်းရှောင်ထင်း ရှေ့တွင် ချထားလိုက်ကြ၏။

ထို့နောက်...

အခန်းအပြင်ဘက်သို့ ပြန်လည်ထွက်ခွာသွားကြလေသည်။

လင်းကြိုင်က ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ဒယ်အိုးကို ညွှန်ပြလိုက်ပြီး...

"မင်္ဂလာကြေးအဖြစ် သည်ဒယ်အိုးကို လက်ခံပါလို့ မေတ္တာရပ်ခံပါတယ်"

စန္ဒကွမ်းရှောင်ထင်းသည် ဒယ်အိုးကို ကြည့်ကာ သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား"

အတန်ကြာအောင် ရယ်မောပြီးမှ သူသည် လင်းကြိုင်အား ခြေဆုံးခေါင်းဆုံးကြည့်ကာ...

"မင်းကို ငါ့သမီးနဲ့ လက်ထပ်ပေးဖို့ဆိုတာ သဘောမတူနိုင်စရာအကြောင်း လုံးဝမရှိပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

လင်းကြိုင်က ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်လေသည်။

စန္ဒကွမ်းရှောင်ထင်းက...

"မင်းသာ ငါ့သမီးနဲ့ လက်ထပ်လိုက်ရင် ငါတို့ ငြိမ်းချမ်းကျေးရွာရဲ့ အရိုက်အရာကို တစ်နေ့မှာ ဆက်ခံရမယ်ဆိုတာ သေချာပါတယ်"

စန္ဒကွမ်းရှောင်ထင်းသည် ဟုန်ရွှက်အား တစ်ချက်ကြည့်



လိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"ဒါကြောင့် မင်းမှာ ထိပ်တန်းသိုင်းပညာရှိမှသာ ငါ့သမီးနဲ့ လက်ထပ်ခွင့်ပြုနိုင်မယ်"

လင်းကြိုင်က...

"ကျွန်တော်ဟာ အခုဆိုရင် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်နေပြီဆိုတာ ဂိုဏ်းချုပ်ကြီး သိပါလိမ့်မယ်"

စန္ဒကွမ်းရှောင်ထင်း ခေါင်းညိတ်လိုက်သည်။

"သိပါတယ်ကွာ၊ ဒါပေမယ့် လက်တွေ့စမ်းသပ်ဖို့ လိုလိမ့်မယ်"

လင်းကြိုင်က ခေါင်းညိတ်လိုက်၏။

ထို့နောက်...

ရင်ကော့လိုက်ပြီး...

"ဂိုဏ်းချုပ်ကြီး ဘယ်လိုစမ်းသပ်ချင်လို့လဲဗျ"

စန္ဒကွမ်းရှောင်ထင်း လက်ကာပြလို့သည်။

"ငါစမ်းသပ်မှာ မဟုတ်ပါဘူး"

စန္ဒကွမ်းရှောင်ထင်းသည် ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြီး

"မင်းဟာ ငါ့လိုဏ်ဂူထဲကို ဝင်ပြီးတော့ သုံးရက်တိုင်တိုင် အဓိဋ္ဌာန်ပြု နေရမယ်၊ သုံးရက်မြောက်လို့ မင်းအနေနဲ့ ဘာမှမဖြစ်ဘူးဆိုရင် ငါ့သမီးဟုန်ရွှက်နဲ့ လက်ထပ်ပေးမယ်လို့ ငါကတိပေးတယ်"

လင်းကြိုင်က ရင်ကော့လိုက်သည်။

"ကောင်းပြီလေ၊ ဂိုဏ်းချုပ်ကြီး ကြိုက်သလို စစ်ဆေးနိုင်ပါတယ်"

စန္ဒကွမ်းရောင်ထင်းက...

"အမိဌာန် ဝင်တယ်ဆိုတာ ကြိုတင်ရေမိုးချိုးရမယ်၊ ကိုယ်လက်သန့်ရှင်းပြီးမှ ဝင်လို့ ရပါတယ်၊ ဒါကြောင့် မနက်ဖြန် နံနက်စောစောကို အားလုံး အသင့်ပြင်ထားပါ၊ အသင့်ဖြစ်ရင် ငါ့ရဲ့ လိုဏ်ဂူထဲကို ငါကိုယ်တိုင် လိုက်ပို့ပေးမယ်"

"ကောင်းပါပြီ"

* * *

နောက်တစ်နေ့နံနက်...

စန္ဒကွမ်းရောင်ထင်းနှင့် သိုင်းသမားများသည် လင်းကြိုင်အား ခြံရံလျက် အမိဌာန်ပြု နေထိုင်ရမည့် လိုဏ်ဂူရှိရာသို့ ခေါ်ဆောင်သွားကြလေသည်။

ဟုန်စွက်သည် လင်းကြိုင်နှင့် ပခုံးချင်းယှဉ်၍ ရှေ့ဆုံးမှ လျှောက်နေ၏။

ထို့နောက်...

အတန်ကြာ လျှောက်မိသောအခါ လိုဏ်ဂူ အနီးသို့ ရောက်လာ၏။

လိုဏ်ဂူ တံခါးဝသို့ ရောက်သောအခါ သူတို့သည် ခြေလှမ်းရပ်တန့်လိုက်ကြလေသည်။



စန္ဒကွမ်းရောင်ထင်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ သူ၏ယောသားတစ်ယောက်က အထုပ်ကလေးတစ်ထုပ် ယူလာပြီး လင်းကြိုင်အား လှမ်းပေးလိုက်လေသည်။

လင်းကြိုင် မျက်မှောင်ကြုတ်သွား၏။

စန္ဒကွမ်းရောင်ထင်းအား တစ်ချက် ကြည့်လိုက်ပြီး...

"အဲဒါက ဘာလဲဗျ"

ဟု မေးလိုက်၏။

စန္ဒကွမ်းရောင်ထင်းက အဓိပ္ပါယ်ပါပါဖြင့် ပြုံးလိုက်လေသည်။

ပြီးလျှင်...

"မင်းအတွက် သုံးရက်စာ စားသောက်ဖို့ အစားအစာတွေ"

လင်းကြိုင်က ကမန်းကတန်း ယူထားလိုက်လေသည်။

စန္ဒကွမ်းရောင်ထင်းက...

"မင်း ငါ့ရဲ့သမီးကို မေတ္တာစစ်မှန်တယ်ဆိုတာ သေချာပါတယ်နော်"

ဟု မေး၏။

လင်းကြိုင် ခေါင်းညိတ်လိုက်သည်။

သူသည် စန္ဒကွမ်းရောင်ထင်းအား ရဲရဲဝံ့ဝံ့ကြည့်ကာ...

"ကျွန်တော် ညီမလေးဟုန်စွက်ကို မေတ္တာရှိတာ စစ်မှန်တယ်ဆိုတာ ကျိန်ပြောဝံ့ပါတယ်"

ဟု ပြောလိုက်၏။

စန္ဒကွမ်းရောင်ထင်း ပြုံးလိုက်သည်။

"ကောင်းပြီ"

ဟု ပြော၍ စကားကို ခေတ္တရပ်ကာ လင်းကြိုင်ကို အကဲခတ်ကြည့်လိုက်၏။

လင်းကြိုင်၏မျက်နှာသည် တည်ကြည်ပြတ်သားနေ၏။

ပြီးမှ သူက စကားဆက်လိုက်သည်။

"သုံးရက်မြောက်တဲ့ နေ့မှာ မင်းအသက်ရှင်ပြီး ပြန်ယူက်နိုင်မယ်ဆိုရင် ဟုန်စွက်နဲ့ လက်ထပ်ပေးပါ့မယ်"

စန္ဒကွမ်းရောင်ထင်းက အခိုင်အမာ ထပ်မံ၍ ကတိပြုလိုက်လေသည်။

လင်းကြိုင်သည် အထုပ်ကလေးကို ယူ၍ လိုဏ်ဂူထဲသို့ တန်းတန်းမတ်မတ် ဝင်သွားလေသည်။

* * *



လင်းကြိုင်သည် လိုဏ်ဂူထဲသို့ ဝင်ရောက်မိသည်နှင့် 'ဂျိန်း' ဟူသော အသံကြီးနှင့်အတူ တံခါးမကြီးသည် ပိတ်သွားလေသည်။

လင်းကြိုင်သည် ပခုံးတစ်ချက်တွန့်ကာ လိုဏ်ဂူတစ်ခုလုံးအား အကဲခတ်ကြည့်လိုက်သည်။

လိုဏ်ဂူထဲ၌ မည်သည့် အန္တရာယ်ကိုမျှ မတွေ့ရဘဲ ရှိ၏။

သူသည် လိုဏ်ဂူနံရံကိုမှီ၍ ထိုင်ချလိုက်သည်။

ထို့နောက် အထုပ်ကလေးကို ဖြေပြီး စားသောက်ဖွယ်ရာများကို စားသောက်လိုက်သည်။

ကျန်ရှိသော အစားအစာများကို ပြန်လည်သိမ်းဆည်းထားလိုက်၏။

အတန်ကြာသောအခါ အခန်းတစ်ခုလုံး ပူစပ်ပူလောင် ဖြစ်လာသည်ကို ခံစားလိုက်ရလေသည်။

အပူရှိန်သည် တဖြည်းဖြည်း ပြင်းထန်လာလေသည်။

အခြေအနေ မဟန်မှန်း သိလိုက်သည်နှင့် လင်းကြိုင်သည် အတွင်းအားကို စုစည်းကာ အပူဒဏ်မှ သက်သာအောင် ကြိုးစားသည်။

ဤသို့ဖြင့် ရေနွေးအိုးတစ်အိုးကျက်ခန့် အချိန်သို့ ကျော်လွှားလာသည်။

အပူငွေ့များလည်း တဖြည်းဖြည်း အရှိန်လျော့လာလေသည်။

နောက်ဆုံး အပူရှိန် လုံးဝပျောက်ကွယ်သွားလေ၏။

လင်းကြိုင်က လေပူမှုတ်၍ သက်ပြင်းချလိုက်လေသည်။

"အင်း တော်ပါသေးရဲ့"

သူသည် ဗိုက်ဆာလာပြန်သဖြင့် အထုပ်ကလေးကို ဖြေပြီး အစားအစာများကို ထပ်မံစားရန် လှည့်ကြည့်လိုက်သောအခါ ထို အစားအစာထုပ်ကလေးသည် တူးချစ်မတတ် ဖြစ်နေသည်ကို တွေ့ရ လေ၏။

စားသောက်၍ မရအောင် ပျက်စီးသွားပြီ ဖြစ်၏။

လင်းကြိုင်သည် သက်ပြင်းတစ်ချက်ချပြီး ထိုင်နေရာမှ ထလိုက်သည်။

"သည်လိုဏ်ဂူထဲမှာ တခြားစားစရာ ဘာရှိလဲဆိုတာ လိုက် ရှာကြည့်ဦးမှပဲ"

သူသည် တစ်ကိုယ်တည်း ရေရွတ်ပြီး လိုဏ်ဂူထဲ၌ လှည့် ပတ်ကာ စားစရာများအား ရှာဖွေလေသည်။

ရုတ်တရက် သူသည် မမျှော်လင့်ဘဲ ဝဲဘက်နံရံ၌တံခါးတစ်ခု ရှိသည်ကို တွေ့မြင်သွား၏။

"ဟောဗျာ၊ သည်မှာ လျှို့ဝှက်တံခါးတစ်ခုပါလား"

သူသည် လျှို့ဝှက်တံခါးထဲသို့ လှမ်းဝင်လိုက်လေသည်။

လျှို့ဝှက်အခန်းထဲ၌ အရိုးစုတစ်စု ထိုင်လျက် အနေအထား ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအရိုးစုမှာ နှစ်ပေါင်း မည်မျှကြာအောင် တည်ရှိနေမှန်း မသိပေ။



ပင့်ကူအိမ်များပင် ရှုပ်ပွနေသည်ကို တွေ့ရလေသည်။

လင်းကြိုင်သည် အရိုးစုရှေ့တွင် ဖုန်အလိမ်းလိမ်းပေကျံ လျက်ရှိသော စာအုပ်တစ်အုပ် ရှိနေသည်ကို တွေ့မြင်ရသည်။

သူသည် စာအုပ်ကို လှမ်းယူပြီး ဖုန်များ ခါချလိုက်သည်။

ထိုအခါ...

စာအုပ်အဖုံးပေါ်မှာ စာသားများ ပီပီပြင်ပြင် ပေါ်လာလေ သည်။

လင်းကြိုင်သည် စာအုပ်ပေါ်မှ စာများကို ဖတ်ကြည့်ရာ...

"ဝေ့ရှမ်းသိုင်းကျမ်း"

ဟု ရေးသားထားသည်ကို တွေ့မြင်လိုက်ရလေ၏။

"သြော် ငါ့ဆရာ တတ်ထားတဲ့ ပညာတွေဟာ သည်စာအုပ် ထဲကကိုး"

လင်းကြိုင် တစ်ကိုယ်တည်း ရေရွတ်လိုက်၏။

ထို့နောက် သူသည် တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး...

"ကြုံတုန်းကြုံခိုက် သည်ပညာကို သင်လိုက်ဦးမယ်"

သူသည် သိုင်းကျမ်းကို သေချာစွာ ဖတ်ကြည့်လိုက်သည်။

ထို့နောက် စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း သိုင်း ပညာရပ်များကို စတင်လေ့ကျင့်သင်ယူလေတော့သည်။

* * *

ယနေ့…

ယနေ့သည် လင်းကြိုင် လိုဏ်ဂူထဲ ရောက်ရှိသည့် သုံးရက်မြောက်သောနေ့ ဖြစ်သည်။

လိုဏ်ဂူထဲမှ လင်းကြိုင် ထွက်ရမည့် ရက်လည်း ဖြစ်၏။

စန္ဒကွမ်းရှောင်ထင်းနှင့် အပေါင်းအဖော်များသည် လိုဏ်ဂူရှိရာသို့ ရောက်ရှိလာကြလေသည်။

သူတို့သည် တံခါးကို ဖွင့်လိုက်၏။

ထို့နောက်…

လင်းကြိုင်၏အခြေအနေကို ကြည့်ရန် လိုဏ်ဂူထဲသို့ လှမ်းဝင်လိုက်ကြလေသည်။

ထိုအခါ လင်းကြိုင်တစ်ယောက် ကြမ်းပြင်ပေါ်၌ မှေ့မြောနေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟောဗျာ၊ သေများ သေသွားပြီလား"

သိုင်းသမားတစ်ယောက်က စိုးရိမ်တကြီး ရေရွတ်ပြီး အနီးကပ်၍ ကြည့်လိုက်သည်။

ဟုန်စွက်လည်း စိုးရိမ်ပူပန်စိတ်ဖြင့် ကပျာကယာ ကြည့်လိုက်သည့်အခါ လင်းကြိုင်မှာ အသက်ရှူနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လင်းကြိုင်ကား အသက်ပြင်းလှသည်။

တော်ရုံတန်ရုံ လူတစ်ယောက်ဆိုလျှင် အသက်ထွက်လောက်ပြီ ဖြစ်သည်။



ယခုမူ လင်းကြိုင် မသေသေးပါ။

"အစ်ကို"

ဟုန်စွက်၏အသံကြောင့် လင်းကြိုင် မျက်လုံးဖွင့်ကြည့်လိုက်သည်။

အနီးတွင် ဟုန်စွက် ရောက်ရှိနေသည်ကို တွေ့ရသောအခါ ဆတ်ခနဲ ထထိုင်လိုက်သည်။

"ဟင် ညီမလေး ဘယ်တုန်းက ရောက်လာတာလဲ"

ဝမ်းသာအားရပင် လင်းကြိုင်က လှမ်းမေးလိုက်၏။

ဟုန်စွက်က…

"ရှင့်ကို သေသလား၊ ရှင်သလား လာကြည့်တာ"

လင်းကြိုင် ထိုင်ရာမှ ထလိုက်သည်။

"အခုလို ငါ့ကို သတိရလို့ လာကြည့်တာ သိပ်ကိုဝမ်းသာတာပဲ"

သူသည် ပြောပြီး ဟုန်စွက်၏လက်ကို ဆွဲလိုက်၏။

ဟုန်စွက် ခေါင်းငုံ့ထားလိုက်သည်။

မျက်နှာတွင်လည်း ရှက်သွေးဖြာသွား၏။

"ကြည့်စမ်း၊ နောက်မှာ လူတွေနဲ့"

ယခုမှ လင်းကြိုင် လှမ်းကြည့်မိလိုက်သည်။

စန္ဒကွမ်းရှောင်ထင်းနှင့်တကွ လူအတော်များများ ရောက်ရှိနေသည်ကို တွေ့ရသဖြင့် လင်းကြိုင်မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

အားတုံ့အားနာဖြင့် စန္ဒကွမ်းရောင်ထင်းကို အရိုအသေ ပြု လိုက်ပြီး...

"ဂိုဏ်းချုပ်ကြီးလဲ ရောက်နေတာကိုး"

စန္ဒကွမ်းရောင်ထင်းက လင်းကြိုင်ကို အကဲခတ်ရင်း ခေါင်း ညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်း အခြေအနေကို ငါလာကြည့်တာ"

လင်းကြိုင် ပြုံးလိုက်သည်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူးဗျာ၊ ခဏလေး အိပ်ပျော် သွားတာပါ"

ဟုန်ရွက်က...

"အခုဆိုရင် သုံးရက်ပြည့်သွားပြီ၊ ဒါကြောင့် ဖေဖေက ရှင့် ကို လာကြည့်တာ"

လင်းကြိုင်၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။

"ဘာ ငါက ဒီမှာ ရောက်နေတာ သုံးရက်တောင် ရှိသွားပြီ ဟုတ်လား"

မယုံကြည်နိုင်ဟန်ဖြင့် လင်းကြိုင်က မေးသည်။

ဟုန်ရွက် ခေါင်းညိတ်ပြလိုက်သည်။

လင်းကြိုင် ဝမ်းသာသွားသည်။

သူက စန္ဒကွမ်းရောင်ထင်းအား အရိုအသေပြုလိုက်ပြီး...

"ဒီလိုဆိုရင် ကျွန်တော် အောင်မြင်သွားပြီဆိုပါတော့"

စန္ဒကွမ်းရောင်ထင်း ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်"

"ဒီလိုဆိုရင် ဟုန်ရွက်နဲ့ ကျွန်တော့်ကို ပေးစားမယ် မဟုတ် လား"

လင်းကြိုင်က ပျာပျာသလဲနှင့် စိတ်လှုပ်ရှားစွာ မေးသည်။

စန္ဒကွမ်းရောင်ထင်း ခေါင်းညိတ်လိုက်သည်။

"အေးပါကွာ၊ ငါပေးထားတဲ့ ကတိအတိုင်း မင်းတို့ကို လက် ထပ်ပေးပါ့မယ်"

လင်းကြိုင် ဝမ်းသာသွားသည်။

ဟုန်ရွက်ကို ဝမ်းသာအားရပင် ရွှန်းရွှန်းစားစား လှမ်းကြည့် လိုက်မိတော့သည်။

* * *

## မေတ္တာအကျဉ်းစံ

ဟုန်စွက်နှင့် လင်းကြိုင်တို့သည် လက်ထပ်ပွဲအတွက် ဖိတ်စာကမ်းလှမ်းရန် ဆွေးနွေးတိုင်ပင်လျက် ရှိကြသည်။

ထိုစဉ်မှာပင်…

လေလွင့်ကိုဏ်းခေါင်းဆောင် 'မေရှောင်ထင်း' ရောက်ရှိလာလေသည်။

လင်းကြိုင်သည် မေရှောင်ထင်းအား မြင်တွေ့လိုက်သည်နှင့် မျက်မှောင်ကြုတ်သွားသည်။

အဘယ်ကြောင့်မှန်းမသိ သူသည် မေရှောင်ထင်းအား မြင်တွေ့လိုက်သည်နှင့် ရင်ထဲ၌ လေးလံသလို ခံစားလာရ၏။

မေရှောင်ထင်းသည် လင်းကြိုင်ကို မြင်လျှင် မြင်ခြင်းပင်…

"ငါ မင်းကို လိုက်ရှာနေတာ အတော်ပဲ"

လင်းကြိုင်က…

"ဘာကိစ္စ ရှိလို့လဲဗျာ"



"မင်းကို လာခေါ်တာ"

မေရှောင်ထင်းသည် စကားပလ္လင်ခံမနေဘဲ တုံးတိပင် ပြောချလိုက်သည်။

လင်းကြိုင် မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်ကို ခေါ်ဖို့လာတာ ဟုတ်လား"

"ဟုတ်တယ်"

"ဘာကိစ္စလဲဗျ"

"မေကျင်းရဲ့ အခြေအနေ အတော်ဆိုးနေတယ်"

"ဗျာ၊ ဘာရောဂါများ ဖြစ်နေလို့လဲ"

"မင်းကို တွေ့ချင်တဲ့ ရောဂါ"

မေရှောင်ထင်းသည် ပြောရင်း လင်းကြိုင်၏လက်ကို ဖမ်းဆုပ်လိုက်သည်။

"ဘာမှ ထပ်မပြောနဲ့၊ ငါ့နောက်ကိုသာ လိုက်ခဲ့"

မေရှောင်ထင်းသည် ပြောပြောဆိုဆိုဖြင့် လင်းကြိုင်၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အတင်းအဓမ္မ ဆွဲခေါ်သွားတော့သည်။

လင်းကြိုင်မှာ မည်သို့မျှ မတတ်နိုင်ဘဲ ယက်ကန်ယက်ကန်ဖြင့် ပါသွားလေတော့သည်။

* * *

မေရှောင်ထင်းပြောသည့်အတိုင်း မေကျင်းသည် အိပ်ရာထဲ၌ လဲနေသည်ကို တွေ့ရလေသည်။

လင်းကြိုင်သည် မေကျင်းအပေါ် မေတ္တာမရှိသော်လည်း သနားကရုဏာစိတ်တော့ ရှိသည်။

ထို့ကြောင့်...

မေကျင်း အိပ်ရာထဲ လဲလျောင်းနေရသည်ကို တွေ့သောအခါ စိတ်မကောင်း ဖြစ်သွားလေသည်။

မေရှောင်ထင်းက လင်းကြိုင်အား ခုတင်ရှေ့သို့ ခေါ်လာပြီး မျက်လုံးမှိတ်ထားသော မေကျင်းကို အသံတိုးတိုးဖြင့် ပြောလိုက်သည်။

“သမီး မျက်လုံးဖွင့်ကြည့်စမ်း။ ဘယ်သူ ရောက်နေသလဲလို့”

မေကျင်းသည် မေရှောင်ထင်း အသံကို ကြားရသဖြင့် မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။

“ဖေဖေ ပြန်ရောက်လာပြီလား”

“ဟုတ်တယ် သမီး”

မေရှောင်ထင်းသည် ယင်းသို့ ပြောယင်း နံဘေးသို့ အနည်းငယ် ဖယ်ပေးလိုက်သည်။

လင်းကြိုင်ကို မြင်တွေ့စေရန် တမင်ရှောင်ဖယ်ပေးလိုက်ခြင်း ဖြစ်သည်။

“နောက်တစ်ယောက် ပါလာသေးတယ် ကြည့်ပါဦး”

မေကျင်းက ကြည့်လိုက်သောအခါ လင်းကြိုင် ဖြစ်နေသည်



ကို တွေ့ရလေသည်။

လင်းကြိုင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် မေကျင်း၏ရင်ထဲ ဝမ်းသာဝမ်းနည်း ဖြစ်သွားလေသည်။

“ဪ အစ်ကို ရောက်နေတာကိုး”

လင်းကြိုင်က သူမအားကြည့်ရင်း စကားမပြောဘဲ ခပ်ဆိတ်ဆိတ်နေ၏။

ရင်ထဲကမူ သနားကရုဏာသက်မိလေသည်။

မေကျင်းက မယုံမရဲဖြင့် လှမ်းကြည့်ကာ...

“ကျွန်မ အိပ်မက်များ မက်နေသလားဟင်”

“အိပ်မက် မက်နေတာ မဟုတ်ဘူး။ ဒီကောင့်ကို ငါအတင်းဆွဲခေါ်လာတာ”

မေရှောင်ထင်းက ကြားဖြတ်ဝင်ပြော၏။

မေကျင်း၏မျက်နှာ ပြုံးယောင်သမ်းလာသည်။

“ဘာပဲဖြစ်ဖြစ်လေ ကျွန်မကို အခုလို လာကြည့်ဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်”

လင်းကြိုင် ပါးစပ်ပိတ်ထားသည်။

သူ၏မလှုပ်မယှက် အမူအရာကြောင့် မေရှောင်ထင်း အားမလိုအားမရ ဖြစ်လာသည်။

“လင်းကြိုင် ပြောလိုက်ဦးလေ”

လင်းကြိုင်က စကားမပြောဘဲ ဆိတ်ဆိတ်နေမြဲပင်။

သူ၏ပုံဟန်မှာ မေကျင်းအပေါ် စိတ်ဝင်စားခြင်း မရှိ

ကြောင်း သိသာထင်ရှားလာသည်။

မေရှောင်ထင်း ဒေါသထွက်လာသည်။

"ဒီမှာ လင်းကြိုင်၊ မင်းဒဏ်ရာရတုန်းက မေကျင်း မင်းကို ဘယ်လိုပြုစုခဲ့တယ်ဆိုတာ မင်းမေ့နေပြီလား"

လင်းကြိုင်၏မျက်နှာသည် တခြားဘက်သို့ လှည့်သွားလေသည်။

"မင်းဒဏ်ရာရတုန်းကဆိုရင် မေကျင်းဟာ နေ့မအိပ် ညမအိပ် မင်းကို ပြုစုခဲ့တယ်၊ အခု မင်းကြောင့် သူဝေဒနာ ဖြစ်နေတာကို မင်းက ပြန်ပြီး မပြုစုပေးနိုင်တော့ဘူးလား"

မေရှောင်ထင်း၏လေသံတွင် ခံပြင်းမှုများ ရောယှက်ပါဝင်နေသည်။

လင်းကြိုင်က မေကျင်းအား ကြည့်လိုက်ပြီး…

"မေကျင်း၊ မင်းရဲ့ကျေးဇူး ငါ့အပေါ်မှာ ရှိပါတယ်၊ ဒါပေမယ့် မင်းနားလည်ဖို့က ချစ်ခြင်းမေတ္တာဆိုတာ အတင်းအဓမ္မယူလို့မရပါဘူး"

မေရှောင်ထင်း ဒေါသခြောင်းခြောင်း ထွက်လာသည်။

"ဟေ့ကောင်၊ မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

မေကျင်း လက်ကာပြလိုက်၏။

"သူ ဆက်ပြောပါစေ ဖေဖေ"

မေရှောင်ထင်း မကျေမနပ်ဖြင့် ပါးစပ်ပိတ်ထားလိုက်လေသည်။



မေကျင်းက လင်းကြိုင်အား ခေါင်းညိတ်ပြပြီး…

"ဆက်ပြောပါ အစ်ကို"

လင်းကြိုင်သည် မေကျင်းအား ကရုဏာသက်သော မျက်လုံးဖြင့် ကြည့်ကာ…

"မင်းရဲ့ စေတနာကို ငါလေးစားပါတယ်၊ ဒါပေမယ့် မင်းကို ငါ ညီမလေးတစ်ယောက်လိုပဲ ချစ်နိုင်ပါတယ်"

မေကျင်း၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

မေရှောင်ထင်းက စကားပြောရန် ပါးစပ်ဟလိုက်သည်။

သို့သော်…

မေကျင်းက လက်ကာပြ၍ ဟန့်တားလိုက်သည်။

လင်းကြိုင်သည် မထူးတော့သဖြင့် စကားကုန်အောင် ဆက်ပြောတော့သည်။

"ငါနဲ့ ဟုန်ရွက် လက်ထပ်ဖို့ စီစဉ်ပြီးပြီ၊ အခု ဖိတ်စာရေးနေတုန်းမှာ မင်းအဖေက ငါ့ကို အတင်းခေါ်လာတာ"

မေကျင်း ရင်ထဲတွင် ခံပြင်းခြင်း၊ ရှက်ခြင်း စသည့် ခံစားမှုများကို တစ်ပြိုင်တည်း ခံစားလိုက်ရ၏။

တစ်ဆက်တည်းမှာပင် ဒေါသထိန်းမရအောင် ဖြစ်လာသည်။

သူမသည် ဆတ်ခနဲ အိပ်ယာမှ ထလိုက်သည်။

ထို့နောက်…

တံခါးပေါက်ကို ညွှန်ပြလိုက်ပြီး…

"ထွက်သွား အားလုံး ကျွန်မ အခန်းထဲက ထွက်သွားကြပါ"

သူမသည် စူးရှစွာ ပြောရင်း မေရှောင်ထင်းနှင့် လင်းကြိုင်တို့နှစ်ယောက်စလုံးကို အခန်းထဲမှ နှင်ထုတ်လိုက်လေသည်။

လင်းကြိုင်သည် စိတ်မကောင်းစွာဖြင့် အခန်းထဲမှ ထွက်သွားသည်။

မေရှောင်ထင်းက မေကျင်းအား ကရုဏာသက်သော မျက်လုံးဖြင့် တစ်ချက်ကြည့်လိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။

"ဂျိမ်း"

မေကျင်းသည် အခန်းတံခါးကို စိတ်ဆိုးမာန်ဆိုးဖြင့် ဆောင့်၍ ပိတ်ချလိုက်သည်။

ထို့နောက်...

ခုတင်ပေါ်သို့ လှဲ၍ အားရပါးရ ငိုကြွေးလိုက်တော့သည်။

* * *



မေရှောင်ထင်းနှင့် လင်းကြိုင်တို့ ဧည့်ခန်းထဲသို့ ရောက်ရှိလာပြီ ဖြစ်သည်။

နှစ်ယောက်စလုံး အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်နေကြသည်။

မည်မျှ ကြာသွားမှန်းမသိ ဟုန်စွက် ရောက်လာသည်ကို တွေ့သည့်အခါမှ လင်းကြိုင် သတိပြန်လည်ဝင်လာသည်။

သူက ဟုန်စွက် လိုက်လာသည်ကို ဝမ်းသာအားရဖြင့်...

"ဟော ညီမလေး ရောက်လာပြီ"

လင်းကြိုင်က ဝမ်းသာအားရ ဆီးကြိုလိုက်သည်။

ဟုန်စွက် ခေါင်းညိတ်လိုက်သည်။

"ရှင့်အတွက် စိတ်ပူလို့ လိုက်လာတာ"

မေရှောင်ထင်းက ဟုန်စွက်ကို တစ်ချက်ကြည့်လိုက်ပြီး...

"မင်း ဘာလာလုပ်တာလဲ"

"ကျွန်မ အစ်ကိုလင်းကြိုင်ကို လာခေါ်တာ"

"မခေါ်ရဘူး၊ မင်းပြန်သွားပါ"

ဟုန်စွက် ခေါင်းယမ်းလိုက်သည်။

"ကျွန်မပြန်ရင် သူ့ကိုပါ ခေါ်သွားရမှာပဲ"

ဟုန်စွက်က ခေါင်းမာစွာပင် ပြန်ပြောသည်။

မေရှောင်ထင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းစိတ်ကူးယဉ်မနေနဲ့ လင်းကြိုင်ကို ငါ့သမီး မေကျင်းနဲ့ ပေးစားမလို့"

မေရှောင်ထင်းက သူဖြစ်စေချင်သည်ကို အတင်းအဓမ္မ ပြောဆိုသည်။

လင်းကြိုင် ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

"ခင်ဗျားရူးနေပြီလားဗျ၊ ကျုပ်က မေကျင်းကို လက်မထပ်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ"

မေရှောင်ထင်း မဲ့လိုက်၏။

"မင်း တကယ် ပြောတာလား"

"ကျုပ် တကယ် ပြောနေတာပါ၊ ဒါ ကလေးကစားစရာ အလုပ်မှ မဟုတ်တာ"

မေရှောင်ထင်း ခံပြင်းစွာ ရယ်မောလိုက်သည်။

"ကောင်းပြီလေ၊ မင်းလက်မခံဘူးဆိုရင် ငါက လက်ခံအောင် လုပ်ရမှာပေါ့"

ပြောပြောဆိုဆိုဖြင့် မေရှောင်ထင်းသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ...

မေရှောင်ထင်း၏အဖွဲ့သားများသည် လင်းကြိုင်နှင့် ဟုန်စွက်တို့အား လျှပ်တစ်ပြက် ဝိုင်းရံထားလိုက်ကြလေသည်။

ဟုန်စွက်က မေရှောင်ထင်းအား လှမ်းကြည့်ပြီး...

"ရှင် ဒီလိုလုပ်တာ ကျွန်မအဖေ သိသွားရင် တစ်ယောက်နဲ့တစ်ယောက် မျက်နှာပျက်ရလိမ့်မယ် ထင်တယ်"

ဟု သတိပေးလိုက်သည်။



မေရှောင်ထင်း ရယ်မောလိုက်သည်။

"ငါ့သမီးအတွက်ဆိုရင် ဘယ်သူနဲ့ပဲ ယှဉ်ရယှဉ်ရ မမှုဘူး"

သူသည် လင်းကြိုင်နှင့် ဟုန်စွက်တို့အား ဝိုင်းရံထားသည့် အဖွဲ့သားများဘက်သို့ လှည့်လိုက်သည်။

"သူတို့ကို အချုပ်ခန်းထဲ သွားထည့်ထားစမ်း"

မေရှောင်ထင်း၏ အဖွဲ့သားများသည် ဟုန်စွက်နှင့် လင်းကြိုင်တို့အား အချုပ်ခန်းထဲသို့ ဖမ်းဆီးခေါ်ဆောင်သွားကြလေတော့သည်။

* * *

မေကျင်းသည် အခန်းထဲ၌ တစ်ယောက်တည်း ငိုကြွေးလျက်ရှိသည်။

သူမသည် ငိုရင်းငိုရင်း နွမ်းနယ်ကာ အိပ်မောကျသွားလေသည်။

အိပ်ရာမှ ပြန်လည်နိုးလာသောအခါ ညမှောင်နေပြီ ဖြစ်သည်ကို တွေ့ရလေသည်။

တစ်နေ့လုံး ဘာမှမစားသောက်ရသေးသော်လည်း စားသောက်လိုသော ဆန္ဒမရှိပေ။

တစ်ယောက်တည်း တိတ်ဆိတ်စွာဖြင့် တွေးတောနေ၏။

သူမသည် လင်းကြိုင်နှင့် တွေ့ခဲ့သည့် အချိန်မှစပြီး ယနေ့

အထိ အဖြစ်အပျက်အစုံအလင် တစ်ပိုင်းတစ်ကန့်စီ ပြန်လည်မြင်ယောင်လာသည်။

ယင်းကဲ့သို့ ပြန်လည်မြင်ယောင်မိသောအခါ လင်းကြိုင်သည် မိမိအပေါ် စေတနာသန့်သန့်ဖြင့် ညီမလေးတစ်ယောက်ကဲ့သို့ ချစ်ချင်ခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့်...

လင်းကြိုင် အနေဖြင့် မိမိအပေါ် လက်မထပ်နိုင်သည်မှာ အပြစ်ဆိုဖွယ် မရှိကြောင်း ဆင်ခြင်တွေးတောလာမိသည်။

ချစ်ခြင်းမေတ္တာသည် အတင်းအဓမ္မ ရယူနိုင်ခြင်း မရှိသည်ကိုလည်း ကောင်းစွာ နားလည်သဘောပေါက်လာလေသည်။

မိမိသည် လင်းကြိုင်အပေါ် တစ်ဖက်သတ် သံယောဇဉ်ရှိနေခြင်းမှာ အဓိပ္ပါယ်မရှိဟု တွေးမိလာသည်။

ယင်းသို့ တွေးမိလိုက်သည်နှင့် တစ်စုံတစ်ခု ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

"ငါဟာ မေတ္တာတရားအတွက်နဲ့ အလကား အချိန်ကုန်ခံပြီး ဒုက္ခမခံစားချင်တော့ဘူး။ သိင်းပညာကောင်းကောင်း ကြိုးစားပြီး ဖေဖေ့ရဲ့ အဖွဲ့ကို တိုးတက်အောင် လုပ်မယ်၊ ဖေဖေ့ကျေးဇူးကို ဆပ်ရာလဲ ရောက်မယ်"

သူမသည် ယင်းသို့ ဆုံးဖြတ်လိုက်သည်နှင့် ခံစားရသောဝေဒနာများသည် တမုဟုတ်ချင်းဆိုသလို ပျောက်ကွယ်သွားတော့၏။



ကိုယ်လက်ပေါ့ပါးလာသည်ကိုလည်း ခံစားလိုက်ရ၏။

သူမသည် အိပ်ရာထဲမှ ထလိုက်ပြီး အခန်းတံခါးကို ဖွင့်၍ထွက်လာလေသည်။

ဧည့်ခန်းထဲသို့ ရောက်ရှိလာသောအခါ မေရှောင်ထင်းတစ်ယောက်တည်း အရက်ထိုင်သောက်နေသည်ကို တွေ့ရ၏။

လင်းကြိုင်ကို မတွေ့ရတော့ပေ။

မေရှောင်ထင်းက သူမအား မြင်တွေ့သွားကာ...

"သမီး ဘယ့်နှယ်နေသေးလဲ"

မေကျင်း ပြုံးလိုက်သည်။

"ကျွန်မ နေကောင်းသွားပါပြီ"

"ဟင်"

မေရှောင်ထင်း အံ့ဩသွားသည်။

သောက်လက်စ အရက်ခွက်ကို စားပွဲပေါ်သို့ ချထားလိုက်ပြီး...

"သက်သာသွားပြီ ဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ"

မေရှောင်ထင်းက အရက်ကို ဆက်သောက်လိုက်၏။

"သမီးကို သစ္စာဖောက်တဲ့ လင်းကြိုင်နဲ့ ဟုန်စွက်ကို ဖေဖေ ဖမ်းထားလိုက်ပြီ"

မေကျင်း မျက်မှောင်ကြုတ်သွားသည်။

မေရှောင်ထင်း၏စကားကို နားမလည်နိုင်သလို လှမ်း

ကြည့်ပြီး…

“ဘာဖြစ်လို့လဲ ဖေဖေ”

“ဒီကောင် တော်တော်လူပါးဝတယ်၊ ငါ့သမီးကို လက်ထပ်ဖို့ ငြင်းတဲ့အတွက် သူ့ကိုချုပ်ထားတာပါ”

မေကျောင်းက မေရှောင်ထင်းအနီးသို့ ချဉ်းကပ်သွား၏။

“ဖေဖေ ကျွန်မ စကားတစ်ခွန်းပြောပါရစေ”

“ပြောပါ သမီး”

“သမီး တော်တော်ကြာကြာ စဉ်းစားပြီးမှ သဘောပေါက်လာတယ်ဖေဖေ”

မေရှောင်ထင်း မျက်မှောင်ကြုတ်သွားသည်။

မေကျောင်း၏စကားကို နားမလည်နိုင်ဘဲ ဖြစ်သွားပုံရသည်။

“သမီး ဘာကို ဆိုလိုတာလဲ”

မေကျောင်းက…

“ချစ်ခြင်းမေတ္တာဆိုတာ အတင်းအဓမ္မ မရယူနိုင်ဘူးဆိုတာလေ”

မေရှောင်ထင်း ခေါင်းညိတ်လိုက်သည်။

“ဒါတော့ ဟုတ်တယ်”

“ဒါကြောင့် အစ်ကိုလင်းကြိုင်က ကျွန်မကို လက်မထပ်နိုင်တာ အပြစ်မရှိပါဘူး”

မေရှောင်ထင်း ခေါင်းယမ်းလိုက်သည်။

“မဟုတ်သေးပါဘူး၊ ဒီကောင်ကိုက လူပါးဝတာ”



မေရှောင်ထင်းသည် ရုတ်တရက် ဒေါသထွက်လာဟန်ဖြင့် စားပွဲကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

“ကြည့်လေ၊ သူ ဝေဒနာ ဖြစ်တုန်းက သမီးက နေ့မအိပ် ညမအိပ် ပြုစုခဲ့တယ်၊ ဒီကျေးဇူးကို ဘာကြောင့် မထောက်တာလဲ”

မေရှောင်ထင်း မကျေမနပ်ဖြင့် ပြောသည်။

မေကျောင်းက…

“သူဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပါ၊ ကျွန်မ သူ့ကို ပြုစုတာ ကျေးဇူးဆပ်တဲ့ သဘောပါ”

မေကျောင်းသည် မေရှောင်ထင်း၏လက်ကို အသာအယာ ဆုပ်ကိုင်ပြီး စကားဆက်လိုက်သည်။

“အခုအချိန်ကစပြီး ကျွန်မသိုင်းပညာကို ကြိုးစားသင်မယ်၊ တစ်ချိန်ချိန်မှာ ဖေဖေ့ရဲ့ အဖွဲ့ကြီးကို အလုပ်အကျွေးပြုပြီး ဖေဖေ့ရဲ့ ကျေးဇူးဆပ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ”

မေကျောင်း၏စကားကို ကြားလိုက်ရသည့်အခါ မေရှောင်ထင်း ဝမ်းသာသွားသည်။

“ဟာ ဒါမှ ငါ့သမီးကွ”

မေကျောင်းပြုံးလိုက်သည်။

“အစ်ကိုလင်းကြိုင်နဲ့ ဟုန်စွက်တို့ကို ပြန်လွှတ်လိုက်ပါ ဖေဖေ နော်”

မေရှောင်ထင်း၏ပြုံးနေသော မျက်နှာသည် ချက်ချင်းတည်သွား၏။

"သူတို့ကို မလွှတ်ချင်သေးဘူး"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဒီကောင့်ကိုက ငါ့သမီးရဲ့ မေတ္တာကို လုံးဝတန်ဖိုးမထားတဲ့အတွက် သူ့ကို"

မေရှောင်ထင်းသည် ပြောရင်း မျက်လုံးမဖွင့်နိုင်တော့ဘဲ စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားလေသည်။

မေရှောင်ထင်းသည် အရက်အလွန်အကျွံ သောက်ထားသဖြင့် လူမှန်းသူမှန်း မသိအောင်မူးနေမှန်း မေကျင်း နားလည်လိုက်၏။

ထို့ကြောင့်...

သူမသည် မေရှောင်ထင်းကို နေသားတကျ ဖြစ်အောင် ပြုပြင်ပေးပြီး အခန်းထဲမှ ထွက်ကာ အချုပ်ခန်းရှိရာသို့ ဦးတည်လျှောက်သွားလေတော့သည်။

* * *



လင်းကြိုင် ဒေါသခြောင်းခြောင်း ထွက်နေသည်။

"ဒီအဘိုးကြီး လူပါးဝတယ်၊ ငါ မကျေနပ်ဘူး"

ဒေါသတကြီး ဖြစ်နေသော လင်းကြိုင်ကို ဟုန်စွက်က ချော့မော့ဖျောင်းဖျနေ၏။

"အစ်ကို သိပ်လဲစိတ်မတိုပါနဲ့၊ ဘဘမေရှောင်ထင်းဟာ အရက်မူးနေလို့ပါ၊ အရက်မူးပြေရင် ကျွန်မတို့ကို ပြန်လွှတ်ပေးမှာပါ"

သူမသည် ပြောနေရင်း မေကျင်း ရောက်လာသည်ကို တွေ့မြင်သွားလေသည်။

"ဟင် မေကျင်းပါလား၊ ညီမရောဂါ သက်သာသွားပြီလား"

မေကျင်း ပြုံးလိုက်သည်။

"ဟုတ်ကဲ့ သက်သာသွားပါပြီ"

သူမသည် ပြောရင်း အချုပ်ခန်းတံခါးသော့ကို ဖွင့်ပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။

"အားနာစရာ ကောင်းလိုက်တာရှင်"

မေကျင်းက အမှန်တကယ် အားတုံ့အားနာ ဖြစ်ကာ တောင်းပန်စကားဆိုလိုက်သည်။

လင်းကြိုင်က သူမအား ကြည့်လိုက်ပြီး...

"ဘာလဲ ငါတို့ကို တိတ်တိတ်ကလေး လာလွှတ်ပေးတာလား"

မေကျင်း ပြုံးလိုက်သည်။

"အခုလို ဖြစ်ရတာ ကျွန်မရဲ့အပြစ်ပါ၊ ကျွန်မတောင်းပန်ပါတယ်ရှင်"

လင်းကြိုင် အချုပ်ခန်းထဲမှ ထွက်လာသည်။

ဟုန်စွက်က မေကျင်းအား ခေါင်းညိတ်၍ ကျေးဇူးတင်စကား ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ညီမ"

"ကျွန်မက တောင်းပန်ပါတယ်ရှင်"

တစ်ဆက်တည်းမှာပင် သူမသည် လင်းကြိုင်အား ပြုံးပြလိုက်ပြီး…

"အစ်ကို ဖေဖေတော့ အရက်မူးနေတယ်၊ အစ်ကို ဆက်နေချင်လဲ နေနိုင်တယ်၊ သွားစရာရှိရင်လဲ သွားနိုင်ပါတယ်"

ဟုန်စွက်က…

"မမက အိမ်ကို ပြောမလာဘဲ ထွက်လာခဲ့လို့ စိတ်ပူနေမှာစိုးရတယ်၊ မမတို့ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

လင်းကြိုင်နှင့် ဟုန်စွက်တို့သည် မေကျင်းအား နှုတ်ဆက်ကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခွာခဲ့ကြလေတော့သည်။

* * *



## လျှို့ဝှက်အမိန့်

လင်းကြိုင်နှင့် ဟုန်စွက်တို့သည် ငြိမ်းချမ်းကျေးရွာသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

သူတို့သည် ခရီးရောက်မဆိုက်ပင် ဂိုဏ်းချုပ်ထံ သွားရောက်တွေ့ဆုံသည်။

စန္ဒကွမ်းရှောင်ထင်းက လင်းကြိုင်အား တွေ့မြင်သောအခါ

"မင်းပြန်လာပြီ ဟုတ်လား"

လင်းကြိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါနဲ့ အရက်သမားမေရှောင်ထင်းက မင်းကို ဘယ်ခေါ်သွားတာလဲ"

"သူ့ဌာနချုပ်ကို ခေါ်သွားတာပါ"

စန္ဒကွမ်းရှောင်ထင်း မျက်မှောင်ကုပ်သွားသည်။

"ဘာကိစ္စ ခေါ်သွားတာလဲ"

လင်းကြိုင် ဖြေရခက်သွားသည်။

ဘယ်လို ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

ထိုစဉ်...

ဟုန်စွက်က ကြားဖြတ် အဖြေပေးလိုက်သည်။

"သူ့မွေးစားသမီး မေကျောင်းနဲ့ လက်ထပ်ပေးချင်လို့တဲ့"

စန့်ကွမ်းရှောင်ထင်း မျက်မှောင်ကြုတ်သွားသည်။

"သူ့သမီးနဲ့ လက်ထပ်ပေးမယ် ဟုတ်လား"

ဟုန်စွက် ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့်"

သူမသည် မေကျောင်း၏သဘောပေါက် နားလည်မှုရှိကြောင်း အသေးစိတ် ပြန်လည်ပြောပြလိုက်သည်။

စန့်ကွမ်းရှောင်ထင်း ခေါင်းညိတ်လိုက်သည်။

"မေကျောင်းဆိုတဲ့မိန်းကလေးဟာ ဟစ်နေ့မှာ ယောကျ်ားသားတွေနဲ့တန်းတူ သိုင်းလောကမှာ ကျော်ကြားလာမှာ ဖေဖေ မြင်ယောင်ပါတယ်"

လင်းကြိုင်သည် စန့်ကွမ်းရှောင်ထင်း၏ စကားကို စိတ်မဝင်စားချေ။

"ကျွန်တော်တို့ လက်ထပ်ပွဲကို ဆက်လုပ်သွားရမှာလား ဂိုဏ်းချုပ်ကြီး"

လင်းကြိုင်သည် မိမိ လိုလားချက်ကို ဒွဲဒိုးပင် ပြောချလိုက်



လေသည်။ စန့်ကွမ်းရှောင်ထင်း လက်ကာပြလိုက်သည်။

"အခြေအနေအရ မင်းတို့ လက်ထပ်ပွဲကို တစ်လလောက် ရွှေ့ဆိုင်းထားစေချင်သေးတယ်"

လင်းကြိုင် မကျေမနပ် ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ ဂိုဏ်းချုပ်ကြီး"

စန့်ကွမ်းရှောင်ထင်းက...

"လာမယ့်ရက် မကြာမီ အချိန်မှာ သိုင်းလောကသားတွေကို ဖိတ်ခေါ်ပြီး ရေမြေ့ရှင်ဂိုဏ်းကို ဖြိုခွင်းဖို့ အစီအစဉ်ရှိတယ်၊ မင်းတို့ လက်ထပ်ပွဲ လုပ်လိုက်ရင် အစည်းအဝေးကိုသွားပြီး ထိခိုက်မလားလို့"

ဟုန်စွက်က မဆိုင်းမတွ ခေါင်းညိတ်ကာ...

"ဟုတ်ပါတယ် ဖေဖေ၊ အများအတွက် လုပ်ရမယ့် အလုပ်ကို ဦးစားပေးသင့်ပါတယ်"

ဟုန်စွက် စကားကြောင့် လင်းကြိုင်မှာ မချင့်မရဲ ဖြစ်သွား၏။ စန့်ကွမ်းရှောင်ထင်းက ပြုံးလိုက်သည်။

"ငါ့သမီးက ဘယ်ဆိုးလို့တုန်း၊ ဒါဖြင့် မင်းတို့ရဲ့ မင်္ဂလာပွဲကို နောက်တစ်လ ရွှေ့လိုက်ကြပါဖို့"

လင်းကြိုင်သည် စိတ်ထဲ မကျေမနပ် ဖြစ်နေသော်လည်း ကန့်ကွက်စရာ အကြောင်း မရှိသောကြောင့် လက်ခံလိုက်ရလေတော့သည်။

* * *

ည…။

လူခြေ တိတ်ဆိတ်သော ညဥ့်သန်းခေါင်ယံအချိန် ဖြစ်သည်။

အားလုံးသော လူများ အိပ်မောကျနေသော အချိန်လည်း ဖြစ်သည်။

သို့သော်…

လူတစ်ယောက်ကား မအိပ်သေးပါ။

ထိုလူသည် အမှောင်ရိပ်ခိုပြီး ငြိမ်းချမ်းကျေးရွာ အနီးသို့ ချဉ်းကပ်လာနေ၏။

ထိုလူကား ဘီလူးမည်းပင် ဖြစ်သည်။

ဘီလူးမည်းသည် ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

အခြေအနေမှာ သူ့ဘက် အခွင့်သာနေသည်ကို တွေ့ရသဖြင့် တံ့ဆိုင်းခြင်းမပြုဘဲ ငြိမ်းချမ်းဂေဟာ အဆောက်အအုံ နံရံကို ကျော်၍ ဂေဟာအတွင်းသို့ ဝင်ရောက်လိုက်သည်။

သူသည် ငြိမ်းချမ်းဂေဟာ၏ နယ်မြေကို ကောင်းစွာ ကျွမ်းကျင်ပုံရလေသည်။

ထို့ကြောင့်…

ကင်းပုန်းသမားများကို ကောင်းစွာ ဖြတ်ကျော်နိုင်ခဲ့ပြီး ကန့်သတ်နယ်မြေသို့ တိတ်တဆိတ် ဝင်ရောက်နိုင်ခဲ့လေသည်။

သူသည် ကန့်သတ်နယ်မြေထဲသို့ ခြေလှမ်းနှစ်လှမ်း လှမ်းမိသည်နှင့် ရုတ်တရက် ခြေလှမ်းရပ်သွားလေသည်။



မမျှော်လင့်သော အန္တရာယ်များ ဝင်ရောက်လာမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်၏။

သူသည် ထိုနေရာ၌ပင် ရပ်တန့်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထိုစဉ်မှာပင်…

သူနှင့် ကိုက်ငါးဆယ်ခန့် အကွာတွင် လူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူ ကိုယ်ပေါ်တွင် ညလူ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

သူ၏မျက်နှာနှင့် ဦးခေါင်းကို မျက်လုံးပေါက် နှစ်ခုမှ လွဲ၍ အနက်ရောင်အပတ်ဖြင့် စည်းထားသည်။

ဘီလူးမည်းသည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် ချက်ချင်းပင် ဒူးထောက်လိုက်သည်။

"သခင်ကြီးရဲ့ အမိန့်ကို စောင့်နေပါတယ်"

အနက်ရောင်ဝတ်စုံနှင့်လူ ခေါင်းညိတ်လိုက်သည်။

"အေး မင်းကိုခေါ်တာက တာဝန်တစ်ခု ပေးမလို့"

ဘီလူးမည်း ခေါင်းညိတ်လိုက်သည်။

"အမိန့်ရှိပါ သခင်ကြီး"

"ကဇဝမယ်ဟာ တို့ကို သစ္စာဖောက်သွားပြီ၊ သူ့ကို သတ်လိုက်ပါ"

အနက်ရောင်ဝတ်စုံနှင့်လူက အေးစက်စက်လေသံဖြင့် ပြောသည်။

ဘီလူးမည်းကလည်း မဆိုင်းမတွပင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ သခင်ကြီး"

ဘီလူးမည်းက ခေါင်းငုံ့၍ အရိုအသေပြုပြီးနောက် ဦးခေါင်းပြန်လည်ထောင်လိုက်သည်။

ထိုအခါ...

အနက်ရောင်ဝတ်စုံနှင့်လူကို မတွေ့ရတော့ပေ။

ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

* * *



## ကိုးနဝင်းအပ်ဘူး

ဤနေရာသည် ကြီးကျယ်သော လောင်းကစားဂေဟာတစ်ခု မဟုတ်ပါ။

သို့သော်...

သေးငယ်သော လောင်းကစားဂေဟာလည်း မဟုတ်ပါ။

အတော့်အသင့် စည်ကားသော လောင်းကစားဂေဟာ ဖြစ်သည်။

ဖိုးရွှင်သည် စားပွဲဝိုင်းတစ်ခုတွင် ဖဲကစားနေ၏။

ယနေ့အဖို့ သူ ကံမကောင်းဟု ဆိုရပေမည်။

သူသည် ညနေမှ စ၍ လောင်းကစားရာ ယခုဆိုလျှင် ငွေငါးထောင်ခန့် ရှုံးနေပြီ ဖြစ်သည်။

လောင်းကစားဂေဟာထဲသို့ ဝင်ရောက်ကစားစဉ်က သူ့အိတ်ထဲတွင် ငွေသုံးဆယ်မျှသာ ပါလာသည်။

ယခု...

သူသည် လောင်းကြေးငါးသောင်းခန့် ရှုံးနေပြီ ဖြစ်ရာ ဖဲဝိုင်းမှထရန် မဖြစ်နိုင်တော့ပါ။

ငွေငါးထောင် အကြွေးတင်နေခြင်း ဖြစ်သည်။

လောင်းစားဂေဟာ၏ စည်းကမ်းချက်အရ လောင်းကစားရာမှ ရပ်တန့်မည့်အခါ နိုင်ထားသော လောင်းကြေးများကို အပြီးပြတ် ရှင်းလင်းရမည် ဖြစ်သည်။

ဖုံးရှင်သည် ရှုံးထားသော လောင်းကြေးများကို အပြီးအပြတ် မရှင်းနိုင်သဖြင့် ဆက်လက်ကစားနေရခြင်း ဖြစ်သည်။

ကစားလေလေ ရှုံးလေဖြစ်သဖြင့် လောင်းကြေးငွေ ငါးထောင်ပင် မကတော့ပေ။

တဖြည်းဖြည်း ရှုံးကြေးများလာသည်။

ရှုံးလေ ဝိုင်းမှမထနိုင်လေ ဖြစ်နေသည်။

သူလောင်းကစားနေသော ဖဲများမှာ ဒိုင်လုပ်သူက ကလိန်ကျနေမှန်း သူသိသည်။

သို့သော်...

ကလိန်ကျပုံကို ဖော်ထုတ်နိုင်စွမ်း မရှိသဖြင့် မည်သို့မျှ မတတ်နိုင်တော့ဘဲ သိလျက်နှင့် ဆက်လက်ကစားနေရခြင်း ဖြစ်သည်။

ရှုံးကြေး တဖြည်းဖြည်း ပိုများလာသောအခါ ဖုံးရှင်၏နဖူးပေါ်မှ ချွေးများသည် ဝိုရှ်ဝိုရှ် စို့ခြဲလာလေသည်။



သူသည် အလွန်သောက ဖြစ်နေစဉ်မှာပင် လူတစ်ဦးကိုအမှတ်မထင် တွေ့မြင်လိုက်ရလေသည်။

ထိုအခါ...

သူ၏မျက်လုံးအစုံတွင် မျှော်လင့်ချက် အရိပ်အယောင်များ ရုတ်ခြည်းပေါ်ပေါက်လာလေသည်။

ဝမ်းသာအားရလည်း နှုတ်ဆက်လိုက်သည်။

"ဟာ အတော်ပဲ ညီမကို တွေ့ချင်နေတာ"

သူမြင်တွေ့ရသူမှာ ကဝေမယ်ပင် ဖြစ်သည်။

ကဝေမယ်သည် ဖုံးရှင်အား လိုက်လံရှာဖွေနေခြင်း ဖြစ်လေသည်။

ဖုံးရှင်အား ရှာဖွေလိုလျှင် လောင်းကစားဂေဟာတွင်သာ ရှာ၍ တွေ့မည်ဟူသော ဆောင်ပုဒ်အရ လောင်းကစားအိမ်များသို့ လိုက်လံရှာဖွေရာမှ ယခုလို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရခြင်း ဖြစ်သည်။

သူမသည် ဖုံးရှင်က မိမိအပေါ် ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်လာသည်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။

"ကျွန်မကို တွေ့ချင်ကယ် ဟုတ်လား"

ဖုံးရှင်က ပျာပျာသလဲပင် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

"ဘာကိစ္စများလဲရှင်"

ဖုံးရှင်က ပြုံးဖြီးဖြီးဖြင့်...

"ကျူပ်မှာ ပါတဲ့ငွေကုန်ပြီလေ၊ အကြွေးတင်ပြီး ထလို့မရ တော့ဘူး။ ကျူပ်ကို ကူညီပါဦး"

ကဝေမယ် မျက်မှောင်ကြုတ်သွားလေသည်။

"ရှင်ပဲ ရှုံးနေတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လောက်များ ရှုံးနေလို့လဲ"

"ငါးထောင်"

ကဝေမယ် သက်ပြင်းချလိုက်သည်။

"ကျွန်မစိုက်ပေးလိုက်ရင် ရှင် ကျွန်မနောက်ကို လိုက်ခဲ့မှာ လား"

သွေးတိုးစမ်းသလိုဖြင့် ကဝေမယ်က မေးသည်။

ဖုံးရွှင်ကလည်း နောင်ခါလာနောင်ခါချေးဟု သဘောထား ပြီး ချက်ချင်းပင်ခေါင်းညိတ်လိုက်၏။

"စိတ်ချ လိုက်မယ်"

ကဝေမယ်က ငွေငါးထောင် ထုတ်ပေးလိုက်သည်။

ထိုအခါမှ ဖုံးရွှင်တစ်ယောက် လောင်းကစားဝိုင်မှ ထနိုင် တော့သည်။

ညဥ့်နက်သန်းခေါင်ယံ အချိန် ဖြစ်သော်လည်း ဝန်းကျင်တစ် ခုလုံးတွင် လရောင်ပက်ဖျန်းကျရောက်နေသဖြင့် လင်းနေ၏။

ထို့ကြောင့်...

ပတ်ဝန်းကျင်ရှိ အရာများကို ဝိုးတဝါး တွေ့မြင်နိုင်လေ၏။



သို့ဖြစ်ရာ အမှောင်ထုမှ ရုတ်တရက် ထွက်ပေါ်လာသော ဘီလူးမည်းကိုလည်း ကောင်းစွာ တွေ့မြင်လိုက်ရလေသည်။

ကဝေမယ်နှင့် ဖုံးရွှင်တို့ နှစ်ယောက်သည် လောင်းကစား ဂေဟာမှ ထွက်လာကြပြီး ရှေ့တောအုပ်အနီးသို့ ရောက်ရှိလာရာ သူတို့ သွားမည့် လမ်းပေါ်၌ ဘီလူးမည်းက ရပ်၍ စောင့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကဝေမယ် ခြေလှမ်းရပ်လိုက်ပြီး...

"ရှင်က ဘာကိစ္စနဲ့ ဒီကိုလာတာလဲ"

ဘီလူးမည်းက ပါးစပ်ပိတ်ထားသည်။

ကဝေမယ်ကိုသာ ငေးစိုက်ကြည့်နေ၏။

ကဝေမယ်က မဲ့ပြုံးတစ်ချက်ပြုံးကာ စကားဆက်လိုက်၏။

"ရှင် မပြောဘဲ ကျွန်မသိပါတယ်၊ သခင်ကြီးက ရှင့်ကို လွှတ် ပြီး ကျွန်မကို ရှင်းပစ်ခိုင်းတာ မဟုတ်လား"

ဘီလူးမည်း ခေါင်းညိတ်လိုက်သည်။

"အခုနေ မင်းသား သခင်ကြီးဆီကို ပြန်သွားမယ်ဆိုရင် အချိန် ရပါသေးတယ်"

ဘီလူးမည်းက ဖျောင်းဖျလိုက်သည်။

ကဝေမယ် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မဟာ မိန်းကလေးတစ်ယောက် ဖြစ်ပေမယ့် ပါးစပ် က ထွက်လာတဲ့စကားဟာ ဆင်စွယ်လို ဘယ်တော့မှ ပြန်ဝင်ရိုး ထုံးစံ မရှိဘူးရှင့်"

"မင်း တကယ် မပြန်ဘူးပေါ့"

ကဝေမယ် ခေါင်းညိတ်လိုက်သည်။

ထိုအခါ...

ဘီလူးမည်းက ဘာမှမပြောတော့ဘဲ ရှေ့တိုးကာ တိုက်ခိုက်လာတော့သည်။

ကဝေမယ်ကလည်း ခေသူတစ်ယောက် မဟုတ်ပါ။

ဘီလူးမည်း၏ တိုက်ခိုက်မှုကို ရှောင်တိမ်းရင်း အခွင့်သာသည်နှင့် တစ်ချက်တစ်ချက် ပြန်လည်တိုက်ခိုက်လိုက်သည်။

သို့သော်...

ဘီလူးမည်း၏သိုင်းပညာမှာ ဘီလူးဖြူနှင့် ကဝေမယ်တို့ထက် သာနေ၏။

ထို့ကြောင့်...

သိုင်းကွက်ငါးဆယ်ခန့် ယှဉ်ပြိုင်မိသောအခါ ကဝေမယ်၏ပခုံးတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားလေသည်။

ဘီလူးမည်းသည် ကဝေမယ်၏ တိုက်ခိုက်မှု စွမ်းအားလျော့နည်းအားပျော့သွားသည်ကို တွေ့လိုက်သည့်အခါ ကဝေမယ်အား အသေသတ်ရန် ဆက်လက်တိုက်ခိုက်လိုက်လေသည်။

ကဝေမယ်သည် ရှိသမျှ အင်အားကို အသုံးပြု၍ အလူးအလဲပင် ပြန်လည်ခုခံနေရသည်။

ဖိုးရွှင်သည် ကဝေမယ်၏ အခြေအနေ ဆိုးဝါးနေသည်ကို တွေ့သောအခါ မနေနိုင်တော့ပါချေ။



"ရပ်လိုက်"

ကပျာကယာ အောဟစ်ဟန့်တားလိုက်သည်။

ဘီလူးမည်း တိုက်ခိုက်ရာမှ ရပ်တန့်သွားသည်။

သူသည် ဖိုးရွှင်အား အေးစက်သော မျက်လုံးများဖြင့် စိုက်ကြည့်ရင်း...

"မင်းပါ သေချင်လို့လား"

ဘီလူးမည်းသည် ဖိုးရွှင်အား လှည့်၍ ကြိမ်းမောင်းလိုက်ပြီး ကဝေမယ်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ရှေ့မတိုးနဲ့"

ဖိုးရွှင်၏အသံ ဟိန်းထွက်လာသည်။

ဘီလူးမည်း ဖိုးရွှင်အား လှည့်ကြည့်လိုက်သည်။

ရုတ်တရက်...

"ဟာ"

ဘီလူးမည်း မျက်လုံးပြူးသွားပြီး အထိတ်တလန့် အော်လိုက်မိသည်။

အကြောင်းမှာ...

ဖိုးရွှင်၏လက်ထဲတွင် သေတ္တာဘူးကလေးတစ်ခုကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထိုသေတ္တာဘူးကလေး၏ပုံနှင့် ဘူးပေါ်မှ ပန်းခက်များကို တွေ့မြင်လိုက်ရသဖြင့် ဘီလူးမည်းသည် ယခုကဲ့သို့ အံ့ဩထိတ်လန့်သွားရခြင်း ဖြစ်လေသည်။

ထိုသေတ္တာဘူးကလေးကို ဘီလူးမည်း အနေနှင့် ကောင်းစွာ သိထားသည်။

ထိုသေတ္တာဘူးကလေးသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန် ကြောက်ရွံ့ရသည့် 'ကိုးနဝင်းဘူးကလေး' ဖြစ်နေသောကြောင့်တည်း။

အတန်ကြာ မှင်တက်နေပြီးမှ ဘီလူးမည်းက ထိတ်လန့်ဟန်ဖြင့် မေးလိုက်သည်။

"ဒီဘူးကို ခင်ဗျား ဘယ်ကရတာလဲ"

ဖိုးရွှင် မဲ့ပြုံးပြုံးလိုက်သည်။

"ဒီပစ္စည်း ငါ ဘယ်ကရတာလဲဆိုတာ သိချင်တာထက် မင်းအသက် မသေချင်ရင် ဒီနေရာက အမြန်ဆုံးထွက်သွားတာ ပိုကောင်းပါလိမ့်မယ်"

ဘီလူးမည်း၏မျက်နှာပေါ်တွင် ခံပြင်းဒေါသရိပ်များ ဖြစ်ပေါ်လာသည်။

"တောက်"

သူက တက်တစ်ချက်ခေါက်ရင်း ချာခနဲလှည့်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *



ကဝေမယ်သည် ပခုံးပေါ်၌ ဒဏ်ရာပြင်းထန်စွာ ရရှိထားသဖြင့် မြက်ခင်းပေါ်၌ ခြေပစ်လက်ပစ် ထိုင်ကာ အနားယူနေ၏။

ဖိုးရွှင်က အသင့်ပါလာသောဆေးဖြင့် ဒဏ်ရာကို ဆေးထည့်ပေးသည်။

ကဝေမယ်က သူ့အား မော့ကြည့်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

ကဝေမယ်၏စကားသံတွင် ကျေနပ်ပီတိ ဖြစ်မှုများ ရောယှက်ပါဝင်နေပေသည်။

ဖိုးရွှင် ပြုံးလိုက်သည်။

"မလိုပါဘူးကွာ၊ မင်း ငါ့အပေါ် ကျေးဇူးပိုများပါတယ်"

ဖိုးရွှင်သည် ကဝေမယ်၏ပခုံးကို အသာအယာ ဖေးမလိုက်ပြီး...

"ကဲ ဒီနေရာမှာ သိပ်စိတ်မချရဘူး၊ ခပ်မြန်မြန်သွားကြရအောင်"

ပြောပြောဆိုဆိုဖြင့် ဖိုးရွှင်သည် ကဝေမယ်ကို ဖေးမကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

ညဥ့်နက်အချိန် ဖြစ်သည်။

တောအုပ်တစ်နေရာတွင် လူနှစ်ယောက် တီးတိုးစကားပြောဆိုလျက် ရှိသည်။

"သခင်ကြီးခင်ဗျာ ကဝေမယ်ကို သတ်မယ့်ဆဲဆဲမှာ ဖုံးရှင်နဲ့ တွေ့လို့ လက်လျှော့ပြီး ပြန်လာခဲ့ရပါတယ်"

ဘီလူးမည်းက သခင်ကြီးဆိုသူ ဝတ်စုံနက်နှင့်လူကို အစီရင်ခံ နေခြင်း ဖြစ်သည်။

သခင်ကြီးဆိုသူ အံ့ဩသွားသည်။

"ဖုံးရှင်ကိုပါ သတ်လိုက်ပေါ့"

"ကျွန်တော်လဲ ဒီအတိုင်း လုပ်ဖို့ စိတ်ကူးထားပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

သခင်ကြီးဆိုသူက စိတ်မရှည်ဟန်ဖြင့် ကြားဖြတ်မေးလိုက်သည်။

"ဖုံးရှင်မှာ ကိုးနဝင်းအပ်ဘူး ပါလာတာ တွေ့လို့ ထွက်ပြေးလာခဲ့ရပါတယ် သခင်ကြီး"

သခင်ကြီးဆိုသူ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လို ကိုးနဝင်းအပ်ဘူး ဟုတ်လား"

"ဟုတ်ပါတယ် သခင်ကြီး"

"သေချာရဲ့လား"

ဘီလူးမည်းက...



"သေချာပါတယ် သခင်ကြီး"

သခင်ကြီးဆိုသူ ပါးစပ်ပိတ်သွား၏။

တဒင်္ဂမျှ တွေဝေငေးငိုင်သွားလေသည်။

အတန်ကြာမှ နှုတ်မှ တီးတိုးရေရွတ်လိုက်သည်။

"ဖုံးရှင်ဆိုတဲ့လူဟာ ကိုးနဝင်းအပ်ဘူးလေး ဘယ်လိုလုပ်ရထားပါလိမ့်"

သခင်ကြီးဆိုသူသည် ဘီလူးမည်းအား ထပ်မံအမိန့်ပေးလိုက်လေသည်။

"ဒီလိုဆိုရင် ဖုံးရှင်ဆိုတဲ့လူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ သေချာသွားစုံစမ်းပြီး ငါ့ကို အမြန်ဆုံး အကြောင်းကြားစမ်း"

"အမိန့်အတိုင်းပါ သခင်ကြီး"

ထိုသို့ ပြောဆိုပြီးနောက် သူတို့နှစ်ယောက် လူချင်း ခွဲလိုက်ကြတော့သည်။

* * *

## အစီအစဉ်

စန္ဒကွမ်းရှောင်ထင်းသည် ရှတ်တရက် အရေးပေါ် အစည်းအဝေးတစ်ခု ကျင်းပပြုလုပ်လိုက်၏။

သိုင်းလောကရှိ ဂိုဏ်းအသီးသီးတို့သည် မိမိတို့အဖွဲ့မှ ထိပ်တန်းသိုင်းသမားများအား အစည်းအဝေးသို့ စေလွှတ်ကြလေသည်။

ထို့ကြောင့်...

ငြိမ်းချမ်းကျေးရွာသို့ သိုင်းလောကဂိုဏ်း အသီးသီးမှ ထိပ်တန်းအဆင့် သိုင်းသမားများ စုဝေးရောက်ရှိလာကြလေသည်။

စန္ဒကွမ်းရှောင်ထင်းသည် ရောက်ရှိလာသော ဧည့်သည်များကို ကြိုဆိုဧည့်ခံပြီး နေရာချထားပေးသည်။

ထို့နောက်...

အစည်းအ[illegible]ကျင်းပလေသည်။



"ကြွရောက်လာကြတဲ့ ဂိုဏ်းအသီးသီးက ကိုယ်စားလှယ်တော်များခင်ဗျာ ကျုပ် အခုလို အစည်းအဝေး ခေါ်ယူရတဲ့ ရည်ရွယ်ချက်ကတော့"

စန္ဒကွမ်းရှောင်ထင်းသည် ကြည်လင်ပြတ်သားသော လေသံဖြင့် သိုင်းလောကသားများအား စတင်ပြောဆိုလေသည်။

"သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးနေတဲ့ ရေမြေ့ရှင်ဂိုဏ်းကို ဘယ်လိုဖြိုခွဲဖျက်ဆီးရမယ်ဆိုတာ တိုင်ပင်ဖို့ပါပဲ"

သိုင်းလောက အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များသည် လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။

သူတစ်ခွန်း ငါတစ်ခွန်းဖြင့် ဝေဖန်ပြောဆိုကြရာ ဧည့်ခန်းတစ်ခုလုံး အသံဗလံများ ဆူဆူညံညံ ထွက်ပေါ်လာလေသည်။

စန္ဒကွမ်းရှောင်ထင်းက လက်ကာပြလိုက်ရာ အခန်းတစ်ခုလုံး ငြိမ်သက်သွားသည်။

ထိုအခါမှ စန္ဒကွမ်းရှောင်ထင်းက စကားဆက်လိုက်လေသည်။

"ကျေးဇူးပြုပြီး အားလုံး ငြိမ်ငြိမ်ကလေး နေပေးကြပါခင်ဗျာ"

စန္ဒကွမ်းရှောင်ထင်းက လက်မြှောက်ပြပြီး စကားဆက်လိုက်သည်။

"ဘီလူးမည်းကိုဖမ်းဖို့ ကျုပ်မှာ အကြံတစ်ခု ရှိပါတယ်"

သူ၏စကားကြောင့် ရောက်ရှိလာသူ အားလုံး လှုပ်လှုပ်ရွရွ

ဖြစ်ကုန်ကြသည်။

စန္ဒကွမ်းရှောင်ထင်းက စကားဆက်လိုက်သည်။

"ဒီအကြံက ဘာလဲဆိုရင် ကျုပ်တို့က ငွေတွေ ပို့ဆောင်မယ့် အာမခံဌာနအဖြစ် ချန်အန်းမြို့ကို သွားမယ်ဆိုတဲ့ သတင်းကို လွှင့်ရလိမ့်မယ်၊ ဒီသတင်းက သုံးရက်ထဲနဲ့ သူ့နားထဲ ရောက်သွားပါလိမ့်မယ်"

အဖွဲ့အသီးသီးမှ သိုင်းသမားများ စိတ်ဝင်စားလာကြသည်။

စန္ဒကွမ်းရှောင်ထင်းက ဆက်၍ ပြောလိုက်သည်။

"ကျုပ်တို့လူစုဟာ အာမခံဌာနကလူတွေအဖြစ် ဟန်ဆောင်ကြရမယ်၊ တစ်ချို့က ခရီးသည်အဖြစ် ဟန်ဆောင်ပြီး အာမခံဌာနက ငွေတွေ တင်ထားတဲ့ လှည်းနောက်ကနေ မယောင်မလည် လိုက်ကြရမယ်"

စန္ဒကွမ်းရှောင်ထင်း၏ အကြံကို အားလုံးက တဖြည်းဖြည်း နားလည်သဘောပေါက်လာကြသည်။

စန္ဒကွမ်းရှောင်ထင်းက စကားဆက်လိုက်ပြန်သည်။

"ဘီလူးမည်းဟာ သူ အခွင့်သာတဲ့ နေရာကနေ ထွက်ပေါ်လာပြီး ငွေသေတ္တာကို လုယူမယ်ဆိုတာ သေချာတယ်"

အဖွဲ့အသီးသီးမှ သိုင်းသမားများသည် စန္ဒကွမ်းရှောင်ထင်း၏အကြံကို သဘောကျ၍ ခေါင်းတညိတ်ညိတ် ဖြစ်ကုန်ကြလေသည်။

စန္ဒကွမ်းရှောင်ထင်း ပြုံး၍ ဆက်ပြောလိုက်သည်။



"ဘီလူးမည်းဟာ ငွေသေတ္တာလုတာနဲ့ ကျုပ်တို့က သူ့ကို ဝိုင်းဖမ်းလိုက်ရုံပဲပေါ့ မဟုတ်လား"

အဖွဲ့အသီးသီးမှ သိုင်းသမားတစ်ရာကျော်တို့သည် ငြိမ်သက်စွာဖြင့် စန္ဒကွမ်းရှောင်ထင်း၏ စကားကို နားစွင့်နေကြလေသည်။

စန္ဒကွမ်းရှောင်ထင်း စကားဆက်လိုက်သည်။

"အခု ရေမြေ့ရှင်ဂိုဏ်းမှာ ဘီလူးဖြူ သေဆုံးသွားပြီး ကဝေမယ်လဲ ထွက်သွားပြီလို့ သတင်းရတယ်"

နေဝန်းဂိုဏ်းမှ ဖုမင်းက ရုတ်တရက် ထလိုက်သည်။

"ဟုတ်ပါတယ်၊ ကဝေမယ်ဟာ သူ့မိုက်ပြစ်ကို နောင်တရပြီး ရေမြေ့ရှင်ဂိုဏ်းကနေ နုတ်ထွက်သွားပြီလို့ ကျုပ်တို့လဲ သိရပါတယ်"

စန္ဒကွမ်းရှောင်ထင်းက သူ့အား လှည့်ကြည့်လိုက်သည်။

"သူ အခု ဘယ်ရောက်နေတယ်ဆိုတာ သိပါသလား ခင်ဗျာ"

ဖုမင်း ခေါင်းယမ်းလိုက်သည်။

"မသိပါဘူး"

စန္ဒကွမ်းရှောင်ထင်း သက်ပြင်းချလိုက်သည်။

"ထားပါတော့လေ၊ လက်ရှိ အရေးကြီးဆုံးက ဘီလူးမည်းကို အမိအရ ဖမ်းဖို့ပဲ"

ထိုစဉ်...

ဂူတန်ဂိုဏ်းမှ 'ချင်းကျင်း'က ထရပ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဘီလူးမည်းကို အပြတ်ရှင်းပစ်နိုင်မယ်ဆိုယင် ရေမြေ့ရှင်ဂိုဏ်းတစ်ခုလုံး ငြိုကွဲသလောက် ဖြစ်သွားမှာပါ"

စန့်ကွမ်းရှောင်ထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဘီလူးမည်းကို ရှင်းပစ်နိုင်ရင် သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားမှာ အမှန်ပဲ"

ငိုမိဂိုဏ်းမှ သိုင်းသမားတစ်ယောက်က ထရပ်၍...

"အခု ပြောနေတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့က ဘီလူးမည်းကို ဘယ်လိုလိုက်ရှာမလဲ၊ သူ ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူက သိမလဲ"

ထိုအခါ ချင်းစိန်ဂိုဏ်းမှ သိုင်းသမားက...

"ဒါ ဟုတ်ပါတယ်၊ ဘီလူးမည်းဟာ ရောက်လာချင်တဲ့အခါ ရောက်လာပြီး ဘယ်လိုပျောက်ပျောက်သွားတယ်ဆိုတာ မသိရလို့ သူ့ကို ဖမ်းနိုင်ဖို့ မလွယ်ပါဘူး"

စန့်ကွမ်းရှောင်ထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ ပြောတာတွေဟာ ကျုပ်တို့နဲ့ တသဘောတည်းပါပဲ၊ ဒါကို ဘယ်လိုလုပ်ကြမယ်ဆိုတာ အားလုံးစဉ်းစားကြပါ"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

"ဂိုဏ်းချုပ်ကြီးရဲ့အကြံ အလွန်ကောင်းပါတယ်"

ရောက်ရှိလာကြသည့် သိုင်းလောကသားအားလုံးက



ထောက်ခံပြောဆိုလိုက်သည်။

စန့်ကွမ်းရှောင်ထင်းက လက်နှစ်ဖက်မြှောက်၍...

"ကျေးဇူးတင်ပါတယ်၊ အားလုံး ခဏလေး ငြိမ်ပေးကြပါ"

ညီ့သည်သိုင်းသမားများ ငြိမ်သက်စွာ နားစွင့်ကြလေသည်။

စန့်ကွမ်းရှောင်ထင်းက...

"ကျုပ်ရဲ့ အကြံကို သဘောတူကြတယ်ဆိုရင် လုပ်ငန်းတာဝန် ကိုယ်စီ ခွဲယူဖို့ လိုလာပါလိမ့်မယ်"

နေဝန်းဂိုဏ်းမှ ကိုယ်စားလှယ်ဖုမင်းက ထရပ်ကာ...

"ဂိုဏ်းချုပ်ကြီးကပဲ တာဝန်ကို ခွဲဝေပေးပါလို့ ပြောချင်ပါတယ်"

ဂူတန်သိုင်းသမားက ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးပဲ တာဝန်ခွဲပေးပါ"

စန့်ကွမ်းရှောင်ထင်းက...

"အားလုံးက ကျုပ်ကို ဦးဆောင်စေခိုင်းမှတော့ တာဝန်ခွဲဝေဖို့ ကျုပ်ပြောပါ့မယ်"

စန့်ကွမ်းရှောင်ထင်းသည် ပြောပြီးသည်နှင့် ချက်ချင်းပင် သိုင်းသမားတစ်ရာကျော်တို့အား အဖွဲ့လေးဖွဲ့ ဖွဲ့လိုက်ပြီး ထမ်းဆောင်ရမည့် တာဝန်များကိုပါ အသေးစိတ် ရှင်းလင်းပြောပြလိုက်လေသည်။

"ကျုပ် အခုလို တာဝန်ခွဲပေးတဲ့နေရာမှာ နားမရှင်းတာ

ရှိယင် မေးနိုင်ပါတယ်၊ ဖြည့်စွက်လိုရင်လဲ ဖြည့်စွက်အကြံပြုနိုင်ပါတယ်"

မည်သည့်သိုင်းသမားများမျှ မေးမြန်းရန်မရှိသဖြင့် စန့်ကွမ်းရှောင်ထင်း၏ အစီအစဉ်ကို လက်ခံအတည်ပြုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

* * *

အချိန်သည် နေ့လည်ပိုင်း ဖြစ်သည်။

ကောင်းကင်မှ နေမင်းသည် ခြစ်ခြစ်တောက် ပူလောင်သော ရောင်ခြည်များဖြင့် ကမ္ဘာမြေပေါ် ပက်ဖျန်းလျက် ရှိသည်။

လူတစ်စုသည် ချန်းအန်းမြို့သို့ သွားရာ လမ်းပေါ်၌ ခရီးနှင်နေ၏။

ထိုလူစုတွင် ခြေလျင်လျှောက်သူများ ပါသလို မြင်းလှည်းများလည်း ပါသည်။

ကုန်သည်ပွဲစားများ ဖြစ်သည်ဟု ထင်မှတ်ဖွယ် ရှိ၏။

ထိုလူစုတွင် အာမခံဌာန စာတန်းပါသော အလံငယ်များ စိုက်ထူထားသည့် မြင်းလှည်းများလည်း ပါဝင်နေ၏။

မြင်းလှည်းများပေါ်တွင် သေတ္တာများ ပါရှိသည်။

ထိုသေတ္တာများကို တွေ့မြင်လိုက်ရသည်နှင့် ငွေသေတ္တာများ ဖြစ်ကြောင်း အလွယ်တကူ ခန့်မှန်းသိရှိနိုင်၏။



ထိုလူစုသည် တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိလာသောအခါ တောအုပ်ငယ်အတွင်းသို့ ဝင်ရောက်ကာ အနားယူကြလေသည်။

အာမခံဌာနမှ လူစုများမှာ အရေးကြီးနေဟန် ရှိ၏။

အနားမယူဘဲ ဆက်လက်ခရီးနှင်နေသည်။

မကြာမီ သူတို့လူစုသည် မြေကွက်လပ်တစ်ခုသို့ ရောက်ရှိလာကြလေသည်။

ထိုစဉ်မှာပင်...

လူတစ်ယောက်သည် ရုတ်တရက် ထွက်ပေါ်လာပြီး သူတို့အား ဟန့်တားလိုက်လေသည်။

"ရပ်လိုက်"

ရုတ်တရက် ဟန့်တားခံရမှုကြောင့် အာမခံဌာနမှ လူစုသည် ရပ်တန့်လိုက်ကြလေသည်။

"ဟေ့ ရေမြေ့ရှင်ဂိုဏ်းက ဘီလူးမည်းဆိုတာ ငါပဲ၊ အသက်မသေချင်ရင် ငွေသေတ္တာတွေထားပြီး နောက်ပြန်လှည့်သွားကြ"

သူ၏စကားဆုံးသွားသည်နှင့် အာမခံဌာနအား ဦးဆောင်လာသူက ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား၊ ဘီလူးမည်း၊ ဒီတစ်ခါ မင်းပြေးလို့ မလွတ်နိုင်တော့ဘူးကွ"

ထိုစကားကို အော်ဟစ်ပြောဆိုလိုက်သူမှာ စန့်ကွမ်းရှောင်ထင်း၏တပည့် ချူးရှောင်ပင် ဖြစ်သည်။

သူသည် ပြောရင်း ဓားကိုဆွဲထုတ်လိုက်သည်။

သူနှင့်အတူ ပခုံးချင်း ယှဉ်ရပ်နေသောလူမှာ ကူးလန်း ဖြစ်သည်။

သူမလည်း တိုက်ခိုက်ရန် ဓားကို အသင့်ပြင်ထား၏။

ကျန်ရှိသော အာမခံဌာနမှ လူများကလည်း လက်နက် အသီးသီး ထုတ်လိုက်ကြသည်။

ထိုသူများကား သိုင်းအဖွဲ့အသီးသီးမှ သိုင်းသမားများပင် ဖြစ်သည်။

ဘီလူးမည်း အံ့ဩသွားသည်။

"မင်းတို့က တယ်ဉာဏ်များတာကိုး၊ ဟွန်း ငါက မင်းတို့ကို ကြောက်နေရမှာလား"

ဘီလူးမည်းက ပြောရင်း ရှေ့တိုးလာသည်။

"ကြည့်ကြသေးတာပေါ့"

ချူးရှောင်က နှုတ်မှပြောကာ ဘီလူးမည်းကို ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ကူးလန်းကလည်း ညှပ်ပူးညှပ်ပိတ် ဝင်ရောက်တိုက်ခိုက် လိုက်သည်။

ဂိုဏ်းအသီးသီးမှ သိုင်းသမားများကလည်း ဘီလူးမည်း အား ဝင်ရောက်တိုက်ခိုက်ရင်း အနားယူနေကြသော သိုင်းသမား များကို အချက်ပေးလိုက်လေသည်။

ဘီလူးမည်းသည် အခြေအနေ မဟန်မှန်း သိလိုက်သည်နှင့်



အတင်းဝင်ရောက် တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ နောက်သို့ ဆုတ်၍ ပြေးလွှားသွား၏။

"မပြေးနဲ့"

ချူးရှောင်နှင့် ကူးလန်းတို့က အော်ငေါက်ရင်း ထပ်ကြပ် မကွာ ပြေးလိုက်သွား၏။

ထို့အတူ...

သိုင်းသမားများကလည်း နောက်မှ စုရုံး၍ လိုက်သွားကြ လေတော့သည်။

* * *

## ချော့မှုန်းခြင်း

ဘီလူးမည်းသည် တဟုန်ထိုး ပြေးလွှားနေသည်။

သူ့နောက်မှာ ချူးရှောင်က ထပ်ကြပ်မကွာ လိုက်နေသည်။

ကူးလန်းကမူ ခြေလှမ်းနှစ်ဆယ်မျှ နောက်ကျလျက် ရှိသည်။

ကျန်ရှိသော သိုင်းသမားများအနက် အချို့က ခြေလှမ်းတစ်ရာခန့် နောက်ကျန်ရစ်ခဲ့သည်။

အချို့က ခြေလှမ်းနှစ်ရာခန့် ကျန်ရစ်ကြသည်။

သူတို့သည် အတန်ကြာ ပြေးလွှားသွားပြီးသောအခါ ချောက်ကမ်းပါး နှုတ်ခမ်းအနီးသို့ ရောက်ရှိလာကြ၏။

ချူးရှောင်နှင့် ကူးလန်းတို့သာ ဘီလူးမည်းကို မီလာသည်။ ကျန်သိုင်းသမားများ နောက်တွင် ပြတ်၍ ကျန်ရစ်ခဲ့၏။



ဘီလူးမည်းသည် ချူးရှောင်နှင့် ကူးလန်းတို့သာ လိုက်၍ မီလာသည်ကို တွေ့သဖြင့် ခြေလှမ်းရပ်လိုက်၏။

"ဟား..ဟား..ဟား"

ဘီလူးမည်း အားပါးတရ ရယ်မောလိုက်ပြီး...

"မင်းတို့နှစ်ယောက် သေချင်လို့ လိုက်လာတာ ငါ မတတ်နိုင်ဘူး"

ပြောပြောဆိုဆိုဖြင့် ဘီလူးမည်းသည် ချူးရှောင်အား လှံချပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ချူးရှောင်၏ဓားပညာသည် ငြိမ်းချမ်းကျေးရွာတွင် အဆင့်မြင့်ဆုံး ဖြစ်သည်။

သို့သော်...

ဘီလူးမည်းနှင့် ယှဉ်ပြိုင်လိုက်သောအခါ သိုင်းကွက်နှစ်ဆယ်မျှပင် မခံနိုင်ချေ။

ဘီလူးမည်း၏လက်ချက်ဖြင့် မြေပေါ်သို့ လဲကျသွားသည်။

ဘီလူးမည်းက ဓားနှင့်မိုး၍ ချူးရှောင်ကို ခုတ်ချလိုက် သည်။

"ခွမ်း"

ကူးလန်းက ဓားဖြင့် ဝင်ရောက်ခံပေးလိုက်သဖြင့် ချူးရှောင်ကို မခုတ်မိတော့ပေ။

ချူးရှောင်က မြေပေါ်တွင် လဲကျရာမှ ကိုယ်ကို တစ်ပတ်လှိမ့်၍ ရှောင်ဖယ်လိုက်လေသည်။

ဘီလူးမည်းသည် ဒေါသထွက်ကာ ကူးလန်းအား ဖိ၍တိုက်

နိုက်လိုက်၏။

ထိုအခါ...

ချူးရောင်က ဘီလူးမည်းကို ဝင်ရောက်တိုက်ခိုက်လိုက်ပြန်သည်။

သို့ဖြင့် ချူးရောင်နှင့် ကူးလန်းတို့သည် နှစ်ယောက်သားညှပ်ပူးညှပ်ပိတ်ဖြင့် ဘီလူးမည်းအား တိုက်ခိုက်ကြလေသည်။

သို့ရာတွင် ဘီလူးမည်းကို မနိုင်သည့် အပြင် ဘီလူးမည်း၏တိုက်ခိုက်မှုကို ခံနိုင်စွမ်း မရှိနိုင်ဘဲ ဖြစ်နေကြ၏။

သူတို့နှစ်ယောက်သည် ခုခံရင်း နောက်သို့ ဆုတ်သွားရလေသည်။

နောက်မှ လိုက်လာသော သိုင်းသမားများသည် အလှမ်းဝေးဝေး ကျန်ရစ်ခဲ့သဖြင့် ဘီလူးမည်းသည် ထိုသိုင်းသမားများရောက်မလာမီ ချူးရောင်နှင့် ကူးလန်းတို့အား တရကြမ်း ဖိ၍တိုက်ခိုက်လိုက်လေသည်။

ကူးလန်းနှင့် ချူးရောင်တို့သည် အလူးအလဲပင် ခုခံနေရသည်။

ထိုအချိန်မှာပင်...

"ယား"

ဟူသော အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တစ်ဆက်တည်းမှာပင် လူတစ်ယောက်သည် ဘီလူးမည်း



နှင့် ကူးလန်းတို့ကြား ရုတ်တရက် ဝင်ရောက်လာ၏။

ချူးရောင်က ကြည့်လိုက်ရာ စန့်ကွမ်းရောင်ထင်း ဖြစ်နေသည်ကို တွေ့ရသည်။

"ဆရာ"

ချူးရောင်က ဝမ်းသာအားရပင် လွှတ်ခနဲ ခေါ်လိုက်၏။

စန့်ကွမ်းရောင်ထင်းက စကားမပြောဘဲ ဘီလူးမည်းအားတရကြမ်း ဖိ၍ တိုက်ခိုက်လိုက်သည်။

ဘီလူးမည်းမှာ မဟန်နိုင်တော့ဘဲ နောက်သို့ ဆုတ်သွားရလေသည်။

စန့်ကွမ်းရောင်ထင်း၏ ခန္ဓာကိုယ်တစ်ခုလုံးသည် လေထဲသို့ခုန်တက်သွား၏။

"ယား"

စန့်ကွမ်းရောင်ထင်း၏ ခြေထောက်တစ်ဘက်သည် လေထဲမှ နေ၍ ဘီလူးမည်း၏ ပခုံးစွန်းသို့ ကန်လိုက်၏။

"ဝုန်း"

ဘီလူးမည်း၏ ခန္ဓာကိုယ်သည် ကြိုးပြတ်သော စွန်ပမာအဝေးသို့ လွင့်စဉ်သွားပြီး ချောက်ကမ်းပါးထဲသို့ လွင့်စဉ်ကျသွားတော့၏။

"အား"

ဘီလူးမည်း၏ စူးရှသော အသံသည် တဖြည်းဖြည်း တိုး၍တိုး၍ သွားပြီး အသံလုံးဝ တိတ်သွားသည်။

ထိုအခါမှ နောက်မှ လိုက်လာကြသော သိုင်းသမားများ စုရုံးရောက်ရှိလာကြသည်။

စန္ဒကွမ်းရှောင်ထင်းက ဘီလူးမည်းအား ချောက်ကမ်းပါး ထဲသို့ ကန်ချလိုက်သည်ကို သိရ၍ အားလုံး ဝမ်းသာသွားကြလေသည်။

စန္ဒကွမ်းရှောင်ထင်း၏ အစွမ်းကိုလည်း တစ်ယောက်တစ်ပေါက် ထုတ်ဖော်ချီးကျူးကြလေသည်။

စန္ဒကွမ်းရှောင်ထင်းက သိုင်းသမားအားလုံးကို လက်နှစ်ဘက်ဆုတ်၍ အရိုအသေပြုလိုက်၏။

"အခုလို ရေမြေ့ရှင်ဂိုဏ်းရဲ့ နောက်ဆုံး လူဆိုးဖြစ်တဲ့ ဘီလူးမည်း ကျဆုံးသွားတာဟာ ကျုပ်တို့ အဖြူရောင်သိုင်းသမားတွေ စုစည်းမှုကြောင့် ဖြစ်တယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ အခုလို ညီညီညွတ်ညွတ် စုပေါင်းပြီး သိုင်းလောကရဲ့ ရန်သူကို သုတ်သင်ရှင်းလင်းနိုင်တဲ့အတွက် ကျုပ်ဟာ မိတ်ဆွေတို့နဲ့အတူ ဝမ်းသာဂုဏ်ယူမိပါတယ်ဗျာ"

ဟု လှိုက်လှဲစွာ ပြောလိုက်လေတော့သည်။

* * *



ငြိမ်းချမ်းကျေးရွာတွင် ရေမြေ့ရှင်ဂိုဏ်းကို ဖြိုခွဲလိုက်သော အောင်ပွဲ ခြိမ့်ခြိမ့်သဲ ကျင်းပသည်။

စန္ဒကွမ်းရှောင်ထင်းက ရောက်လာကြသည့် ဂိုဏ်းအသီးသီးမှ သိုင်းသမားများကို ညစာဖြင့် တည်ခင်းဧည့်ခံလေသည်။

သိုင်းသမားများသည် ရေမြေ့ရှင်ဂိုဏ်းကို ဖြိုဖျက်နိုင်ခဲ့ခြင်းအတွက် ဝမ်းသာပျော်ရွှင်စွာ စားသောက်ကြ၏။

ဟုန်ရွက်က ချူးရှောင်အား ပြုံးပြလိုက်သည်။

"အစ်ကို့ကို ကူးလန်းက ဘီလူးမည်း လက်ထဲက ကယ်တင်ခဲ့တယ်ဆိုတာ ဟုတ်ရဲ့လား"

ချူးရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူသာ ဝင်မကယ်ရင် အစ်ကိုတော့ မတွေ့ရလောက်အောင်ပါပဲ"

ဟုန်ရွက် ရယ်မောလိုက်သည်။

"ဒီလိုဆို အစ်ကိုက သူ့ကို ကျေးဇူးတင်စကား ပြောရမှာပေါ့"

ချူးရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ချူးရှောင်သည် မိမိနှင့် တစ်ခုံခြား ထိုင်နေသော ကူးလန်းအား အရိုအသေ ပြုလိုက်သည်။

"ကျုပ်အသက်ကို ဘီလူးမည်း လက်ထဲက ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ကူးလန်း ပြုံးလိုက်သည်။

"ဘီလူးမည်းကို အတူ တိုက်ခိုက်ကြတာမို့ ကျေးဇူးတင်စရာ မလိုပါဘူးရှင်"

ထိုစဉ်မှာပင် စန္ဒကွမ်းရှောင်ထင်းက ထိုင်ရာမှထပြီး လက်နှစ်ဘက် မြှောက်ထားလိုက်သည်။ အသံဗလံများသည် ရုတ်ခြည်း တိတ်ဆိတ်သွား၏။ စန္ဒကွမ်းရှောင်ထင်းပြောမည့် စကားကို အားလုံးက နားစွင့်နေကြလေသည်။

"အဟမ်း"

စန္ဒကွမ်းရှောင်ထင်း ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ကျုပ်စကားတစ်ခွန်း ပြောချင်တယ်၊ ကျေးဇူးပြုပြီး နားထောင်ကြပါ ခင်ဗျာ"

စန္ဒကွမ်းရှောင်ထင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အခုလို ရေမြေ့ရှင်ဂိုဏ်း တစ်ခုလုံး ပြိုကွဲပျက်စီးသွားတာကို ဝမ်းသာတဲ့ အနေနဲ့ အောင်ပွဲ အခမ်းအနား ကျင်းပတဲ့ အချိန်မှာ ကျုပ်အနေနဲ့ ဒီစကား ပြောဖို့တောင် ရင်လေးမိပါတယ်၊ ဒါပေမယ့် သိုင်းလောကတစ်ခုလုံး အန္တရာယ် ဖြစ်စေမယ့် ကိစ္စအဝဝကို ထိန်ချန်ထားရင် မကောင်းဘူးလို့ ယူဆတာနဲ့ အခုလို ကြုံတုန်းဆုံတုန်း ပြောပါရစေဗျာ"

စန္ဒကွမ်းရှောင်ထင်းက စကားပလ္လင်ခံလိုက်ရာ သိုင်းသမားများသည် စားသောက်ရာမှ ရပ်တန့်လိုက်ကြလေသည်။

စိတ်ဝင်စားလာကြသည်။



"ရေမြေ့ရှင်ဂိုဏ်းတစ်ခုလုံး ဖြိုဖျက်နိုင်တဲ့အတွက် ဝမ်းသာစရာပါပဲ၊ ဒါပေမယ့် အခုတလော သိုင်းလောကတစ်ခုလုံးကို အန္တရာယ်ပြုမယ့် ပုဂ္ဂိုလ်တစ်ယောက် ထပ်မံပေါ်ပေါက်လာတာ တွေ့ရပြန်ပါတယ် ခင်ဗျာ"

သူ၏စကားကြောင့် အားလုံးသော လူများသည် စန္ဒကွမ်းရှောင်ထင်းအား တအံ့တဩဖြင့် ကြည့်ကြလေသည်။

စန္ဒကွမ်းရှောင်ထင်းက စကားဆက်လိုက်သည်။

"အခုတလော သိုင်းလောကမှာ ကိုးနဝင်းအပ်ဘူးကို ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ထွက်ပေါ်လာပါတယ်၊ ဒီလူဟာ သိုင်းလောကကို အန္တရာယ် ကြီးမားစွာ ပြုမယ့် လူတစ်ယောက် ဖြစ်ပါတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ သိုင်းသမားများသည် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေသည်။

ထိုစဉ် လင်းကြိုင်က ထိုင်ရာမှ ထလိုက်သည်။

"ကိုးနဝင်းအပ်ဘူးကို ပိုင်ဆိုင်တဲ့လူ ဘယ်သူလဲဆိုတာ ကျုပ်သိပါတယ်"

သူ၏စကားကြောင့် အခန်းတစ်ခုလုံးရှိ လူများသည် သူ့အား ဝိုင်းကြည့်ကြလေသည်။

စန္ဒကွမ်းရှောင်ထင်း မျက်မှောင်ကြုတ်သွားသည်။

"ဒီလူကို မင်းသိတယ် ဟုတ်လား"

လင်းကြိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ သိပါတယ်"

"ဘယ်သူများပါလိမ့်"

လင်းကြိုင်က...

"ကျွန်တော့်ဆရာ ဖုံးရွှင်ပါ"

လင်းကြိုင်၏စကားကြောင့် အခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။ လင်းကြိုင်က ဆက်၍ ပြောလိုက်သည်။

"ကျုပ်ဆရာဖုံးရွှင်ဟာ ခင်ဗျားတို့ ထင်သလို သိုင်းလောကကို အန္တရာယ်ပြုမယ့် လူတစ်ယောက် မဟုတ်ပါဘူး"

စန္ဒကွမ်းရှောင်ထင်း သက်ပြင်းချလိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် ကိုးနဝင်းအပ်ဘူးပိုင်ရှင်ဟာ ကျုပ်နဲ့ တစ်ဆရာတည်း ပညာသင်ကြားခဲ့သူပါ၊ သူဟာ အလွန်ရက်စက်ပြီး ဆရာကိုတောင် လုပ်ကြံသွားပြီး ကိုးနဝင်းအပ်ဘူးကို ခိုးယူသွားတဲ့အတွက် ကျုပ်က သူ့နောက်ကို လိုက်ရှာနေခဲ့တာပါ။ ဒါ ကြောင့် သိုင်းလောကရဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ဒီလူကို ရှာဖွေဖော်ထုတ်ရပါ့မယ်"

အားလုံးသော လူများသည် စန္ဒကွမ်းရှောင်ထင်း၏စကားကို သဘောတူလက်ခံကြသည်။

လင်းကြိုင်က အမျိုးမျိုး ရှင်းပြသော်လည်း လက်မခံကြပါ။

ဖုံးရွှင်အား ဘုံရန်သူအဖြစ် သတ်မှတ်လိုက်ကြလေတော့သည်။

* * *



## အပြောင်းအလဲ

လင်းကြိုင်သည် မိမိ အခန်းထဲ ပြန်ရောက်လာသောအခါ ဖုံးရွှင်ကို မတွေ့ရပါ။

သူသည် ပစ္စည်းများကို လှန်လှောရှာဖွေကြည့်ရာ သေတ္တာဘူးလေးတစ်ခုကို တွေ့၍ လှမ်းယူရန် ဟန်ပြင်လိုက်စဉ်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ ဖုံးရွှင် ရောက်ရှိလာပြီး သေတ္တာဘူးကလေးအား လုယူသွား၏။

လင်းကြိုင်က...

"ဒီသေတ္တာဘူးလေးက ဘာလဲဗျ"

"ကိုးနဝင်းအပ်ဘူးလေးပါ"

လင်းကြိုင်သည် ဖုံးရွှင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ...

"ခင်ဗျား ဘယ်သူလဲဆိုတာ အမှန်အတိုင်း ပြောပြပါ"

ဖုံးရွှင်က လင်းကြိုင်ကို ပြန်ကြည့်လိုက်သည်။

"မင်းက ဘာသဘောနဲ့ မေးတာလဲ"

"စန္ဒကွမ်းရှောင်ထင်း ပြောနေတယ်၊ သိုင်းလောကကို အန္တရာယ်ပြုမယ့် ကိုးနဝင်းအပ်ဘူး ပေါ်နေတယ်ဆိုပြီး သူက ဖမ်းဖို့ ကြိုးစားနေတယ်"

"မင်း သူ့စကား ယုံလား"

လင်းကြိုင် သက်ပြင်းချလိုက်၏။

"ကျုပ်တော့ ယုံရခက်ပါတယ်"

ဖုံးရွှင် ရင်ကော့လိုက်ပြီး...

"မင်း သူ့စကား ယုံတယ်ဆိုရင် ငါ့ကိုသတ်လိုက်ပါ"

လင်းကြိုင်သည် ဖုံးရွှင်အပေါ် ယုံကြည်သွားလေသည်။

"ဆရာ့ကိုတော့ ကျုပ်ယုံပါတယ်ဗျာ"

ဖုံးရွှင် ကျေနပ်သွားလေသည်။

လင်းကြိုင် အခန်းထဲမှ ထွက်လာသောအခါ ချူးရှောင်၊ ဟုန်ရွက်နှင့် ကူးလန်းတို့အား တွေ့မြင်လိုက်ရ၏။

ချူးရှောင်သည် လင်းကြိုင်ကို မြင်သည်နှင့်...

"အစ်ကိုကြီး ဘယ့်နှယ်လဲ ကိုးနဝင်းအပ်ဘူးကို တွေ့ခဲ့ရဲ့လား"

လင်းကြိုင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တော့ နေရာမလပ် အကုန်ရှာပြီးပြီ၊ ဘာကိုမှ မတွေ့ပါဘူးဗျာ"



ချူးရှောင် မျက်မှောင်ကြုတ်သွားသည်။

"ဒီလိုဆို ဂိုဏ်းချုပ်ကို ပြန်သတင်းပို့မှ ဖြစ်မယ်"

သို့ဖြင့် သူတို့သည် စန္ဒကွမ်းရှောင်ထင်းထံ သတင်းပို့ရန် ထွက်ခွာသွားကြလေတော့သည်။

* * *

လင်းကြိုင်သည် အခန်းထဲ ပြန်လည်ရောက်ရှိလာသည်။

ထိုအခါ...

ကဝေမယ်သည် ဖုံးရွှင်အား စေ့စေ့စပ်စပ် အကဲခတ် ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ဖုံးရွှင် သက်ပြင်းချကာ...

"မင်း ဘာဖြစ်လို့ ဒီလောက်တောင် ကြည့်နေရတာလဲ"

ကဝေမယ် မဲ့ပြုံးပြုံးကာ...

"ရှင် သူများကို သွားလိမ်လို့ရမယ်၊ ကျွန်မကိုတော့ လိမ်လို့ မရဘူး"

"ကျုပ်က ဘာလိမ်လို့လဲ"

"ရှင်က ကိုးနဝင်းအပ်ဘူးပိုင်ရှင် လုကျန်းဖုံး မဟုတ်လား"

ကဝေမယ်၏စကားကြောင့် ဖုံးရွှင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

အတန်ကြာမှ သက်ပြင်းချကာ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်ဟာ သိုင်းလောကကို ဒုက္ခပေးမယ့်လူ မဟုတ်ဘူး"

လင်းကြိုင်က ကြားဖြတ်မေးလိုက်၏။

"ဒါဖြင့် ခင်ဗျားက ဘာကြောင့် နာမည်ဝှက်နဲ့ လူပေါ်အဖြစ်ဟန်ဆောင်လှုပ်ရှားနေရတာလဲ"

ဖိုးရွှင် သူ့အား တစ်ချက်ကြည့်ကာ...

"ကျုပ် အခုလို ဟန်ဆောင်ရတာ ကျုပ်ဆရာကို လုပ်ကြံသွားတဲ့ လူယုတ်မာကို စုံစမ်းရှာဖွေနေတာပါ"

လင်းကြိုင်က...

"အခုကော တွေ့ပြီလား"

"တွေ့ပြီ၊ ဒါပေမယ့် မသေချာသေးဘူး"

"ဘယ်သူလဲ"

လင်းကြိုင်နှင့် ကဝေမယ် ပြိုင်တူ မေးလိုက်၏။

ဖိုးရွှင်က တည်ကြည်သော မျက်နှာထားဖြင့်...

"စန္ဒကွမ်းရှောင်ထင်း"

ဟု တစ်လုံးချင်း ပြောလိုက်၏။

ထိုစကားကြားလျှင် လင်းကြိုင်နှင့် ကဝေမယ် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

* * *



အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

အခန်းထဲ၌ လူသုံးယောက် ထိုင်နေကြသော်လည်း မည်သူကမျှ စကားမပြောဖြစ်ပေ။

အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်နေကြ၏။

အတန်ကြာမှ ကဝေမယ်က သက်ပြင်းချကာ...

"ရှင် အခု ဘာလုပ်ဖို့ စဉ်းစားထားလဲ"

ဖိုးရွှင် သက်ပြင်းချကာ...

"ကျုပ်ကတော့ ပိုပြီးသေချာအောင် အချက်အလက်စုဆောင်းနေတယ်"

ကဝေမယ် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျွန်မ ရှင့်ကို ကူညီမယ်"

လင်းကြိုင်လည်း စဉ်းစားနေရာမှ ခေါင်းမော့ကာ...

"ကျုပ်လဲ အတတ်နိုင်ဆုံး ခင်ဗျားကို ကူညီမယ်"

ဟု လေးနက်စွာ ပြောလိုက်လေတော့သည်။

* * *

နောက်သုံးရက် အကြာတွင် စန္ဒကွမ်းရှောင်ထင်းထံ စာတစ်စောင် ရောက်ရှိလာသည်။

စာကို ဖတ်ပြီးနောက် စန္ဒကွမ်းရှောင်ထင်း၏ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်သွားလေသည်။

သူသည် လှုပ်ရှားနေသော စိတ်ကို ပြန်လည်ထိန်းချုပ်ကာ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

ပြီးနောက်...

စာကို နောက်တစ်ကြိမ် ပြန်လည်ဖတ်ကြည့်လိုက်ပြန်သည်။

"စန္ဒကွမ်းရှောင်ထင်း၊ ကျုပ်ကို ခင်ဗျားသတိရချင်မှ ရတော့မယ်၊ ဒါပေမယ့် ကျုပ်ကိုတော့ ခင်ဗျားကောင်းကောင်း သတိရမှာပါ၊ မနက်ဖြန် ညနေ အချိန် ဆရာ့ရဲ့ အုတ်ဂူကို လာပါ၊ ကျုပ်စောင့်နေမယ်

နှစ်ပေါင်းနှစ်ဆယ်က လုကျန်းဖုံး"

စန္ဒကွမ်းရှောင်ထင်းသည် စာဆုံးသွားသည်နှင့် အပိုင်းပိုင်း ဆုတ်ဖြဲကာ စိတ်ထဲမှ ကြိတ်၍ ရေရွတ်လိုက်တော့သည်။

"လုကျန်းဖုံး၊ ငါကလဲ မင်းကို တွေ့ချင်နေတာ ကြာလှပါပြီလေ"

* * *



နောက်တစ်နေ့ ညနေခင်း အချိန် ဖြစ်သည်။

စန္ဒကွမ်းရှောင်ထင်းသည် ဆရာဖြစ်သူ၏ အုတ်ဂူရှေ့သို့ ရောက်ရှိလာ၏။ ထိုအခါ...

အုတ်ဂူရှေ့တွင် ရှိနေသူတစ်ဦးအား တွေ့မြင်လိုက်ရ၏။

ထိုလူမှာ စာပေးကာ ချိန်းဆိုခဲ့သည့် လုကျန်းဖုံးပင် ဖြစ်လေသည်။ လုကျန်းဖုံးကား ဖုံးရွှင်ပင် ဖြစ်နေပေသည်။

စန္ဒကွမ်းရှောင်ထင်းက တစ်ချက်ရယ်မောရင်း...

"လုကျန်းဖုံး၊ မင်းက ငါ့ကို တွေ့ချင်တယ် ဟုတ်လား"

ဖုံးရွှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"မင်းကို ငါ အရင်တုန်းက တွေ့မယ်ဆိုရင် သတ်ပစ်မိမှာ သေချာတယ်"

စန္ဒကွမ်းရှောင်ထင်းသည် ယင်းသို့ ပြောပြီး သက်ပြင်းရှည် တစ်ချက်ချကာ စကားဆက်လိုက်၏။

"ဒါပေမယ့် ငါ အခု လူမသတ်ချင်တော့ဘူး၊ ဒီကိစ္စလဲ နှစ်ပေါင်းအတော်ကြာသွားတဲ့အတွက် ငါ ဘယ်လိုမှ သဘောမထားတော့ပါဘူး၊ နောက်တစ်ခါ ငါနဲ့ တွေ့ဖို့ ကြံရင်တော့ ငါ့အဆိုး မဆိုနဲ့"

စန္ဒကွမ်းရှောင်ထင်းသည် ယတိပြတ် စကားပြောရင်း ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

* * *

ဖိုးရှှင်သည် သူ၏ဦးခေါင်းမှ ဆံပင်များအား ရှုပ်ပွလိုက်၏။ ကိုယ်ပေါ်၌ ဝတ်ဆင်ထားသော သိုင်းသမား အဝတ်အစားကိုလည်း ချွတ်လိုက်၏။

ထိုအခါ...

လုကျန်းဖိုးအသွင် မဟုတ်တော့ဘဲ အူကြောင်ကြောင် နိုင်လှသည့် ဖိုးရှှင် အသွင်သို့ ကူးပြောင်းသွားလေသည်။

ဖိုးရှှင်သည် အုတ်ဂူရှေ့၌ ဂါရဝပြုကာ...

"ဆရာ..ဆရာ့ကို လုပ်ကြံသွားတဲ့လူ ဘယ်သူလဲဆိုတာ လိုက်စုံစမ်းတာ ကြာပြီ၊ အခုတွေ့ပြီလို့ ပြောပါရစေ၊ ဆရာ့အတွက် လက်တုန့်ပြန်ပေးပါ့မယ်"

သူသည် စန့်ကွမ်းရှောင်ထင်း ထွက်ခွာသွားရာဘက် မျှော်ကြည့်ရင်း...

"စန့်ကွမ်းရှောင်ထင်း၊ မင်းဟာ ငါထင်တဲ့လူဆိုတာ သေချာသွားပြီ၊ ဒါကြောင့်လဲ ဆရာ့အုတ်ဂူရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပေါ့"

စိတ်ထဲမှ ကြိမ်းဝါး ရေရွတ်လိုက်တော့သည်။

* * *



နေဝန်းဂိုဏ်းမှ ခေါင်းဆောင်ယို့ဟူးသည် သိုင်းလောကတစ်ခုလုံးသို့ ဖိတ်စာကမ်းလိုက်လေသည်။

နေဝန်းဂိုဏ်းတွင် လာမည့် ဆယ့်ငါးရက်နေ့၌ ကျောက်စိမ်းစေတီတော်များအား ဖူးမြော်နိုင်ရန် ဘုရားပွဲကျင်းပမည် ဖြစ်ကြောင်း ဖိတ်စာတွင် ဖော်ပြပါရှိလေသည်။

ထိုစာကို စန့်ကွမ်းရှောင်ထင်းလည်း ရရှိလေသည်။

သို့သော်...

သူသည် လိုဏ်ဂူထဲသို့ ရက်ပေါင်း လေးဆယ့်ငါးရက် အမိန္ဓာန် ဝင်ရမည် ဖြစ်သောကြောင့် ထိုဘုရားပွဲကို မတက်ရောက်နိုင်တော့ဘဲ ချူးရှောင်အား သူ၏ကိုယ်စား စေလွှတ်လိုက်သည်။

ဘုရားပွဲ မကျင်းပမီ ငါးရက်အလိုတွင် နေဝန်းဂိုဏ်းသို့ ဖိုးရှှင် ရောက်ရှိလာသည်။

ဖိုးရှှင်သည် နေဝန်းဂိုဏ်းသို့ ရောက်ရှိလာသည်နှင့် ခေါင်းဆောင်ယို့ဟူးအား တွေ့ခွင့်ပေးရန် အကြောင်းကြားလေသည်။

ဧည့်ခန်းတာဝန်ကျသော ဂိုဏ်းခွဲမှူးသည် အကြောင်းကြားပြီး သီးသန့်ခန်းတွင် တွေ့ဆုံရန် အကြောင်းကြားလိုက်သည်။

"ကဲ မိတ်ဆွေကြီး၊ ဘာကိစ္စ ရှိလို့လဲ ပြောနိုင်တယ်"

ဖိုးရှှင် အရိုအသေပြုကာ...

"ကျုပ်တစ်ခု သိချင်လို့ပါ"

"ပြောပါ"

"ခေါင်းဆောင်ကြီးတို့ ကျင်းပမယ့် ဘုရားပွဲမှာ အသုံးပြု

မယ့် ကျောက်စိမ်းဟာ ဘယ်လောက်များ တန်ဖိုးရှိသလဲဆိုတာ သိချင်လို့ပါ"

ယိုဟူး မျက်မှောင်ကြုတ်သွားသည်။

"မိတ်ဆွေက ဘာကြောင့် မေးရတာလဲ"

ဖိုးရွှင်က...

"ဖြစ်ပေါ်လာမယ့် အန္တရာယ်ကို ကြိုတင်တွေ့မြင်ထားမိလို့ပါ"

ယိုဟူး အနည်းငယ် စဉ်းစားကာ...

"ကာလတန်ဖိုးနဲ့ဆိုရင် ငါးသိန်းလောက် တန်ပါတယ်"

ဖိုးရွှင်၏မျက်နှာ ဝင်းပသွားသည်။

"ဒီလိုဆိုရင် အတော်လေး သတိထားရပါမယ်"

ယိုဟူးက...

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

ဖိုးရွှင်က...

"ကျုပ်အတွေး မမှားဘူးဆိုရင် လူဆိုးတွေက လာပြီး လုယူလိမ့်မယ်"

ယိုဟူး မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် အနည်းငယ် စဉ်းစားကာ ခေါင်းညိတ်လိုက်လေသည်။

"ခင်ဗျားပြောတာ ဖြစ်နိုင်တယ်"

"ဒါကြောင့် ကျုပ်က အကြံတစ်ခု ပြုချင်လို့ပါ"



"ခင်ဗျားအကြံ ပြောပါဦး"

ယိုဟူးက စိတ်အားထက်သန်စွာ မေးလိုက်၏။

ဖိုးရွှင်က ရှေ့သို့ တိုးပြီး သူ့အကြံအစည်များကို တီးတိုးပြောပြလိုက်သည်။

ယိုဟူးသည် နားထောင်ရင်း သဘောကျစွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ဒီအတိုင်း အသင့်ပြင်ထားတာပေါ့"

* * *

ဘုရားပွဲ မကျင်းပမီ တစ်ရက် ဖြစ်၏။

အချိန်မှာ နေဝင်ရီသရောအချိန် ဖြစ်လေသည်။

ဖိုးရွှင်သည် တစ်ယောက်တည်း ထိုင်နေသည်။

သူသည် ပြုရမည့် ကိစ္စအဝဝကို ပြန်လည်စဉ်းစားနေသည်။

ထိုစဉ်...

ကဝေမယ် ရောက်ရှိလာသည်။

ဖိုးရွှင် ဆတ်ခနဲထကာ...

"မင်း ဘာဖြစ်လို့ လိုက်လာတာလဲ"

ဟု မေးလိုက်သည်။

ကဝေမယ် ပြုံးလိုက်သည်။

"ရှင့်အတွက် စိတ်ထဲမှာ စိုးရိမ်လို့ပါ"

ဖုံးရွှင် စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကို ဘယ်သူမှ အန္တရာယ် မပေးနိုင်ပါဘူး"

ကဝေမယ်က ပြုံးရင်း...

"ကျွန်မ စိတ်ထဲ စိုးရိမ်တယ်လို့ ပြောပြီးပြီပဲ"

ဖုံးရွှင် သက်ပြင်းချလိုက်၏။

"ခင်ဗျားကတော့ ကျုပ်ထက်တောင် ခေါင်းမာနေသေးပါလား"

ကဝေမယ် ရယ်မောကာ...

"ဒါနဲ့ ရှင့်အကြံအစည်တွေ ဘယ်လိုလဲ"

ဖုံးရွှင်က...

"ကျုပ်ထင်တဲ့အတိုင်းဆိုရင် စန္ဒကွမ်းရှောင်ထင်းဟာ ရုပ်ဖျက်ပြီး ကျောက်စိမ်းစေတီကို လာယူမှာပဲ၊ ဒါနဲ့ ကျုပ်က ယို့ဟူးနဲ့ တိုင်ပင်ပြီး ထောင်ချောက်ဆင်ထားတယ်၊ ဒီတစ်ခါ သူလာရင်တော့ သေချာဖမ်းမိမှာပဲ"

ဖုံးရွှင်က မိမိ အကြံအစည်ကို မိမိ ယုံကြည်စိတ်ချစွာ ပြောလိုက်သည်။

ကဝေမယ် ခေါင်းညိတ်လိုက်သည်။

"ဒီကိစ္စ အတော်လျှို့ဝှက်နက်နဲတဲ့အတွက် ကျွန်မလဲ စိတ်ဝင်စားတယ်"

ဖုံးရွှင် လက်ဖျစ်တစ်ချက် တီးလိုက်သည်။

"ဟုတ်ပြီ၊ မဟုတ်မှ လွဲရော၊ မင်းတို့သခင်ကြီးဟာ စန္ဒကွမ်း



ရှောင်ထင်း ရုပ်ဖျက်ထားတာ ဖြစ်နိုင်တယ်"

"ဒါပေါ့ရှင်၊ အမှန်တရားဟာ ဖုံးကွယ်မထားနိုင်ပါဘူး၊ ဒီတစ်ခါတော့ ဘူးပေါ်သလို ပေါ်သွားမှာ သေချာပါတယ်ရှင်"

ကဝေမယ်က စဉ်းစဉ်းစားစားဖြင့် ပြောလိုက်လေတော့သည်။

* * *

နေဝန်းဂိုဏ်း၏ ကျောက်စိမ်းစေတီဘုရားပွဲကား အလွန်ပင် စည်ကားသိုက်မြိုက်လှပေသည်။

ဤသို့ဖြင့်...

နေဝန်းဂိုဏ်း၏ ဘုရားအပူဇော်ခံပွဲသည် သုံးရက်တိုင်တိုင် ကျင်းပခဲ့ရလေသည်။

သို့သော်...

ထိုသုံးရက်အတွင်း မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်လုယူခြင်း မရှိပေ။

ဖုံးရွှင်သည် အနည်းငယ် စိတ်ပျက်လာလေသည်။

ယို့ဟူးက သူ့အား ပြုံး၍ မေးလိုက်သည်။

"ဘယ့်နှယ်လဲ လုကျန်းဖုံး၊ ခင်ဗျားရဲ့ ထင်မြင်ယူဆချက်တွေဟာ လွဲကုန်ပြီနဲ့ တူတယ်"

ဖုံးရွှင်က လက်မလျှော့ပါ။

"မျှော်လင့်ချက် မကုန်သေးပါဘူး၊ ဒီတစ်ည ကျန်ပါသေးတယ်"

ယို့ဟူး ခေါင်းညိတ်လိုက်သည်။

"အမှန်ပြောရရင် ခင်ဗျားဟာ စန္ဒကူမ်းရှောင်ထင်းအပေါ်သက်သက်မဲ့ အထင်လွဲနေတာလို့ ကျုပ်ထင်မိတယ်"

ဖုံးရှင် ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလေတော့သည်။

* * *

ယနေ့သည် ကျောက်စိမ်းစေတီ ပူဇော်ပွဲ နောက်ဆုံးနေ့ဖြစ်သည်။

ညဦးပိုင်း အချိန်သို့ ဝင်ရောက်လာပြီ ဖြစ်သည်။

ဧည့်ပရိသတ်များလည်း တဖြည်းဖြည်း ကုန်ဆုံးသွားပြီ ဖြစ်သည်။

ဖုံးရှင်သည် ကျောက်စိမ်းစေတီထားရှိရာ အခန်းနံဘေးတွင် ကွယ်၍ ပုန်းနေ၏။

မည်သို့ဆိုစေ ယနေ့ညသည် စန္ဒကူမ်းရှောင်ထင်း သေချာပေါက် ရောက်လာမည်ဟု ဖုံးရှင် ထင်မှတ်ယုံကြည်ထား၏။

ထို့ကြောင့်…

သူသည် ခွဲနပဲ ကြီးစွာဖြင့် စောင့်နေလေသည်။

အုန်းမောင်းခေါက်သံသည် တစ်ချက်ပြီးတစ်ချက် ထွက်



ပေါ်လာသည်။

အချိန်သည် တဖြည်းဖြည်းပင် ကုန်ဆုံးသွားလေသည်။

အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာပြီ ဖြစ်သည်။

ထိုအချိန်တိုင်အောင် အခြေအနေသည် ထူးခြားမလာပေ။

ဖုံးရှင်သည် မျက်လုံးမှိတ်လိုက်သည်နှင့် အလိုလို အိပ်ပျော်သွားလေတော့သည်။

* * *

ဖုံးရှင် အိပ်ငိုက်သွားစဉ် အချိန်မှာပင် လူရိပ်တစ်ခုသည် နေဝန်းဂိုဏ်း၏ အုတ်နံရံပေါ်မှ ကျော်လွှား၍ ဝင်ရောက်လာလေသည်။

ထိုလူရိပ်သည် နံရံကို ကပ်၍ တဖြည်းဖြည်း လျှောက်လာသည်။

ရုတ်တရက် နေဝန်းဂိုဏ်းသားတစ်ဦး ပုန်းကွယ်ရာမှ ထွက်လာပြီး သူ၏သွားလမ်းကို ပိတ်ထားလိုက်သည်။

လူရိပ်သည် လက်နက်ပုန်းဖြင့် လျှပ်တစ်ပြက် ပစ်ခတ်လိုက်ရာ…

"အွန့်"

နေဝန်းဂိုဏ်းသားသည် မသဲမကွဲ ညည်းညူရင်း လဲကျ

သွားလေသည်။

လူရိပ်သည် ဆက်လက်ပြေးလွှားသွားရာ ကျောက်စိမ်းစေတီထားသော အခန်းရှိရာသို့ ဦးတည်၍ သွားလေတော့သည်။

* * *

မည်မျှ အချိန်ကြာသွားမှန်းမသိ။

ဖုံးရွှင် နားထဲသို့ ခြေသံသဲ့သဲ့ ဝင်ရောက်လာသည်ကို ကြားလိုက်ရလေသည်။

သူသည် မျက်လုံးအစုံ ဖွင့်ကြည့်လိုက်သောအခါ လူရိပ်တစ်ခုက အခန်းထဲဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုစဉ်မှာပင်...

"ဒေါင်..ဒေါင်..ဒေါင်"

အရေးပေါ် ခေါင်းလောင်းသံသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။

မီးအိမ်များ တစ်လုံးပြီးတစ်လုံး ထွန်းညှိလိုက်သောကြောင့် နေဝန်းဂိုဏ်းတစ်ခုလုံး မီးရောင်ဖြင့် ထိန်လင်းသွားလေသည်။

ယခုမှ ဖုံးရွှင်သည် အခန်းထဲ ဝင်ရောက်လာသူအား ကောင်းစွာ တွေ့မြင်လိုက်ရ၏။

ထိုလူသည် မျက်နှာဖုံးတစ်ခု စွပ်ထားသည်။



သူ၏ကိုယ်ပေါ်တွင် ဝတ်စုံနက်တစ်ခု ခြုံလွှမ်းထားလေသည်။

ဖုံးရွှင်သည် ထိုလူအား အကဲခတ်ကြည့်လိုက်ရာ စနီ့ကွမ်းရောင်ထင်းဟု တထစ်ချယုံကြည်သွားသည်။

ထိုစဉ်မှာပင် သိုင်းသမားအချို့သည် ပြေးလွှားရောက်ရှိလာသည်။

မျက်နှာဖုံးနှင့်လူမှာ အခြေအနေ မဟန်မှန်း သိသည်နှင့် ကမန်းကတန်း အခန်းထဲမှ ပြန်လည်ပြေးထွက်သွား၏။

သိုင်းသမားများက သူ့အား ပိတ်ဆို့တိုက်ခိုက်၍ အခန်းထဲ ပြန်လည်ဝင်ရောက်လာသည်။

ထိုစဉ်...

ဖုံးရွှင်က ကိုးနဝင်းအပ်ဘူးကိုင်ကာ ပုန်းကွယ်ရာမှ လျှပ်တစ်ပြက် ထွက်လိုက်ပြီး...

"ရပ်လိုက်"

ဟု ဟန့်တားလိုက်သည်။

"ယား"

မျက်နှာဖုံးနှင့်လူက ညာသံပေးကာ ခုန်အုပ်တိုက်ခိုက်လာလေသည်။

ဖုံးရွှင်မှာ မမျှော်လင့်ဘဲ တိုက်ခိုက်ခံရသဖြင့် မရှောင်လွှဲနိုင်တော့ဘဲ သေတ္တာခလုတ်ကို နှိပ်လိုက်ရာ...

"ထောက်"

အပ်ကလေးတစ်ချောင်းသည် မျက်နှာဖုံးနှင့်လူ၏ ဝမ်းဗိုက်သို့ စိုက်ဝင်သွားလေသည်။

"အွန့်"

မျက်နှာဖုံးနှင့်လူ တုန်းခနဲ လဲပြိုကျသွား၏။

အားလုံးပင် ဝိုင်းရံထားကာ သေဆုံးသွားသော မျက်နှာဖုံးနှင့်လူအား အကဲခတ်ကြည့်လိုက်ကြသည်။

နေဝန်းဂိုဏ်းခေါင်းဆောင် ယို့ဟူးက သက်ပြင်းတစ်ချက်ချကာ...

"ကဲ ခင်ဗျားပဲ မျက်နှာဖုံး ချွတ်လိုက်ပါ"

ဟု ဖုံးရှွင်အား ပြောလိုက်၏။

ဖုံးရှွင်က ထိုလူ၏မျက်နှာဖုံးအား ဆွဲချွတ်လိုက်သည်။

ထိုအခါ သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေတော့သည်။

"ဟင် ဘယ့်နယ် သူ ဖြစ်နေတာလဲ"

ယို့ဟူးလည်း ထိုလူ၏မျက်နှာအား မြင်လျှင် အံ့သြသွား၏။

အကြောင်းမှာ ထိုလူသည် ဘီလူးမည်း ဖြစ်နေသောကြောင့်တည်း။

* * *



## ဝန်ခံချက်

နေဝန်းဂိုဏ်း...။

နေဝန်းဂိုဏ်းသို့ ကျူးကျော်ဝင်ရောက်လာသူမှာ နယ်ခြားသိုင်းသမားဆိုးသုံးယောက်မှ ဘီလူးမည်း ဖြစ်လေသည်။

ဘီလူးဖြူက သေဆုံးသွားပြီး ကဝေမယ်ကလည်း ရေမြှေရှင်ဂိုဏ်းမှ နုတ်ထွက်ကာ ဖုံးရှွင်နောက်သို့ တကောက်ကောက်လိုက်နေပြီ ဖြစ်သည်။

ယခု ဘီလူးမည်း တစ်ယောက်သာ ကျန်တော့သည်။

ဘီလူးမည်းအား နေဝန်းဂိုဏ်းမှ ဖမ်းမိလိုက်သောအခါ အခြေအနေ အရပ်ရပ် ပြောင်းလဲသွားတော့သည်။

နေဝန်းဂိုဏ်းချုပ်က ဖုံးရှွင်ကို ကျေးဇူးတင်စကား ပြောလိုက်လေသည်။

"မင်းက အချိန်မီ မဟန့်တားလိုက်ဘူးဆိုရင် သူလွတ်မြောက်သွားမှာပဲ"

ဖုံးရှင်က…

"သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ အဆိပ်တွေ ပျံ့မသွားဖို့ အရေးကြီးတယ်"

ဟု ပြောကာ ဘီလူးမည်း၏သွေးကြောအချို့ကို ထိုးပိတ်လိုက်လေသည်။

တဖန် သွေးကြောအချို့ကို ပြန်ဖွင့်ပေးလိုက်လေသည်။

"အင့်"

ဘီလူးမည်း ချက်ချင်း သတိရလာတော့သည်။

သူ အရေးနိမ့်ကာ အဖမ်းခံထားရပြီကို တွေ့လိုက်ရလျှင် ခေါင်းငိုက်စိုက်ကျသွားလေသည်။

နေဝန်းဂိုဏ်းချုပ်က…

"ကဲ မင်းက ရေမြေ့ရှင်ဂိုဏ်း အကြောင်း ဖွင့်ပြောမယ်ဆိုရင် မင်းကို အသက်ချမ်းသာပေးလိုက်မယ်"

ဟု ပြောလိုက်လေသည်။

ဘီလူးမည်းက…

"ကျုပ်ကို တကယ်ပဲ အသက်ချမ်းသာပေးမှာလား"

"ဒါပေါ့"

"ကျုပ်က ရေမြေ့ရှင်ဂိုဏ်းချုပ် ဘယ်သူဘယ်ဝါဆိုတာ မသိဘူး၊ ဒါပေမယ့် ရေမြေ့ရှင်ဂိုဏ်းက အရေးကြီးတဲ့ လူတစ်ယောက်ကိုတော့ သိတယ်"



"ဘယ်သူလဲ"

"ဂေဟာထိန်းကျားလောက်"

ထိုစကားကြားလျှင်…

"ဟင်"

"ဟာ"

အားလုံး အံ့သြသွားကြလေသည်။

ဖုံးရှင်က…

"ဂေဟာထိန်းကျားလောက်ဟာ ငြိမ်းချမ်းကျေးရွာက အရေးပါ အရာရောက်တဲ့ လူတစ်ယောက်ပဲ"

နေဝန်းဂိုဏ်းချုပ်က…

"ဒါဖြင့် ငြိမ်းချမ်းဂေဟာဟာ သည်ကိစ္စမှာ ပါဝင်ပတ်သက်နေတာ သေချာပြီပေါ့"

ဖုံးရှင်က…

"သည်ကိစ္စကို ကျုပ်ဖြေရှင်းပါ့မယ်"

သူ၏အကြံကို ပြောပြလိုက်လေသည်။

နေဝန်းဂိုဏ်းချုပ်နှင့်တကွ အားလုံးက သဘောတူလိုက်ကြလေတော့သည်။

* * *

ညှို့နက်ပြီ ဖြစ်သည်။

ဖိုးရွှင် အိပ်မပျော်နိုင်သေးပါ။

စားပွဲတစ်လုံး၌ ကဝေမယ်နှင့်အတူ မလှုပ်မယှက် ထိုင်နေလေသည်။

စားပွဲပေါ်၌ စာအုပ်တစ်အုပ် ချထားသည်။

ထိုစာအုပ်မှာ လင်းကြိုင် ယူလာသည့် ဝေ့ရှမ်းသိုင်းကျမ်းဖြစ်လေသည်။

ဝေ့ရှမ်းသိုင်းကျမ်း၌ သိုင်းကွက်များ ရေးသားထားပါ သည်။

သို့သော်...

ထိုသိုင်းကွက်များမှာ သာမန်သိုင်းကွက်များသာ ဖြစ်ကြောင်း ဖိုးရွှင် ကောင်းစွာ နားလည်ထားလေသည်။

"တကယ့် အရေးပါတဲ့ သိုင်းကွက်တွေက ဘယ်မှာလဲ"

ဖိုးရွှင် တီးတိုးရေရွတ်လိုက်လေသည်။

တိတ်ဆိတ်နေသောညဉ့်ယံ ဖြစ်ရကား ကျယ်လောင်စွာ ထွက်ပေါ်လာသည် ထင်ရ၏။

ကဝေမယ်က...

"ရှင့်ဆရာက လျှို့ဝှက်ထားမှာပေါ့"

ဖိုးရွှင်က...

"လျှို့ဝှက်ထားတယ်ဆိုရင် ကျုပ်ရှာလို့ တွေ့ရမှာပေါ့"

"ကျွန်မ ကူရှာပေးမယ်"

ကဝေမယ်က သိုင်းကျမ်းစာအုပ်ကို ယူကာ စစ်ဆေးကြည့်



လိုက်သည်။

သူမက အလောတကြီး လှန်လှောလိုက်သည် ဖြစ်ရကား...

"ဖြဲ"

စာရွက်တစ်ရွက် ပြဲသွားလေသည်။

"ဟာ"

ဖိုးရွှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကဝေမယ်လည်း မျက်နှာလေးငယ်သွား၏။

သိုင်းကျမ်းကို ဖိုးရွှင်အား ချက်ချင်းပြန်ပေးလိုက်လေသည်။

ဖိုးရွှင်က သိုင်းကျမ်းကို ယူကာ စုတ်ပြဲသွားသော စာရွက်ကို စစ်ဆေးကြည့်လိုက်လေသည်။

ဤတွင်...

သိုင်းကျမ်းမှ စာရွက်များသည် တစ်ရွက်ချင်း မဟုတ်ဘဲ စာရွက်နှစ်ရွက်အား တစ်ရွက်ထဲ ဖြစ်အောင် ပူးကပ်ထားကြောင်း တွေ့ရလေသည်။

ထို့ကြောင့် စာရွက်ကို ခွာကြည့်လိုက်လျှင် ကပ်ထားသော အတွင်းဘက်အပိုင်း၌ သိုင်းကွက်များ ရေးထားသည်ကို တွေ့လိုက်ရလေတော့သည်။

"ဟေး"

ဖိုးရွှင်က ဝမ်းသာအားရ အော်လိုက်လေသည်။

ကဝေမယ်က...

"ဘာ..ဘာဖြစ်လို့လဲရှင်"

ဖိုးရွှင်က…

"ကျုပ်က လှို့ဝှက်ချက်ကို ရှာတွေ့ပြီလေ၊ အဲဒါ ညီမရဲ့ ကျေးဇူးကြောင့်ပဲ"

"ရှင်"

ဖိုးရွှင်က အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ကဝေမယ်လည်း ဝမ်းသာသွားတော့သည်။

"ကျွန်မက အစ်ကို့ကို ကူညီနိုင်တာပဲ ဝမ်းသာမဆုံးပါဘူး ရှင်"

ဖိုးရွှင်က…

"လင်းကြိုင်ကို လှေလာခိုင်းရမယ်"

ဟု တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

* * *



လင်းကြိုင် စိတ်ပျက်နေသည်။

သူက သိုင်းပညာ သင်ကြားရဦးမည် မဟုတ်ပါလား။

"ကျွန်တော် မသင်လို့ မရဘူးလား ဆရာ"

"မရဘူး"

"ဗျာ"

"မင်းမှာ အင်မတန် ထူးခြားတဲ့ အတွင်းအားတွေ ရထားပြီး ထက်မြက်တဲ့ သိုင်းကွက်တွေကိုသာ လေ့ကျင့်တတ်မြောက်သွားမယ်ဆိုရင် ရန်သူကို ရင်ဆိုင်နိုင်မှာပဲ"

လင်းကြိုင်က…

"ကျွန်တော့်မှာ ရန်သူမှမရှိတာ"

"ရှိတာပေါ့"

"ဗျာ"

"ငြိမ်းချမ်းကျေးရွာပိုင်ရှင်ဟာ သိုင်းလောကတစ်ခုလုံးရဲ့ ရန်သူကွ၊ ဒါကြောင့် ငါ့ရဲ့ရန်သူ၊ မင်းရဲ့ရန်သူပဲကွ"

လင်းကြိုင်၏မျက်နှာကြီး ရှုံ့မဲ့သွားလေသည်။ ဖိုးရွှင်က…

"ငါက မင်းရဲ့ဆရာ၊ ငါ့စကားကို နားထောင်ရမယ်၊ သိုင်းပညာသင်ရမယ်"

လင်းကြိုင် ဘာမှမတတ်နိုင်တော့ပါ။

"ကောင်းပါပြီ ဆရာ၊ ကျွန်တော်လေ့ကျင့်ပါ့မယ်"

ဟု ပြောလိုက်ရလေတော့သည်။

* * *

ဖိုးရွှင်သည် နေဝန်းကိုဏ်းချုပ်ထံ ခွင့်တောင်းကာ နေဝန်းကိုဏ်းပိုင်နက်ထဲမှ တောအုပ်တစ်ခု၌ သွားရောက်နေထိုင်ကာ လင်းကြိုင်ကို သိုင်းပညာသင်ကြားပေးခဲ့လေသည်။

ဖိုးရွှင် သိုင်းကျမ်း၌ ရေးသားထားသော ထိပ်တန်းသိုင်းကွက်များအား လင်းကြိုင်ကို သင်ကြားပေး၏။

ကဝေမယ်က အပူအအေး အတွင်းအား နှစ်ရပ်ကို ပေါင်းစပ်ကာ အသုံးပြုနိုင်အောင် နည်းလမ်းရှာပေး၏။

နှစ်ယောက်သား အထူးပင် အပင်ပန်းခံကာ သင်ကြားပေးကြခြင်း ဖြစ်လေသည်။

လင်းကြိုင် မနေနိုင်တော့ပါ။

ဖိုးရွှင်ကို အားနာပြီး ကြိုးစားလေ့ကျင့်ခဲ့ရလေတော့သည်။

ဖိုးရွှင်၊ လင်းကြိုင်နှင့် ကဝေမယ်တို့ လျှို့ဝှက်စွာ နေထိုင်လေ့ကျင့်နေစဉ်မှာပင် သိုင်းလောက၌လည်း အခြေအနေများ ပြောင်းလဲသွားလေတော့သည်။

* * *



လေလွင့်ကိုဏ်း...။

ကိုဏ်းချုပ်မရောင်ထင်းသည် ရေမြေ့ရှင်ကိုဏ်းအား ဖော်ထုတ်ရာတွင် ငြိမ်းချမ်းကျေးရွာနှင့် လက်တွဲဆောင်ရွက်ခဲ့လေသည်။

ငြိမ်းချမ်းကျေးရွာပိုင်ရှင်က ရေမြေ့ရှင်ကိုဏ်းကို ဖော်ထုတ်ဖို့ သဲလွန်စများ ရထားပြီဆိုသောအခါ ဝမ်းသာမိလေသည်။

များမကြာမီ သိုင်းလောကသားများ ငြိမ်းချမ်းကျေးရွာ၌ စုဝေးကာ ရေမြေ့ရှင်ကိုဏ်းကို ဖော်ထုတ်ရန် ထပ်မံတိုင်ပင်ဆွေးနွေးကြမည် ဖြစ်လေသည်။

ညဉ့်နက်ပြီ ဖြစ်သည်။

ကိုဏ်းချုပ်မရောင်ထင်း အိပ်မပျော်နိုင်သေးပါ။

အခန်းပြတင်းပေါက်အနီး၌ ရပ်ကာ အပြင်ဘက်သို့ ငေးမော ကြည့်နေမိလေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသည်။

မရောင်ထင်း ငေးမောကြည့်နေစဉ်...

"ဦ"

ပလွေသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မရောင်ထင်း ရင်ထိတ်သွား၏။

"ဒါ မကောင်းဆိုးဝါး မိစ္ဆာပလွေသံပဲ"

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ်...

"ဖေဖေ"

အခန်းတွင်းသို့ မေကျင်း ဝင်လာလေသည်။

မေရှောင်ထင်းက...

"သမီး မအိပ်သေးဘူးလား"

မေကျင်းက...

"သမီး အိပ်မပျော်သေးပါဘူး၊ စောစောက ပလွေသံ ကြား လိုက်ရလို့"

"ဟုတ်တယ် သမီး"

သားအဖနှစ်ယောက် အချင်းချင်း ကြည့်လိုက်မိကြ၏။

ရေမြေ့ရှင်ဂိုဏ်းသည် ဆေးတိုက်ကျွေးထားသော သိုင်း သမားများအား ပလွေသံ အသုံးပြုကာ စေခိုင်းလေ့ရှိသည် မဟုတ် ပါလား။

မေကျင်းက...

"ရေမြေ့ရှင်ဂိုဏ်းက..."

သူမ၏စကား မဆုံးသေးပါ။

"ရန်သူ...ရန်သူ"

အစောင့်သိုင်းသမားများ၏ အော်ဟစ်သတိပေးသံများ ထွက်ပေါ်လာလေတော့သည်။

မေရှောင်ထင်းက...



"ရန်သူ ရောက်လာပြီ၊ သမီး သတိထားပါ"

ဟု ပြောပြီး ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက် သွားလေသည်။

မေကျင်းလည်း အပြင်ဘက် ခုန်ထွက်သွားလေသည်။

လေလွင့်ဂိုဏ်းအား အနက်ရောင်ဝတ်ထားသူများ စီးနင်း တိုက်ခိုက်လာကြပြီ ဖြစ်လေသည်။

ဆေးကျွေးခံထားရသော သိုင်းသမားများမှာ ကြောက်စရာ ကောင်းသော လူသတ်သမားများ ဖြစ်လာကြလေသည်။

အသက်ကို ပမာနမထားဘဲ တရကြမ်း တိုက်ခိုက်လာကြ သဖြင့် လေလွင့်ဂိုဏ်းသားများ အထိနာသွားကြလေတော့သည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ဆူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေ သည်။

မေရှောင်ထင်းနှင့် မေကျင်းတို့ ဒေါသထွက်ကာ ပြင်းပြင်း ထန်ထန် တိုက်ခိုက်ကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားကြသူများလည်း ကားခနဲ ကား ခနဲ လဲကျသွားကြလေသည်။

ထိုစဉ်...

"ဟား...ဟား...ဟား"

ရယ်မောသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မရှောင်ထင်း ကြည့်လိုက်သောအခါ မျက်နှာဖုံးစွပ်ထားသူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

"ရေမြေ့ရှင်ဂိုဏ်းချုပ်"

မရှောင်ထင်း လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

မျက်နှာဖုံးရှင်က...

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားက ကျုပ်ကို တွေ့ချင်နေတယ်မဟုတ်လား"

မရှောင်ထင်းက...

"ကျုပ်က ခင်ဗျားကို ဆုံးမချင်နေတာနဲ့ အတော် ဖြစ်သွားတာပေါ့"

မျက်နှာဖုံးရှင်က ထပ်မံရယ်မောလိုက်သည်။

"ခင်ဗျားတတ်နိုင်ပါ့မလား"

ပြောရင်း ရှေ့တိုးလာလေသည်။

မရှောင်ထင်း အံကြိတ်လိုက်သည်။

"စိတ်ချ၊ ခင်ဗျားကို ဆုံးမပြမယ်"

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်လေသည်။

မကျင်းက...

"ကျွန်မလဲ ရှိသေးတယ်ရှင့်"



သူမလည်း မျက်နှာဖုံးရှင်ထံသို့ ခုန်ဝင်သွားလေတော့သည်။

"သွားစမ်း"

မျက်နှာဖုံးရှင်က လက်ဝှေ့ယမ်းလိုက်လျှင်...

"ဝုန်း"

"အမယ်လေး"

မကျင်းသည် ချုံပုတ်များကြားသို့ လွင့်စဉ်သွားလေတော့သည်။

"သမီး"

မရှောင်ထင်းက ပြေးသွားရန် ဟန်ပြင်လိုက်စဉ်...

"ခင်ဗျား ဘယ်သွားမလို့လဲ"

မျက်နှာဖုံးရှင်က ဟန့်တားတိုက်ခိုက်လိုက်လေတော့သည်။

မရှောင်ထင်းလည်း မတတ်သာတော့ဘဲ ရင်ဆိုင်လိုက်ရလေသည်။

ထိပ်တန်းသိုင်းပညာရှင်များ ဖြစ်ရကား သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်စရာကောင်းအောင် ထက်မြက်နေပါတော့သည်။

သိုင်းကွက်ပေါင်း တစ်ရာကျော် ယှဉ်ပြိုင်ပြီးသောအခါ မျက်နှာဖုံးရှင် အသာစီးရသွားလေတော့သည်။

မရှောင်ထင်း နောက်ဆုတ်ပေးလိုက်ရလေသည်။

မျက်နှာဖုံးရှင် ရယ်မောလိုက်သည်။

"ခင်ဗျား ဘာတတ်နိုင်မှာတဲ့လဲ"

ရုတ်တရက် ရှေ့တိုးကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

မရှောင်ထင်း ရှောင်တိမ်းဖို့ ကြိုးစားလိုက်သော်လည်း မလွတ်မြောက်နိုင်ပါတော့ချေ။

"ဝုန်း"

"အား"

မရှောင်ထင်းမှာ မြေပေါ် လဲကျသေဆုံးသွားလေတော့သည်။

* * *



အချိန်မည်မျှ ကြာသွားမှန်းမသိ။

"အင့်"

ညည်းညူသံနှင့်အတူ မေကျင်း သတိရလာလေသည်။

သူမသည် ချုံပုတ်ကြီးတစ်ခုအပေါ်၌ သတိလစ်မေ့မျောနေခြင်း ဖြစ်လေသည်။

ကပျာကယာ ချုံပုတ်ကြီးပေါ်မှ ဆင်းကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်လေသည်။

ထိုအခါ...

လေလွင့်ဂိုဏ်းမှာ မီးလောင်ပျက်စီးနေသည်ကို တွေ့လိုက်ရလေသည်။

မြေပေါ်၌ လေလွင့်ဂိုဏ်းသားများ၏ အလောင်းများ ပြန့်ကျဲနေ၏။

မလှမ်းမကမ်း၌ ဖခင်ကြီး၏အလောင်းကို တွေ့မြင်လိုက်ရလေသည်။

"ဖေဖေ"

မေကျင်း ကပျာကယာ ပြေးသွားပြီး ပွေ့ထူလိုက်၏။

မရှောင်ထင်းကား သေဆုံးနေချေပြီ။

မေကျင်းက ဖခင်ကြီး၏အလောင်းကို ပွေ့ဖက်ရင်း ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလိုက်လေတော့သည်။

* * *

"ဟိတ်"

"ယား"

လင်းကြိုင်က ဖုံးရှင်နှင့် ကဝေမယ်တို့၏ စေတနာကို နားလည်ကာ သူ မသင်လိုသော သိုင်းပညာကို သင်ယူနေရပြီ ဖြစ်လေသည်။

ကျမ်းစာ၌ ပါဝင်သော သိုင်းကွက်များမှာ ခက်ခဲနက်နဲလှပေသည်။

ဖုံးရှင်နှင့် ကဝေမယ်တို့သည် ထိပ်တန်းသိုင်းပညာများ တတ်မြောက်ထားရကား ခက်ခဲနက်နဲသော သိုင်းကွက်များကို လင်းကြိုင် နားလည်အောင် ရှင်းပြနိုင်ခဲ့လေသည်။

လင်းကြိုင်ကလည်း ထူးခြားသော အတွင်းအားနှစ်မျိုး ပိုင်ဆိုင်ထားရကား ခက်ခဲသော သိုင်းကွက်များ သင်ကြားရာ၌ အလွန်အသုံးဝင်ခဲ့လေသည်။

လင်းကြိုင်က ကြိုးစားလေ့ကျင့်လိုက်ရာ ကျမ်းစာပါ သိုင်းကွက်များကို တစ်စထက်တစ်စ တတ်မြောက်လာလေတော့သည်။

* * *



မြေပေါ်သူတော်ဂိုဏ်း...။

မြေပေါ်သူတော်ဂိုဏ်းသည် လင်းကြိုင် မရှိတော့သည့်အခါ ဂိုဏ်းချုပ်မရှိသော ဂိုဏ်းတစ်ခု ဖြစ်သွားလေသည်။

ထို့ကြောင့်...

ရေမြေ့ရှင်ဂိုဏ်းက လာရောက်တိုက်ခိုက်သောအခါ ထမင်းတစ်အိုးချက်ခန့် အချိန်မှာပင် ပြိုကွဲပျက်စီးသွားလေတော့သည်။

* * *

တစ်လ...။

တစ်လဟူသော အချိန်အတွင်းမှာပင် ရေမြေ့ရှင်ဂိုဏ်း၏ တိုက်ခိုက်မှုကြောင့် သိုင်းဂိုဏ်းငါးခုခန့် ပျက်စီးသွားလေသည်။

သိုင်းလောကတစ်ခုလုံး ထိတ်လန့်တုန်လှုပ်သွားကြရလေသည်။

သိုင်းလောကသားများသည် ရေမြေ့ရှင်ဂိုဏ်းအား ဖော်ထုတ်ချေမှုန်းနိုင်ရန် ငြိမ်းချမ်းကျေးရွာကို ဝိုင်း၍ အားကိုးအားထားပြုလာကြလေသည်။

ငြိမ်းချမ်းကျေးရွာပိုင်ရှင် စန့်ကွမ်းရှောင်ထင်းက...

"တစ်လအတွင်း ရေမြေ့ရှင်ဂိုဏ်းကို ကျုပ်ဖော်ထုတ်ပေးပါ့မယ်"

ဟု ကတိပေးလိုက်သည်။

ထိုသို့ ကတိပေးပြီး မကြာမီ စန္ဒကွမ်းရှောင်ထင်းက သိုင်းလောကသို့ ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်လေသည်။

"ရေမြေ့ရှင်ဂိုဏ်းအား နောက်ကွယ်မှ ကြိုးကိုင်နေသည်မှာ နေဝန်းဂိုဏ်း ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ ထို့ကြောင့် ကျွန်ုပ် စန္ဒကွမ်းရှောင်ထင်းက နေဝန်းဂိုဏ်းကို စိန်ခေါ်လိုက်သည်။

စန္ဒကွမ်းရှောင်ထင်း

ငြိမ်းချမ်းကျေးရွာပိုင်ရှင်"

ဟူ၍ ဖြစ်လေသည်။

ထိုကြေညာချက် ထွက်ပေါ်လာသည်နှင့် နေဝန်းဂိုဏ်းချုပ်က ဖုံးရွှင်တို့ သိုင်းပညာ သင်ကြားနေရာသို့ ရောက်ရှိလာလေတော့သည်။

* * *



ဖုံးရွှင်က နေဝန်းဂိုဏ်းချုပ်အား ခရီးဦးကြို ပြုလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ရောက်လာတယ်ဆိုတော့ အရေးကြီးတဲ့ကိစ္စ တစ်ခုခုရှိနေပြီ ထင်တယ်"

နေဝန်းဂိုဏ်းချုပ်က...

"ဟုတ်တယ်၊ ငြိမ်းချမ်းကျေးရွာက ကြေညာချက် ထုတ်ပြန်လိုက်တယ်"

ငြိမ်းချမ်းကျေးရွာ၏ ကြေညာချက်အကြောင်း ပြောပြလိုက်လေသည်။

"ဟား..ဟား..ဟား"

ဖုံးရွှင် သဘောကျစွာ ရယ်မောလိုက်လေသည်။

"စန္ဒကွမ်းရှောင်ထင်းက အတော်လူလည်ကျတာပဲ၊ သူ့ရဲ့ မကောင်းမှုတွေကို နေဝန်းဂိုဏ်းအပေါ် ပုံချလိုက်တာပဲ"

နေဝန်းဂိုဏ်းချုပ်က...

"သိုင်းလောကသားတွေကလဲ သူ့ကို ယုံကြည်နေကြတော့ အားလုံးက ကျုပ်ကို အထင်လွဲနေကြပြီ"

ဖုံးရွှင် လက်ကာပြလိုက်လေသည်။

"ကိစ္စ မရှိဘူး၊ သည်ကိစ္စကို ကျုပ်ဖြေရှင်းပေးပါ့မယ်၊ စန္ဒကွမ်းရှောင်ထင်းနဲ့ ရင်ဆိုင်ဖို့ အချိန်ရသေးတယ် မဟုတ်လား"

နေဝန်းဂိုဏ်းချုပ်က...

"လဆန်းဆယ်ရက်နေ့မှ ရင်ဆိုင်ဖြေရှင်းရမှာပါ"

ဖုံးရှင်က…

"ကောင်းပြီ၊ လဆန်းဆယ်ရက် မတိုင်ခင် အားလုံး အဆင်ပြေသွားအောင် ကျူပ်ဆောင်ရွက်ပေးပါ့မယ်"

နေဝန်းကိုဏ်းချုပ်က…

"ကျေးဇူးပါပဲ မိတ်ဆွေ"

ထို့နောက် ဖုံးရှင်ကို နှုတ်ဆက်ကာ ပြန်သွားလေသည်။

နေဝန်းကိုဏ်းချုပ် ပြန်သွားပြီ ဖြစ်လေသည်။

ဖုံးရှင်က လင်းကြိုင်နှင့် ကဝေမယ်တို့ကို ခေါ်ကာ တိုင်ပင်လိုက်လေသည်။

"စန္ဒကွမ်းရှောင်ထင်းက ဇာတိပြလာပြီ၊ ရေမြေ့ရှင်ဂိုဏ်းကို နေဝန်းဂိုဏ်းက ဖန်တီးထားတာလို့ ကျေညာလိုက်တယ်"

ကဝေမယ်က…

"မဟုတ်တာရှင်၊ ကျွန်မ အခုမှ သတိရလာတယ်၊ ငြိမ်းချမ်းကျေးရွာက ဂေဟာထိန်းကျားလောက်ဟာ ကျွန်မတို့ကို လာပြီး ဆက်သွယ်ဖူးတယ်၊ ဒါကို ကြည့်ရင် ရေမြေ့ရှင်ဂိုဏ်းဆိုတာ ငြိမ်းချမ်းကျေးရွာပဲ"

ဖုံးရှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ဘက်က လှုပ်ရှားဖို့ အချိန်ကျလာပြီ"

သူက လင်းကြိုင်ကို မှာကြားလိုက်လေသည်။

"မင်းက သည်နေရာမှာပဲ ဆက်နေထိုင်ပြီး သိုင်းဆက်လေ့ကျင့်ပါ၊ မကြာခင် ငါတို့ ပြန်လာခဲ့မယ်"



လင်းကြိုင်က…

"ဆရာက ဘယ်သွားမလို့လဲ"

ဖုံးရှင်က…

"အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ သိုင်းလောကထဲကို သွားရလိမ့်မယ်"

"ကျွန်တော်လိုက်လို့ မရဘူးလား"

"ဟင့်အင်း မရဘူး၊ မင်း သိုင်းလေ့ကျင့်စရာတွေ ကျန်သေးတယ်၊ ဒါကြောင့် ပြီးဆုံးတဲ့အထိ ဆက်ပြီး လေ့ကျင့်ပါ"

"ကျွန်တော်…"

"လင်းကြိုင်၊ မင်းက ဆရာ့စကားကိုတောင် နားမထောင်တော့ဘူးလား"

လင်းကြိုင် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ဖုံးရှင်က…

"ငါပြန်လာခဲ့မယ်၊ ကဲ အချိန် မရှိဘူး၊ ငါတို့သွားတော့မယ်"

ဟု ပြောကာ ကဝေမယ်ကို ခေါ်ပြီး ထွက်သွားလေတော့သည်။

လင်းကြိုင်လည်း နေရစ်ခဲ့ရလေတော့သည်။

* * *

## လှို့ဝှက်လူ

ငြိမ်းချမ်းကျေးရွာ...။

တစ်ညတွင် ငြိမ်းချမ်းကျေးရွာသို့ လူနှစ်ယောက် တိတ်တဆိတ် ဝင်ရောက်လာကြလေသည်။

ဖိုးရွှင်နှင့် ကဝေမယ်တို့ ဖြစ်လေသည်။

ဖိုးရွှင်သည် ငြိမ်းချမ်းကျေးရွာ အကြောင်းကို ကြို့တင်စုံစမ်းထားပြီး ဖြစ်သည်။

ထို့ကြောင့်...

ဂေဟာထိန်းကြီးကျားလောက်သည် ငြိမ်းချမ်းဂေဟာ အနောက်ဘက်ရှိ သီးသန့်အဆောင်လေးတစ်ခု၌ နေထိုင်ကြောင်း သိရှိထားလေသည်။

ကဝေမယ်နှင့်အတူ အနောက်ဘက် သီးသန့်အဆောင်သို့ တိတ်တဆိတ် ချဉ်းကပ်လာခဲ့လေသည်။



သီးသန့်အဆောင်၌ မီးရောင်များ ရှိနေပါသည်။

ဖိုးရွှင်တို့က မလှမ်းမကမ်းမှ အကဲခတ်နေလိုက်ကြလေသည်။

မကြာပါချေ။

အဆောင်ထဲမှ လူသုံးယောက် လှမ်းထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ဂေဟာထိန်းကျားလောက်နှင့် ကိုယ်ရံတော်နှစ်ဦးတို့ ဖြစ်လေသည်။

ကျားလောက်က...

"ကဲ တားမြစ်နယ်မြေကို သွားပြီး စစ်ဆေးကြမယ်ဟေ့"

ကိုယ်ရံတော်နှစ်ယောက်ကိုခေါ်ကာ ရှေ့မှဦးဆောင် ထွက်သွားလေသည်။

ကိုယ်ရံတော်နှစ်ယောက်ကလည်း လိုက်သွားကြ၏။

ဖိုးရွှင်က...

"ကျုပ်တို့ လိုက်သွားကြမယ်"

ကဝေမယ်ကို ပြောကာ ကျားလောက်တို့ နောက်သို့ တိတ်တဆိတ် လိုက်သွားလေသည်။

တားမြစ်နယ်မြေသည်လည်း ငြိမ်းချမ်းကျေးရွာ အနောက်ဘက်၌ ရှိနေခြင်း ဖြစ်သည်။

တားမြစ်နယ်မြေသည် ခြံဝင်းတစ်ခုနှင့် ထိုခြံဝင်းအတွင်းရှိ အဆောက်အဦးတစ်ခု ဖြစ်လေသည်။

အဆောက်အဦးမှာ အတော်လေး ကြီးမားလှပေသည်။

ကျားလောက်တို့သည် အဆောက်အဦး တံခါးဖွင့်ကာ အတွင်းဘက် ဝင်သွားကြလေသည်။

ဖုံးရှင်က...

"ကျုပ်က အထဲ ဝင်လိုက်သွားမယ်၊ ညီမက အပြင်ဘက်မှာ အခြေအနေ စောင့်ကြည့်နေပါ"

ဟု မှာကြား၍ အဆောက်အဦးထဲသို့ တိတ်တဆိတ် လိုက်ဝင်သွားလေသည်။

ကျားလောက်တို့က မီးအိမ်တစ်လုံး ထွန်းညှိလိုက်သဖြင့် အဆောက်အဦးအတွင်း၌ လင်းလင်းချင်းချင်း ရှိနေပါသည်။

အဆောက်အဦးအတွင်းသို့ ရောက်လျှင် ဖုံးရှင် အထိတ်တလန့် ဖြစ်သွားရလေတော့သည်။

အကြောင်းမှာ...

အဆောက်အဦးထဲ၌ အခေါင်းများ ရှိနေပြီး ထိုအခေါင်းများအတွင်း၌ လှဲလျောင်းနေသူများ ရှိနေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

"ဒါဟာ ဆေးခတ်ပြီး စိတ်ပြောင်းခံထားရတဲ့ လူတွေပါလား"

စန္ဒကူမ်းရောင်ထင်းသည် ရေမြေ့ရှင်ဂိုဏ်းချုပ် ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကျားလောက်က အခေါင်းထဲမှ လူများအား ဆေးတိုက်ကျွေးရန် ဟန်ပြင်လိုက်၏။



ဆေးသောက်လိုက်ရလျှင် ထိုလူများသည် ကြေးစားလူသတ်သမားများအဖြစ် သက်ဝင်လှုပ်ရှားလာကြတော့မည် ဖြစ်လေသည်။

ဖုံးရှင် လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ရပ်လိုက်စမ်း"

အော်ငေါက်ကာ လျှပ်တပြက် ခုန်ဝင်သွားပြီး တိုက်ခိုက်လိုက်လေသည်။

ကျားလောက်နှင့် ကိုယ်ရံတော်နှစ်ဦး အငိုက်မိသွားပြီး...

"ဝုန်း"

"အား"

ကြမ်းပြင်ပေါ် လဲကျသွားတော့သည်။

ထိုစဉ်...

"ဘာဖြစ်တာလဲ..ဘာဖြစ်တာလဲ"

ကဝေမယ်က ပြေးဝင်လာလေသည်။

ဖုံးရှင်က...

"ကျားလောက်ကိုခေါ်ပြီး အမြန်ဆုံး ထွက်သွားရမယ်"

ဟု ပြောကာ သတိလစ်နေသည့် ကျားလောက်ကို ပခုံးပေါ် ထမ်းလိုက်လေသည်။

ထိုစဉ်...

အခေါင်းထဲ၌ လှဲလျောင်းနေကြသူများအနက် အရှေ့ကျွန်း

မှ လာခဲ့သည့် ဝူမီးကျွေ့ကို တွေ့လိုက်ရ၏။

ဝူမီးကျွေ့က ငြိမ်းချမ်းကျေးရွာကို ပညာပြိုင်ရန် လာရင်း ကံဆိုးသွားပြီ ဖြစ်လေသည်။

ဖုံးရှင်သည် ဝူမီးကျွေ့အတွက် စိတ်မကောင်း ဖြစ်မိသော်လည်း မတတ်သာတော့ပါချေ။

“လာ ညီမ”

ကျားလောက်ကို ပခုံးပေါ်ထမ်းကာ ပြေးလွှားသွားလေသည်။

ကဝေမယ်ကလည်း လိုက်လာလေသည်။

နှစ်ယောက်သား အပြင်ဘက် ရောက်လျှင် ငြိမ်းချမ်းကျေးရွာမှ သိုင်းသမားများ ပြေးလွှားလာကြသည်ကို တွေ့လိုက်ရလေသည်။

ကျားလောက်၏ကိုယ်ရံတော်နှစ်ယောက် အော်ဟစ်သံကို ကြားသွားပြီး ပြေးလွှားလာကြခြင်း ဖြစ်လေသည်။

“ရန်သူ...ရန်သူ”

အော်ဟစ်သံများ၊ အချက်ပေး သံချောင်းခေါက်သံများ ဆူညံသွားလေသည်။

ကဝေမယ်က...

“သည်လူတွေအကြောင်း ကျွန်မသိကယ်၊ အစ်ကို လွတ်အောင် ပြေးပေတော့”

သူမသည် ငြိမ်းချမ်းကျေးရွာမှ သိုင်းသမားများအား ကိုယ်



ရောင်ပြကာ မြှားခေါ်သွားလေသည်။

“မပြေးနဲ့”

ငြိမ်းချမ်းကျေးရွာမှ သိုင်းသမားများက ကဝေမယ် နောက်သို့ ပြေးလိုက်သွားကြလေသည်။

ဖုံးရှင်လည်း ကဝေမယ်နှင့် ဆန့်ကျင်ဘက် အရပ်သို့ ပြေးလွှားသွားတော့သည်။

* * *

ဖုံးရှင်သည် ကျားလောက်ကို ဖမ်းဆီးကာ ထွက်ပြေးလွတ်မြောက်လာခဲ့လေသည်။

သို့သော်...

သူက အဝေးသို့ ပြေးမသွားဘဲ ငြိမ်းချမ်းကျေးရွာနှင့် မလှမ်းမကမ်းရှိ တောင်ကုန်းလေးတစ်ခုပေါ်မှနေ၍ အခြေအနေ စောင့်ကြည့်ကာ ကဝေမယ်ကို စောင့်ဆိုင်းနေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသော်လည်း ကဝေမယ်၏ အရိပ်အရောင်ကိုပင် မတွေ့ရချေ။

ဤတွင် ကဝေမယ်လည်း ကံဆိုးသွားပြီ ဖြစ်ကြောင်း ဖုံးရှင်နားလည်လိုက်လေတော့သည်။

* * *

ကဝေမယ်...။

ကဝေမယ်သည် ဖုံးရှင် လွတ်မြောက်သွားနိုင်စေရန် ငြိမ်းချမ်းဂေဟာမှ သိုင်းသမားများအား မျှားခေါ်သွားလေသည်။

ငြိမ်းချမ်းကျေးရွာ အပြင်ဘက်သို့ ရောက်လျှင် အဆိပ်လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

အဆိပ်လက်နက်ပုန်းလေးများက တရစပ် ပစ်လွှင့်သွားလျှင်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ငြိမ်းချမ်းကျေးရွာမှ သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ကဝေမယ်က တိုက်ခိုက်ပြီးသည်နှင့် ထွက်ပြေးသွားလေသည်။

ငြိမ်းချမ်းကျေးရွာမှ သိုင်းသမားများသည် လက်နက်ပုန်းအန္တရာယ်ကို ကြောက်ရွံ့ကာ ရုတ်တရက် မလိုက်ဝံ့ကြတော့ချေ။

ကဝေမယ်လည်း ထွက်ပြေးလွတ်မြောက်တော့မည်ဟု ထင်မိလေသည်။

သို့သော်...

"ကဝေမယ်၊ မင်းတော်တော်သတ္တိကောင်းတာပဲ"



စကားသံနှင့်အတူ လူရိပ်တစ်ခုက ကဝေမယ်၏ရှေ့၌ လမ်းပိတ်ထားလိုက်လေသည်။

"ဟင်"

ကဝေမယ်သည် လမ်းပိတ်ထားသူကို မြင်လျှင် ထိတ်လန့်သွားလေသည်။

ထိုလူမှာ စန့်ကွမ်းရှောင်ထင်း ဖြစ်လေသည်။

စန့်ကွမ်းရှောင်ထင်းက...

"ကဝေမယ်၊ ခုထိ မင်း ဒူးမထောက်သေးဘူးလား"

ကဝေမယ်က...

"ကျွန်မ ဘာကြောင့် ဒူးထောက်ရမှာလဲ"

အဆိပ်လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

စန့်ကွမ်းရှောင်ထင်း ခေါင်းခါယမ်းလိုက်သည်။

"မင်း မတတ်နိုင်ပါဘူး"

သူ၏လက်ကို ဝှေ့ယမ်းလိုက်လျှင် လက်နက်ပုန်းလေးများ ပျောက်ကွယ်သွားတော့သည်။

ကဝေမယ်ကလည်း စန့်ကွမ်းရှောင်ထင်းအား မယှဉ်နိုင်မှန်းသိ၍ ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

စန့်ကွမ်းရှောင်ထင်းက...

"မင်းရဲ့ ပစ္စည်းကို မင်းပြန်ယူသွားဦး"

ဟု ပြောကာ ဖမ်းဆီးထားသော အဆိပ်လက်နက်ပုန်းလေးများကို ပြန်လည်ပစ်လွှင့်လိုက်လေသည်။

"ဟိတ်"

ကဝေမယ်က လေပေါ် ခုန်တက်ရှောင်တိမ်းလိုက်သော်လည်း အတွင်းအားသုံးကာ ပစ်ခတ်လိုက်ခြင်းကြောင့် အဆိပ်လက်နက်ပုန်းလေးများက အလွန်အရှိန် ပြင်းထန်နေခြင်းကြောင့် ကဝေမယ် လွတ်အောင် မရှောင်နိုင်တော့ပါချေ။

အဆိပ်လက်နက်ပုန်းလေးများ ထိမှန်သွားလျှင်...

"အမယ်လေး"

တစ်ချက်အော်ဟစ်ရင်း မြေပေါ်ဝုန်းခနဲ ပြုတ်ကျကာ အသက်ပျောက်သွားရှာလေတော့သည်။

* * *

စန္ဒကွမ်းရှောင်ထင်းက မြေပေါ် လဲကျကာ အသက်ပျောက်နေသော ကဝေမယ်ကို စိုက်ကြည့်လိုက်၏။

"ကဝေမယ်က သစ္စာဖောက်တယ်၊ ဘီလူးမညီးက ပျောက်နေတယ်"

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ် သိုင်းသမားတစ်ယောက်က လာရောက်သတင်းပို့လေသည်။

"ဆရာကျားလောက် ပျောက်ဆုံးနေပါတယ် ခင်ဗျာ"

စန္ဒကွမ်းရှောင်ထင်း သက်ပြင်းချလိုက်၏။



ကျားလောက်အား တစ်ယောက်ယောက်က ခေါ်သွားခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

အခြေအနေက ရှုပ်ထွေးသွားပြီ ဖြစ်သည်။

ထို့ကြောင့်...

ချိန်းထားသည့် အချိန် ရောက်အောင် မစောင့်နိုင်ဘဲ နေဝန်းဂိုဏ်းအား တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

## နောက်ဆုံးခြေလှမ်း

နေဝန်းဂိုဏ်း...။

နေဝန်းဂိုဏ်းချုပ်သည် စန့်ကွမ်းရှောင်ထင်းက အချိန်မရွေး ဒုက္ခပေးလာနိုင်ကြောင်း နားလည်ထားလေသည်။

ထို့ကြောင့် အစောင့်အကြပ်များ တင်းကြပ်စွာချထားကာ အန္တရာယ်ကို အချိန်မရွေး ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားလေသည်။

မည်သို့ဆိုစေ...

ဖုံးရှင်နှင့် ကဝေမယ်တို့ ပြန်ရောက်မလာကြသေးသဖြင့် အားလျော့နေမိလေသည်။

ဖုံးရှင်နှင့် လင်းကြိုင်တို့မှာ အရေးအကြောင်း ရှိလျှင် အားကိုးအားထား ပြုရသူများ မဟုတ်ပါလား။



နေဝန်းဂိုဏ်းချုပ်က ဖုံးရှင်ကို မျှော်နေသော်လည်း တကယ်တမ်း ရောက်ရှိလာသည်မှာ စန့်ကွမ်းရှောင်ထင်းတို့လူစု ဖြစ်ပါတော့သည်။

လက်ရွေးစင်သိုင်းသမား တစ်ယောက်က နေဝန်းဂိုဏ်းချုပ်ထံ လာရောက်သတင်းပို့လေသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား ငြိမ်းချမ်းကျေးရွာပိုင်ရှင် ရောက်လာပါတယ်"

"ကောင်းပြီ"

နေဝန်းဂိုဏ်းချုပ်သည် ဂိုဏ်းအဆောက်အဦးကြီး ရှေ့ရှိ မြေကွက်လပ်တွင် လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေ၏။

သူတစ်ယောက်ထဲ ရောက်ရှိလာခြင်း ဖြစ်လေသည်။

နေဝန်းဂိုဏ်းချုပ် အံ့သြသွား၏။

"ဂိုဏ်းချုပ်ကြီးတစ်ယောက်ထဲ ရောက်လာတာလားဗျာ"

စန့်ကွမ်းရှောင်ထင်းက...

"နေဝန်းဂိုဏ်းကိုလာတာ တပည့်တပန်းတွေ ခေါ်လာစရာမလိုဘူး ထင်ပါတယ်"

ထိုစကားကြောင့် နေဝန်းဂိုဏ်းချုပ် အောင့်သက်သက် ဖြစ်သွားသော်လည်း သည်းခံကာ...

"ဂိုဏ်းချုပ်ကြီး အထဲကို ကြွပါလားဗျာ"

စန့်ကွမ်းရှောင်ထင်းက...

"ကျုပ်က အလည်လာတာ မဟုတ်လို့ အထဲဝင်စရာ မလိုပါဘူးလေ"

"သြော် ဂိုဏ်းချုပ်ကြီးက အကြောင်းကိစ္စ ရှိလို့ လာခဲ့တာကိုး"

"ဟုတ်တယ်"

စန္ဒကွမ်းရှောင်ထင်းက...

"ခင်ဗျားဖမ်းဆီးထားတဲ့ ဘ်လူးမည်းနဲ့ ကျားလောက်ကို ပြန်လွှတ်ပေးရမယ်၊ ပြီးရင် နေဝန်းဂိုဏ်းက ကျုပ်ကို သစ္စာခံရမယ်"

ထိုစကားကြောင့် နေဝန်းဂိုဏ်းချုပ်က ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား၊ ဂိုဏ်းချုပ်ကြီးက ကျုပ်ကိုလာပြီး ကျီစယ်နောက်ပြောင်နေတာကိုး"

စန္ဒကွမ်းရှောင်ထင်းက...

"ကျုပ်က ကျီစယ်နေတာ မဟုတ်ဘူး၊ ကျုပ်ပြောတာကို လက်မခံရင် နေဝန်းဂိုဏ်းကို ဖျက်ဆီးပစ်ရလိမ့်မယ်"

နေဝန်းဂိုဏ်းချုပ် ခေါင်းညိတ်လိုက်သည်။

"ရပါတယ်၊ ခင်ဗျားဖျက်ဆီးနိုင်တယ်ဆိုရင် ဖျက်ဆီးပစ်လိုက်ပါ"

"သြော်"

စန္ဒကွမ်းရှောင်ထင်းက ရှေ့တိုးလာလေသည်။

"ရပ်လိုက်"



နေဝန်းဂိုဏ်းသားများက ချက်ချင်း ဝိုင်းရံဟန့်တားလိုက်ကြလေသည်။

နေဝန်းဂိုဏ်းချုပ်က အားလုံးကို နောက်ပြန်ဆုတ်ဖို့ အမိန့်ပေးရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင် စန္ဒကွမ်းရှောင်ထင်းက လက်တစ်ဘက် ဝှေ့ယမ်းလိုက်ရာ...

"အား"

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

နေဝန်းဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

နေဝန်းဂိုဏ်းချုပ် ဒေါသထွက်သွားလေသည်။

"ခင်ဗျားဟာ ဂိုဏ်းချုပ်တစ်ယောက် ဖြစ်ပြီး ကိုယ့်ထက် သိုင်းပညာနိမ့်တဲ့ လူတွေ အပေါ်မှာ ရက်စက်လှချည်လား"

ကိုယ်တိုင် ရှေ့ထွက်ကာ စန္ဒကွမ်းရှောင်ထင်းနှင့် ရင်ဆိုင်လိုက်လေသည်။ စန္ဒကွမ်းရှောင်ထင်းက...

"နေဝန်းဂိုဏ်းရဲ့ အပူအတွင်းအားပညာက အတော်နာမည်ကြီးပါတယ်၊ ကျုပ်လေ့လာကြည့်ရတာပေါ့"

ထို့နောက် ထိပ်သီးဂိုဏ်းချုပ်နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

နေဝန်းဂိုဏ်းချုပ်မှာ ထိပ်သီးသိုင်းသမားကြီးတစ်ဦး ဖြစ်လေသည်။

သို့သော် စန့်ကွမ်းရှောင်ထင်းအား မည်သည့်နည်းနှင့်မျှ အနိုင်ယူနိုင်မည် မဟုတ်ကြောင်း ကောင်းစွာနားလည်ထားလေသည်။

သူမျှော်လင့်ထားသည့်အတိုင်းပင် သိုင်းကွက်သုံးရာကျော်လျှင် ဆက်လက်မယှဉ်နိုင်တော့ဘဲ အရေးနိမ့်သွားလေသည်။

* * *

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

နေဝန်းဂိုဏ်းချုပ် အရေးနိမ့်သွားလေသည်။

နေဝန်းဂိုဏ်းချုပ် နောက်ဆုတ်သွားပြီး...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

စန့်ကွမ်းရှောင်ထင်းက...

"ကျုပ် ဘီလူးမည်းနဲ့ ကျားလောက်ကို မရရင်လဲ ကိစ္စမရှိပါဘူး၊ နေဝန်းဂိုဏ်းကို တစ်ယောက်မကျန် ရှင်းပစ်လိုက်ရင် ခင်ဗျားတို့ ဘာတတ်နိုင်ကြတော့မှာလဲဗျာ"

ထိုစဉ်...

"ကျုပ်က တတ်နိုင်ပါသေးတယ်"



စကားသံနှင့်အတူ ဖုံးရှင် ရောက်ရှိလာလေသည်။

စန့်ကွမ်းရှောင်ထင်းက...

"လူကျန်းဖုံး၊ မင်းရောက်လာပြီကိုး"

ဖုံးရှင်က...

"ဟုတ်တယ်၊ ခင်ဗျားက ဆရာ့ကို အကောက်ကြံခဲ့တာ ကျုပ်သိပြီးပြီ"

စန့်ကွမ်းရှောင်ထင်းက...

"အပိုတွေ ပြောမနေနဲ့ ငါ့ကို ဒုက္ခပေးဖို့ ကြံစည်နေတဲ့ မင်းကို သည်တစ်ခါ ချမ်းသာမပေးနိုင်တော့ဘူး"

ဖုံးရှင်က...

"ကျုပ်ဒုက္ခရောက်သွားလဲ အရေးမကြီးပါဘူး၊ ခုဆိုရင် ဘီလူးမည်းနဲ့ ကျားလောက်က ဝန်ခံလိုက်လို့ ခင်ဗျားရဲ့အကြောင်းကို သိုင်းလောကတစ်ခုလုံးက သိသွားပါပြီ၊ ခင်ဗျားဟာ သိုင်းလောကမှာ ဆက်ပြီး ရပ်တည်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"

စန့်ကွမ်းရှောင်ထင်း ပိုပြီး ဒေါသထွက်သွား၏။

"မင်းကို အရင်သတ်မယ်၊ ပြီးရင် သိုင်းလောကတစ်ခုလုံးကို ဖျက်ဆီးပစ်မယ် မှတ်ထား"

ထို့နောက် ဖုံးရှင်ထံ ခုန်ဝင်တိုက်ခိုက်လာလေတော့သည်။

ဖုံးရှင်လည်း အံတင်းတင်းကြိတ်ကာ ရင်ဆိုင်လိုက်လေသည်။

သို့သော်...

သိုင်းပညာမြင့်မားလှသည့် စန့်ကွမ်းရှောင်ထင်းအား မယှဉ်တော့ပါ။

"ဝုန်း"

ဖုံးရှင် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

ဖုံးရှင်၏နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေ၏။

ဖုံးရှင်က မြေပေါ်မှ လူးလိမ့်ထရင်း ထပ်မံရင်ဆိုင်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ဆရာကိုယ်တိုင် သူ့ကို ယှဉ်စရာ မလိုပါဘူး၊ တပည့် ဆုံးမပြပါ့မယ်"

စကားသံနှင့်အတူ လင်းကြိုင် ပြေးလွှားရောက်ရှိလာလေသည်။

ဖုံးရှင်က...

"လင်းကြိုင်၊ မင်းပညာ မစုံသေးဘဲ"

"ကျွန်တော် သိုင်းကွက်အားလုံးကို လေ့ကျင့်အောင်မြင်ခဲ့ပါပြီ ဆရာ"

လင်းကြိုင်၏စကားကြောင့် ဖုံးရှင် ဝမ်းသာသွားလေတော့သည်။



လင်းကြိုင်က ရှေ့တိုးကာ စန့်ကွမ်းရှောင်ထင်းနှင့် ရင်ဆိုင်လိုက်လေသည်။

"ခင်ဗျားဟာ ဟုန်ရွှက်ရဲ့အဖေ ဖြစ်ပေမယ့် သိုင်းလောကကို ဒုက္ခပေးနေတာကြောင့် ခင်ဗျားကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့..."

သူ စကားဆုံးအောင် မပြောလိုက်ရပါ။

"ယား"

စန့်ကွမ်းရှောင်ထင်းက ခုန်ဝင်တိုက်ခိုက်လာခြင်းကြောင့်ဖြစ်လေသည်။

"သတိထား"

ဖုံးရှင်က အော်ဟစ်သတိပေးလိုက်လေသည်။

လင်းကြိုင်လည်း ကပျာကယာ လက်ဝါးနှစ်ဘက် ဆန့်ထုတ်ကာ ခုခံရင်ဆိုင်လိုက်လေသည်။

သူ၏လက်ဝါးနှစ်ဘက်နှင့် စန့်ကွမ်းရှောင်ထင်း၏ လက်ဝါးနှစ်ဘက် ဆုံတွေ့မိလိုက်လေသည်။

"ဖတ်"

လက်ဝါးလေးဘက် ဆုံတွေ့မိလိုက်လျှင် လင်းကြိုင်၏လက်ဝါးတစ်ဘက်မှ အပူစွမ်းအား ကျန်လက်ဝါးတစ်ဘက်မှ အအေးစွမ်းအား မတူညီသော စွမ်းအားကြီးနှစ်ခု ထွက်ပေါ်လာသဖြင့် စန့်ကွမ်းရှောင်ထင်း မျက်လုံးပြူးသွားလေတော့သည်။

ထိုစွမ်းအားများသည် ထိကပ်ထားသော လက်ဝါးများမှ

တဆင့် သူ၏ခန္ဓာကိုယ်ထဲ စီးဝင်လာလေသောအခါ စန့်ကွမ်းထင်းက အစွမ်းကုန် ခုခံဟန့်တားပါသော်လည်း တားဆီး၍ မရနိုင်တော့ဘဲ...

"ဝုန်း"

"အား"

စန့်ကွမ်းရှောင်ထင်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟေး"

လင်းကြိုင် ဝမ်းသာအားရ ဟစ်ကြွေးလိုက်လေတော့သည်။

* * *

ဘီလူးမည်းနှင့် ကျားလောက်တို့၏ ထုတ်ဖော်ဝန်ခံမှုကြောင့် စန့်ကွမ်းရှောင်ထင်းမှာ ရေမြေ့ရှင်ဂိုဏ်းအား လျှို့ဝှက်ထူထောင်ခဲ့သူ ဖြစ်ကြောင်း ပေါ်ပေါက်သွားလေသည်။

ငြိမ်းချမ်းကျေးရွာမှ လူများလည်း ကစဉ့်ကလျား ထွက်ပြေးသွားကြသဖြင့် ငြိမ်းချမ်းကျေးရွာ ပျက်စီးပြိုကွဲသွားလေသည်။

စန့်ကွမ်းရှောင်ထင်းနှင့် ငြိမ်းချမ်းကျေးရွာ ပြိုကွဲသွားခြင်းကြောင့် သိုင်းလောက အေးချမ်းသာယာသွားလေတော့သည်။

* * *



ဖုံးရှင်(ဝါ)လုကျန်းဖုံးသည် ဆရာဖြစ်သူအတွက် တာဝန်ကျေပြီဖြစ်၍ ဝမ်းသာမဆုံး ဖြစ်နေ၏။

မြေတိုက်ခန်းထဲ၌ သံကြိုးများဖြင့် ချည်နှောင်ကာ အဖမ်းခံထားရသူမှာ ဖုံးရှင်၏ဆရာပင် ဖြစ်လေသည်။

လင်းကြိုင်၏ ပြောပြချက်အရ ဆရာဖြစ်သူ အသက်ရှင်နေသေးကြောင်း သိရလျှင် ဆရာကို ကယ်တင်ရန် ဖုံးရှင်က ထွက်ခွာသွားလေသည်။

လင်းကြိုင်မှာ စန့်ကွမ်းရှောင်ထင်းကို ဆုံးမနိုင်ခဲ့သဖြင့် သိုင်းလောက သူရဲကောင်း ဖြစ်လာလေသည်။

သို့သော်...

လင်းကြိုင်က သိုင်းလောကသားဘဝကို သဘောမကျ၍ အိမ်ပြန်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ် သူ့ထံသို့ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။

မေကျင်းနှင့် ချူးရှောင်တို့ ဖြစ်သည်။

ချူးရှောင်ကလည်း စန့်ကွမ်းရှောင်ထင်း၏ မကောင်းမှုများကို သိရှိသွားပြီးနောက် သိုင်းလောကသားများနှင့် ပူးပေါင်းခဲ့လေသည်။

ယခု...

ချူးရှောင်သည် နှိုကိုးရာမဲ့နေသော မေကျင်းအား တစ်သက်လုံး စောင့်ရှောက်သွားတော့မည် ဖြစ်လေသည်။

ချူးရှောင်က...

"နောင်ကြီးလင်းကြိုင်ကို ကျုပ်တို့ လိုက်ရှာနေတာ လူတစ်ယောက်အကြောင်း ပြောပြချင်လို့ပါ"

လင်းကြိုင်က...

"ဘယ်သူ့အကြောင်းများလဲဗျာ"

"ညီမလေးဟုန်ရွက် အကြောင်းပါ"

"ဟင်..သူ..သူက"

"သူက နောင်ကြီးကို စောင့်မျှော်နေပါတယ်ဗျာ"

ထိုစကားကြားလျှင် လင်းကြိုင် ဝမ်းသာသွားလေသည်။

"သူ..သူ..ဘယ်မှာလဲ

ချူးရှောင်က ဟုန်ရွက်ရှိနေသောနေရာကို ပြောပြလိုက်လေသည်။

ဤတွင်...

လင်းကြိုင်သည် ချူးရှောင်တို့ကိုပင် နှုတ်ဆက်ခြင်း မပြုဘဲ ကပျာကယာ ပြေးလွှားသွားလေတော့သည်။

ပြီးပါပြီ။

3/24/7 3/7/2
1/8/2
4/31/7 20/10/2
10/3/9 6/11/2
7/20/7 2/16/2
[illegible] 13/18/2
5/28/2
7/28/2
8/18/3